# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၁၂ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၁၀၄)


# တိုင်းရင်းဆေးပညာရဲ့ သမားစဉ် ကုထုံးနည်းစနစ်များနဲ့ အစွမ်းထက်ဆေးဝါးတွေကို ရောဂါအလိုက် ရှာဖွေ မြန်မာ့တိုင်းရင်းဆေးပညာအဆင့်အတန်းကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်နိုင်ရေး ပိုမိုပူးပေါင်းဆောင်ရွက်

## နိုင်ငံတော်သမ္မတ ဦးထင်ကျော် (၁၈) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံနှင့် နှီးနှောဖလှယ်ပွဲသို့ ပေးပို့သည့် ဂုဏ်ပြုသဝဏ်လွှာ

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်

မြန်မာ့တိုင်းရင်းဆေးသမားတော်များ တစ်နှစ်တစ်ကြိမ် ချစ်ကြည်ရင်းနှီးစွာ ဆုံတွေ့ကြတဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နှီးနှောဖလှယ်ပွဲ မင်္ဂလာအခါသမယမှာ မြန်မာပြည်သူပြည်သားတိုင်း ကျန်းမာကြံ့ခိုင်ရေးဆိုတဲ့ လူမှုသုခကို မြန်မာ့တိုင်းရင်းဆေးပညာနဲ့ ဖြည့်ဆည်းပေးစွမ်းနိုင်ရေးအတွက် ဆွေးနွေးဖလှယ်ညှိနှိုင်းတိုင်ပင်ကြမယ့် မြန်မာ့တိုင်းရင်းဆေးသမားတော်များအားလုံး နှလုံးစိတ်ဝမ်းကြည်သာ ချမ်းမြေ့ရှိကြပါစေကြောင်း လှိုက်လှဲစွာမေတ္တာပို့သအပ်ပါတယ်။

မြန်မာ့တိုင်းရင်းဆေးပညာနဲ့ တိုင်းရင်းဆေးဝါးများ အဆင့်အတန်းမြင့်မားတိုးတက်ရေး၊ မြန်မာ့တိုင်းရင်းဆေးဆရာတို့ရဲ့ ကျင့်ဝတ်သိက္ခာ မြင့်မားရေးနဲ့ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူများရဲ့ကျန်းမာရေးကို ပိုမိုစောင့်ရှောက်မှုပေးနိုင်ရေး ဟူသော မွန်မြတ်တဲ့ ဦးတည်မျှော်မှန်းချက်များနဲ့အညီ ခရစ်သက္ကရာဇ် (၂၀၀၀) ပြည့်နှစ်မှစပြီး မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကို နှစ်စဉ် အစဉ်အလာ

စာမျက်နှာ ၃ ကော်လံ ၁ ◆

# ဒုတိယသမ္မတ ဦးမြင့်ဆွေ ကမ္ဘောဒီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိ




ဒုတိယသမ္မတ ဦးမြင့်ဆွေအား နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ဇန်နဝါရီ ၁၀ ရက်တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေး နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ယနေ့ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ကမ္ဘောဒီးယားနိုင်ငံ ပြည်သူ့လုပ်ငန်းနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Sun Chanthol နှင့် တာဝန်ရှိသူများက ဖနောင်ပင် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

## လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်နှင့်ဇနီးတို့ မကြာမီကာလအတွင်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးလာမည်

**နေပြည်တော် ဇန်နဝါရီ ၁၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့၏ ဖိတ်ကြားချက်အရ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ထောင်လွန်း ဆီဆုလစ်နှင့် ဇနီး မစ္စစ် နယ်လီ ဆီဆုလစ် တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသို့ မကြာမီကာလအတွင်း တရားဝင်ချစ်ကြည်ရေးခရီး လာရောက်မည်ဖြစ်သည်။ **သတင်းစဉ်**

## ရခိုင်ပြည်နယ်တွင် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်သွားမည်

စာ ၁၁

## တရုတ်နိုင်ငံက နော်ဒစ်နှင့် ဘော်လ်တစ်ဒေသနိုင်ငံများနှင့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေး

စာ ၁၄




မြန်မာ့အလင်း

# လက်ခတ်သံ၏ မင်္ဂလာပုံရိပ်များ

အိမ်နီးချင်းနိုင်ငံမှ ဝင်လာသော ပုဆိုးချုပ်ထည်တို့ကြောင့် မြန်မာ့ရက်ကန်းလုပ်ငန်းအပေါ် အကြီးအကျယ်စိန်ခေါ်မှုတို့ သက်ရောက်နေသည်ဟူသော စိတ်မချမ်းမြေ့စရာ သတင်းတို့ကို ကြားသိရပါသည်။ မိုင်ပေါင်းများစွာဖြတ်သန်းလာသော အိမ်နီးချင်းနိုင်ငံ၏ ပုဆိုးချုပ်ထည်တို့က ပြည်တွင်းဈေးကွက်၌ အဘယ်ကြောင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသည်ကို အသေအချာအလေးအနက် လေ့လာရန်လိုအပ်ပါသည်။ အသေအချာလိုအပ် နေသည်မှာ မြန်မာ့ရက်ကန်းတို့၏ စွမ်းဆောင်ရည်မြှင့်တင်ရေးဖြစ်ပါသည်။

မြန်မာ့ရက်ကန်းလုပ်ငန်း တိုးတက်စေရန် ရည်ရွယ်၍ “ လက်ခတ်သံ” ဟု အမည်ပေးထားသော သုံးနှစ်ကြာစီမံကိန်းတစ်ရပ်ကို အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ဗြိတိသျှကောင်စီနှင့် **Swiss Agency for Development and Cooperation** တို့က ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိပါသည်။ “လက်ခတ်သံ” စီမံကိန်း၏ ရည်မှန်းချက်တို့ကို လေ့လာပါက မြန်မာနိုင်ငံ၏လက်ရက်ကန်းကဏ္ဍပိုမိုအားကောင်းလာစေရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် သုံးသပ်ဆောင်ရွက်ထားသည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။ဤလုပ်ငန်းစီမံကိန်းအရ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများရှိ လက်ရှိသင်ရိုးညွှန်းတမ်းများကို လေ့လာသုံးသပ်၍ လိုအပ်ချက်နှင့်အညီ အဆင့်မြှင့်တင်သွားမည်ဖြစ်ပါသည်။ ထို့အတူ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများမှ ဆရာ ဆရာမများ၏ အရည်အသွေး ပိုမိုမြင့်မားလာရေးကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ယခုစီမံကိန်းက ပညာသင်ကြားရေး ကာလတွင် ဤကဲ့သို့ ဆောင်ရွက်ပေးသည် သာမက ရက်ကန်းကျောင်းဆင်းတို့ကိုလည်း လုပ်ငန်းခွင်ကျွမ်းကျင်မှုရှိစေရန် အထည်အလိပ်လုပ်ငန်းရှင်များနှင့် ကွန်ရက်ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

အဆိုပါ “လက်ခတ်သံ” စီမံကိန်း၏ ခြေလှမ်းတစ်ရပ်အနေဖြင့် ဗြိတိသျှကောင်စီက အလုပ်ရုံဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပသွားမည်ဖြစ်ပါသည်။ ဤအလုပ်ရုံဆွေးနွေးပွဲကို ဗြိတိသျှကောင်စီနှင့် အတူ ဗြိတိန်နိုင်ငံရှိ **Plymouth College of Art (PCA)** နှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့က ကူညီပံ့ပိုးဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အမရပူရမြို့ ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံ၌ ကျင်းပမည် ဖြစ်ပါသည်။ အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်သည် အထည်အလိပ်ဒီဇိုင်း တီထွင်ဖန်တီးနိုင်ရေးနှင့် သင်ကြားရေးနည်းလမ်းဆိုင်ရာ သင်ရိုးညွှန်းတမ်းရေးဆွဲနိုင်ရေးတို့ ဖြစ်ပါသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲ၏ ရည်ရွယ်ချက်များကို ပုံဖော်ရာ၌လည်း အနောက်တိုင်းဈေးကွက်များကို နားလည်စေရေးအပါအဝင် ရိုးရာဒီဇိုင်းပုံစံများကိုဈေးကွက်လိုအပ်ချက်နှင့်အညီ ပြုပြင်နိုင်ရေးတို့ပါဝင်သည်ဖြစ်၍ မြန်မာ့ရက်ကန်းလုပ်ငန်း၏ စွမ်းဆောင်ရည်ကို ထိထိရောက်ရောက် မြှင့်တင်နိုင်မည်ဖြစ်ပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## ကရင်ပြည်နယ်အတွင်း နိုင်ငံခြားသားဝင်ရောက်မှု များပြား

**ဘားအံ ဇန်နဝါရီ ၁၁**

ကရင်ပြည်နယ်အတွင်းသို့ နိုင်ငံခြားသားဝင်ရောက်လည်ပတ်မှု ယခင်နှစ်ကထက် ယခုနှစ်ကုန်ပိုင်းအထိ ပိုမိုများပြားလာကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာန ဘားအံရုံးခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းကျော်က ပြောသည်။

“ကရင်ပြည်နယ်အတွင်း ပြည်ပခရီးသွားဧည့်သည် ဝင်ရောက်မှုက အရင်နှစ်တွေကထက် ဒီနှစ်ပိုများလာတယ်၊ မနှစ်ကနဲ့ ဒီနှစ်နှစ်ကုန်ပိုင်းအထိ နှိုင်းယှဉ်ကြည့်ရင်တော့ ထက်ဝက်နီးပါးခန့် ပိုမိုဝင်ရောက်လာတာကို တွေ့ရတယ်” ဟု ၎င်းက ပြောသည်။

ပြည်ပနိုင်ငံခြားသား ခရီးသွားများဝင်ရောက်မှုအများဆုံးမှာ ပြင်သစ်နိုင်ငံသားများဖြစ်ပြီး ဂျာမနီနှင့် တရုတ်နိုင်ငံသားများလည်း အများဆုံးဝင်ရောက်လျက်ရှိကြောင်း၊ ပြည်နယ်အတွင်းသို့ ပြည်ပနိုင်ငံပေါင်း ၆၉ နိုင်ငံခန့် လာရောက်လည်ပတ်လျက်ရှိပြီး ၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းဧည့်သည် ၆၀၄၃၂၉ ဦး ဝင်ရောက်ခဲ့ကြောင်း သိရသည်။

ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန်အတွက် ၂၀၁၈ ခုနှစ်တွင် ဟိုတယ်ဝန်ထမ်းများအား ပြည်ပနိုင်ငံခြားသားများ လာရောက်တည်းခိုရာတွင် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် ဧည့်လမ်းညွှန်သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းများ ဖွင့်လှစ်သင်ကြားပေးရန်နှင့် ဟိုတယ်နှင့် ဧည့်ရိပ်သာများတွင် မီးဘေးအန္တရာယ် ကင်းရှင်းနိုင်ရေးသင်တန်းများပေးမည် ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောသည်။

ပြည်ပမှ ဝင်ရောက်လာကြသော နိုင်ငံခြားသားခရီးသွားများသည် ဘားအံမြို့နယ်အတွင်းရှိ ဘုရင့်ညီဂူ၊ ခရုံဂူ၊ ရသေ့ပုံဂူ၊ ကော့ကသောင်ဂူ၊ ဆဒ္ဒန်ဆင်မင်းဂူ၊ ဇွဲကပင်တောင်၊ ကန်သာယာ ရွှေယဉ်မျှော်ဘုရား၊ ကျောက်ကလပ်ဘုရားနှင့်ထူးခြားသော နေရာများသို့ သွားလာ လည်ပတ်လျက်ရှိကြောင်း၊ ပြည်ပခရီးသွားများအား ဘားအံမြို့နယ်နှင့် မြဝတီမြို့နယ်အတွင်းသို့ သွားလာလည်ပတ်ရန် ခွင့်ပြုပေးထားပြီး အခြားသောမြို့နယ်များသို့သွားရောက်ရန် ခွင့်ပြုပေးထားခြင်းမရှိကြောင်း သိရသည်။

နိုင်ငံခြားသားခရီးသွားများသည် ကရင်ပြည်နယ်အတွင်း ၂၀၁၆ ခုနှစ်၌ ၁၅၉၇၄၉ ဦးဝင်ရောက်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ၂၂၅၃၀၀ ဝင်ရောက်ခဲ့ကြောင်း သိရသည်။ **မင်းရာဇာ(မြစ်ကြီးနား)**

# ဟူးကောင်းမြေက နှစ် ၇၀ ပြည့် ကချင်ပြည်နယ်နေ့ မနောပွဲသို့ လူဦးရေ ၃၀၀၀ ကျော်ပါဝင်ခဲ့



**ကာမိုင်း ဇန်နဝါရီ ၁၁**

နှစ် ၇၀ ပြည့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲတော် အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ကာမိုင်းမြို့ ကောင်ရာကျေးရွာတွင် ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကာမိုင်းမြို့ ကချင်ရိုးရာယဉ်ကျေးမှုနှင့်စာပေအဖွဲ့ချုပ်ကော်မတီမှ ဦးဆောင်ကာ မနောအကဖြင့် အခမ်းအနား ဖွင့်လှစ်ခဲ့သည်။

ထို့နောက် မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ကချင်ရိုးရာယဉ်ကျေးမှုနှင့်စာပေအဖွဲ့ချုပ်ကော်မတီအဖွဲ့ဝင်များက ရိုးရာဝတ်စုံနှင့်လာရောက်ကြသော တိုင်းရင်းသားများနှင့်အတူ မနောအကတွင် ပါဝင်ခဲ့ကြသည်။

အခမ်းအနားသို့ ကချင်တိုင်းရင်းသားများဖြစ်ကြသည့် မန်မော်၊ ခနူး၊ မရူ၊ ဇိုင်ဝါး၊ ရဝမ်၊ လီဆူစသည့် တိုင်းရင်းသားများနှင့်အတူ ရှမ်းကြီး၊ ရှမ်းနီ၊ ခန္တီးရှမ်းစသည့် ရှမ်းတိုင်းရင်းသားများ၊ ဗမာ၊ ရခိုင်၊ ကရင်စသည့် တိုင်းရင်းသားများအပါအဝင် စုစုပေါင်း ၃၀၀၀ ကျော်ပါဝင်ခဲ့ကြကြောင်း သိရသည်။ ဟူးကောင်းတောင်ကြားလမ်းတွင် ပါဝင်သည့် ကာမိုင်းမြို့၏ နှစ် ၇၀ ပြည့် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် မနောပွဲမှသည် ကချင်ပြည်နယ်အတွင်း နေထိုင်ကြသော တိုင်းရင်းသားပေါင်းစုံ အတူတကွနေထိုင်နိုင်ရေး ငြိမ်းချမ်းရေးလမ်းကြောင်းများ ပွင့်လင်းလာစေရန် မျှော်လင့်မိပါကြောင်း ဒေသခံတိုင်းရင်းသားတစ်ဦးက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

# ကားလမ်းမပေါ် ရောက်နေသော ဓာတ်တိုင်များ ပြောင်းရွှေ့ဆောင်ရွက်ပြီးစီး

**သုဝဏ္ဏဝတီမြို့ ဇန်နဝါရီ ၁၁**

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ (ထင်သာမြင်သာပြုပြင်စရာ) ၌ ဖော်ပြပါရှိသော **ကားလမ်းမပေါ် ရောက်နေသော ဓာတ်တိုင်များ ပြောင်းရွှေ့ပေးစေလို** ဆိုသည့် ပြည်သူများ၏ ဆန္ဒများအတိုင်း သက်ဆိုင်ရာတာဝန်ရှိသူများက ဇန်နဝါရီ ၁၁ ရက်က နေ့ချင်းပြီး လာရောက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မွန်ပြည်နယ် သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်အဝင်ရှိ ရန်ကုန် - မော်လမြိုင် အဝေးပြေးကားလမ်းမပေါ်သို့ ရောက်ရှိနေသော ဓာတ်တိုင်သုံးတိုင်အား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း သုဝဏ္ဏဝတီမြို့ လျှပ်စစ်အင်ဂျင်နီယာရုံးမှ မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးခိုင်မင်းဦး နှင့် လျှပ်စစ်ဝန်ထမ်းများက ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်များ ကင်းဝေးစေရေးအတွက် အချိန်နှင့်တစ်ပြေးညီ နေ့ချင်းပြီး လာရောက်ပြောင်းရွှေ့ ဆောင်ရွက်ပေးခဲ့သောကြောင့် ဒေသခံများက ကျေနပ်ဝမ်းမြောက်နေကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၁-၁-၂၀၁၈

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၂၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၇၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၈၀၀/၈၂၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၉၅/၈၁၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၄၀/၈၅၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၄၉ ·၀ |
| ဥရောပ | တစ်ယူရို | ၁၆၀၉ ·၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၀၉ ·၁ |
| ထိုင်း | တစ်ဘတ် | ၄၁ ·၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁ ·၁ |
| တရုတ် | တစ်ယွမ် | ၂၀၆ ·၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၆ ·၂ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

◆ ရှေ့ဖုံးမှ

မပျက်အောင်မြင်စွာ ကျင်းပလာခဲ့ရာမှာ ဒီနှစ်မှာ တစ်ဆယ့်ရှစ်ကြိမ်သို့တိုင် ခရီးဆက်နိုင်ခဲ့ကြပြီးဖြစ်လို့ ဝမ်းမြောက်ဝမ်းသာ ဂုဏ်ယူဖွယ်အတိ ဖြစ်ပါတယ်။

(၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် နီးနှော ဖလှယ်ပွဲကိုလည်း တစ်ဆက်တည်း ကျင်းပပြုလုပ်ကြမှာဖြစ်ပြီး နီးနှောဖလှယ်ပွဲကို ကျင်းပရာမှာ မြန်မာ့တိုင်းရင်းဆေးပညာရဲ့ သမားစဉ်ကုထုံး နည်းစနစ်များနဲ့ အစွမ်းထက်ဆေးဝါးတွေကို ရောဂါအလိုက် ရှာဖွေဖော်ထုတ်ပြီး တိုင်းရင်းဆေးရုံများနဲ့ တိုင်းရင်းဆေးကုဌာနတွေမှာ လက်တွေ့အသုံးချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ဖို့၊ မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနဲ့ ပိုမိုပူးပေါင်းဆောင်ရွက်ဖို့၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးပညာပေးခြင်းကို အိမ်ရှင်မများထံ ရောက်ရှိအောင် ဆောင်ရွက်ပေးဖို့၊ နယကြီး(၄)ပါးကို အခြေခံတဲ့ မြန်မာ့တိုင်းရင်းဆေးပညာကုထုံး နည်းစနစ်များကို အမျိုးသားရေးအမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်နဲ့ ခေတ်အဆက်ဆက် တိုင်းရင်းဆေးပညာသင်ကြားရေးနည်းစနစ်ကို ဆန်းစစ်သုံးသပ်ပြီး မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ပြန့်ပွားရေးစတဲ့ ရည်ရွယ်ချက်များ ပြည့်မီလာရေးအတွက် တိုင်းရင်းဆေးပညာရှင်များ အားလုံးနဲ့ နီးနွှယ်ပညာရှင်များအားလုံးတို့က ဝိုင်းဝန်းဆွေးနွေးညှိနှိုင်း ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါတယ်။

ဒီနေ့ကမ္ဘာကြီးမှာ သဘာဝသစ်သီးသစ်ဥများနဲ့ နွယ်မြက်သစ်ပင်တွေကို အခြေခံတဲ့ ဘယဆေးပညာရပ်များဟာ ဘေးထွက်ဆိုးကျိုးနည်းပါးပြီး အာနိသင်ထက်မြက်ခြင်းတို့ကြောင့် အထူးအလေးထားပြီး ကျယ်ကျယ်ပြန့်ပြန့် မြှင့်တင်ဆောင်ရွက်နေကြတာကို တွေ့ရှိနေရပါတယ်။ မြန်မာ့တိုင်းရင်းဆေးပညာရှင်များအနေနဲ့လည်း မိမိတို့ တတ်မြောက်ထားတဲ့ ပညာရပ်များ တိမ်မြုပ်ပျောက်ကွယ်မသွားစေရန်နဲ့ တစ်ဦးရဲ့ အသိပညာများနဲ့ အခြားတစ်ဦးရဲ့ အသိပညာများကိုလည်း အချင်းချင်းဆွေးနွေး ဖလှယ်ပေါင်းစပ်ကာ ကုထုံးများ ထုတ်ဖော်ကြရမှာ ဖြစ်ပါတယ်။ ဒ့ါအပြင် ကပ်ရောဂါအသွင်ဆောင်တဲ့ ရောဂါအသစ်တွေကို ဘေးထွက်ဆိုးကျိုးနည်းပါးပြီး သဘာဝအပေါ် အခြေခံတဲ့ မြန်မာ့တိုင်းရင်းဆေး ကုထုံးနည်းသစ်များနဲ့ မြန်မာ့တိုင်းရင်းဆေးပညာရဲ့ ရောဂါကြိုတင်ကာကွယ်ရေးနည်းလမ်းတွေကိုလည်း ပြည်သူတွေထံ ကျယ်ကျယ်ပြန့်ပြန့်ရောက်ရှိ အသုံးပြုနိုင်ကြစေဖို့ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ မတူကွဲပြားမှုများထဲက အကောင်းဆုံးရလဒ်ကုထုံးကုကွက်များကိုလည်း ဝေမျှဆွေးနွေးကြရန် လိုအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာ့တိုင်းရင်းဆေးသမားတော်များရဲ့ပခုံးထက်သို့ ရောက်ရှိနေတဲ့ မြန်မာ့တိုင်းရင်းဆေးလောက ဂုဏ်သိက္ခာ အဆင့်အတန်းမြင့်မားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ဖို့ ကျင်းပတဲ့ (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံကြီးရဲ့ မျှော်မှန်းချက်များနဲ့ နီးနှောဖလှယ်ပွဲ ရည်မှန်းချက်တွေ အောင်မြင်ပါစေ၊ စည်းလုံးညီညွတ်စွာ ဆွေးနွေး၊ ညှိနှိုင်း၊ တိုင်ပင်၊ နီးနှောနိုင်ကြပါစေ၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ပြည်သူလူထုရဲ့ကျန်းမာရေးကို တိုးမြှင့်စောင့်ရှောက်ပေးနိုင်ပါစေလို့ ဆန္ဒပြုရင်း သဝဏ်လွှာပေးပို့အပ်ပါတယ်။

**“မြန်မာ့တိုင်းရင်းဆေးပညာရှင်များအနေနဲ့လည်း မိမိတို့ တတ်မြောက်ထားတဲ့ ပညာရပ်များ တိမ်မြုပ်ပျောက်ကွယ်မသွားစေရန်နဲ့ တစ်ဦးရဲ့ အသိပညာများနဲ့ အခြားတစ်ဦးရဲ့ အသိပညာများကိုလည်း အချင်းချင်းဆွေးနွေး ဖလှယ်ပေါင်းစပ်ကာ ကုထုံးများ ထုတ်ဖော်ကြရမှာဖြစ်”**

❖ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယသမ္မတ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၃ နာရီတွင် နေပြည်တော်သို့ ရောက်ရှိကြရာ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ်၊ ဗိုလ်ချုပ်သန်းထွဋ်၊ ဦးကျော်မျိုး၊ ဦးဝင်းမော်ထွန်းနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

### ပူးပေါင်းဆောင်ရွက်

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ် (Mekong-Lancang Cooperation-MLC)ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ အဖွဲ့ဝင်အဖြစ်ပါဝင်ပြီး မဲခေါင်ဒေသတွင်း နိုင်ငံရေး၊ လုံခြုံရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်တစ်ခုအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### စတင်တည်ထောင်

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်သည် ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၁၃ ရက်တွင် နေပြည်တော်၌ ကျင်းပခဲ့သည့် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေး၌ မဲခေါင်-လန်ချန်း ဒေသခွဲအတွင်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရှိရေးအတွက် မဲခေါင်-လန်ချန်းနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြရန် ၂၀၁၆ ခုနှစ်က စတင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်မှာ ဒေသတွင်းနိုင်ငံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုရန်၊ ပြည်သူများ၏ သာယာဝပြောမှုကို တိုးမြှင့်ပေးရန်၊ ဖွံ့ဖြိုးတိုးတက်မှုကွာဟချက် လျှော့ချရန်နှင့် အာဆီယံအသိုက်အဝန်းတည်ထောင်မှုကို ထောက်ကူပေးရန်၊ ကုလသမဂ္ဂ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် ၂၀၃၀ ရည်မှန်းချက်ကို တိုးမြှင့်အကောင်အထည်ဖော်ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်ရေးကို တိုးမြှင့်သွားရန် ရည်ရွယ်ချက်တို့ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ အကောင်အထည်ဖော်ရန်အတွက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ရန်ပုံငွေအဖြစ် ဒေါ်လာသန်း ၃၀၀ ဖြင့် မတည်တည်ထောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### အတည်ပြုချမှတ်

ယခု ဒုတိယအကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံ့ခေါင်းဆောင်များ အစည်းအဝေးတွင် ဖနောင်ပင်ကြေညာစာတမ်းကို ထုတ်ပြန်ပြီး မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ငါးနှစ်တာ လုပ်ငန်းအစီအစဉ် (၂၀၁၈-၂၀၂၂)၊ မြန်မာနိုင်ငံမှ စီမံကိန်း၁၀ခု အပါအဝင် မဲခေါင်-လန်ချန်းနိုင်ငံများအကြား ပူးပေါင်းအကောင်အထည်ဖော်မည့် စီမံကိန်း ၂၁၄ ခုအတွက် အတည်ပြုချမှတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၁၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၁-၁-၂၀၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၃ တွင်ပါရှိသော “မန္တလေး-မူဆယ် ကုန်သွယ်မှုလမ်းကြောင်းပိတ်ဆို့မှု ရှင်းလင်းရေးနှင့် လျင်မြန်ချောမွေ့စေရေးလုပ်ငန်းညှိနှိုင်း ” သတင်းခေါင်းစဉ်ပါ သတင်းစာသားတွင် ပါရှိသောOriental House Co.,Ltd စာသား**အစား** Oriental Highway Co., Ltd ဟုပြင်ဆင်ဖတ်ရှုပေးပါရန်။

**(စီးပွား/ကူးသန်း)**

# ရန်ကုန်မိုးပျံလမ်းစီမံကိန်းအတွက် ဘဏ္ဍာရေးအကြံပေး ဝန်ဆောင်မှုများဆိုင်ရာ သဘောတူစာချုပ် ချုပ်ဆို

**နေပြည်တော် ဇန်နဝါရီ ၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် International Finance Corporation (IFC) တို့ ပူးပေါင်းဆောင်ရွက်မည့် Financial Advisory Services Agreement (FASA) for Yangon Elevated Expressway Project လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဦးအုန်းလွင်၊ လမ်း/တံတားဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ IFC မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ချိတ်ဆက်မည့် စီမံကိန်း

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရန်ကုန်မြို့၌ ၂၀ ဒသမ ၅ ကီလိုမီတာအရှည် လေးလမ်းသွားတောင်-မြောက် Elevated Expressway Toll Road စီမံကိန်း PPP အစီအစဉ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးနှင့် စီမံခန့်ခွဲမှုများကို ဆောင်ရွက်သွားမည်ဖြစ်သည့်အတွက် ကမ္ဘာ့ဘဏ်၏ အဖွဲ့ဝင်တစ်ခုဖြစ်သော International Finance Corporation (IFC) ကို Advisory Transaction ဆိုင်ရာများကို ငှားရမ်းဆောင်ရွက်သွားစေမည်ဖြစ်ကြောင်း၊ ယခုလိုဆောင်ရွက်ခွင့်ရရှိရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများကိုလည်း အကြိမ်ကြိမ်ဆောင်ရွက်ခဲ့ရကြောင်း၊ အစိုးရအဖွဲ့ရုံးအဆင့်ဆင့်ကို တင်ပြပြီး ခွင့်ပြုချက်ရရှိခဲ့သဖြင့် ယခုလို လက်မှတ်ရေးထိုးသည့် အဆင့်ကိုရောက်ရှိခဲ့ကြောင်း၊ ယင်းစီမံကိန်းမှတစ်ဆင့် ရန်ကုန်မြို့အတွက် ယာဉ်ကြောကျပ်တည်းမှုကို တစ်နည်းအားဖြင့် ကူညီဖြေရှင်းနိုင်မည်ဖြစ်ပြီး အများပြည်သူအတွက် အကျိုးကျေးဇူးများစွာလည်း ရရှိနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါစီမံကိန်းသည် ဟံသာဝတီလေဆိပ်အသစ် စီမံကိန်း၊ ရန်ကုန် - မန္တလေးအမြန်လမ်းစီမံကိန်း၊ သီလဝါစက်မှုဇုန်တို့နှင့် ချိတ်ဆက်သွားမည့် စီမံကိန်းဖြစ်ပါကြောင်း။




### ဆက်လက်ကူညီလက်တွဲ

ယင်းစီမံကိန်းဖြစ်မြောက်လာစေရေးအတွက် Advisory Services Agreement စာချုပ်ချုပ်ဆိုနိုင်အောင် ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြသည့် International Finance Corporation (IFC) ဘက်မှ တာဝန်ရှိသူများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စာချုပ်ပါ အချက်အလက်များကို ဝိုင်းဝန်းဆွေးနွေး အကူအညီပေးခဲ့ကြသည့် အခြားသက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုလည်း ဆက်လက်ကူညီလက်တွဲလုပ်ကိုင်သွားနိုင်ရန် ဆုမွန်ကောင်းတောင်းအပ်ကြောင်း ပြောကြားသည်။

IFC မှ Country Manager Mr. Vikram Kumar က မိမိတို့အဖွဲ့သည် ယခုကဲ့သို့ ရန်ကုန်မြို့အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီထောက်ပံ့ပေးရခြင်းအတွက် ဂုဏ်ယူပါကြောင်း၊ နိုင်ငံတကာတင်ဒါစနစ်နှင့်အညီ Project Management, Project Operation များကို နိုင်ငံတကာ အဆင့်အတန်းအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှုအတွက် PPP Framework ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းလွင်နှင့် IFC မှ Country Manager Mr . Vikram Kumar တို့က သဘောတူညီချက်စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။ **(အပေါ်ပုံ)**

### ပိုမိုမြင့်မား

အဆိုပါ Yangon Elevated Expressway စီမံကိန်းဆောင်ရွက်ရခြင်းအကြောင်းမှာ ယနေ့ ရန်ကုန်မြို့ကြီးသည် မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့်အားလျော်စွာ ၂၀၁၄ ခုနှစ် လူဦးရေစစ်တမ်းအရ ခြောက်သန်းခန့်ရှိနေပြီး နှစ်စဉ် လူဦးရေ တိုးတက်မှုနှုန်း ၂ ဒသမ ၆ ရာခိုင်နှုန်းကို အခြေခံခန့်မှန်းပါက ၂၀၃၅ ခုနှစ်တွင် လူဦးရေ ၁၀ သန်းခန့်ရှိမည် ဖြစ်သည်။ ထိုသို့ တိုးတက်လာမည့် လူဦးရေနှင့်အတူ လိုအပ်သည့် အခြေခံအဆောက်အအုံများလည်း တိုးချဲ့ရန်စီစဉ်ရမည်ဖြစ်သည်။ ယခု အခြေအနေတွင်ပင် ရန်ကုန်မြို့သည် ယာဉ်ကြောကျပ်တည်းမှု ဖြစ်နေကာ ပြည်သူများအနေဖြင့် လူမှုစီးပွားဘဝ ထိခိုက်မှုများ နေ့စဉ်ကြုံတွေ့ရလျက်ရှိသည်။ လမ်းဧရိယာနှင့် နယ်မြေဧရိယာအချိုးကို ဆန်းစစ်ကြည့်မည်ဆိုပါက မြန်မာနိုင်ငံ၏ အိမ်နီးချင်းနိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သည် ၇ ဒသမ ၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံ တိုကျိုမြို့သည် ၁၈ ဒသမ ၄ ရာခိုင်နှုန်းရှိပြီး ရန်ကုန်မြို့သည် ၅ ဒသမ ၂ ရာခိုင်နှုန်းသာရှိသဖြင့် ယခုကြုံတွေ့နေရသည့်ယာဉ်ကြောကျပ်တည်းမှုအား အချိန်မီမဖြေရှင်းနိုင်ပါက အနာဂတ်တွင် ရန်ကုန်မြို့အနေဖြင့် ယခုထက်ပိုမိုသည့် ယာဉ်ကြောကျပ်တည်းမှုဖြစ်လာနိုင်ပြီး ရန်ကုန်မြို့နေပြည်သူများ၏ လူမှုစီးပွားဘဝထိခိုက်နစ်နာမှုများ ပိုမိုမြင့်မားလာမည်ဖြစ်သည်။

သို့ဖြစ်၍ အဆိုပါပြဿနာများအား ဖြေရှင်းနိုင်ရန်လည်းကောင်း၊ လျှော့ချနိုင်ရန်လည်းကောင်း၊ ရန်ကုန် Inner Ring Road နှင့် Yangon Outer Ring Road ဆိုပြီး လမ်းအခြေခံ အဆောက်အအုံများ တည်ဆောက်၍ ဖြေရှင်းရန် စီမံလျာထားခဲ့သည်။ ယခု စီမံကိန်းသည် ရန်ကုန် Inner Ring Road ၏ အရှေ့ဘက်ခြမ်း ကမ်းနားလမ်းမှ မင်္ဂလာဒုံစက်မှုဇုန်အထိအပိုင်း ၂၂ ဒသမ ၅ ကီလိုမီတာဖြစ်ပြီး ထိုမှတစ်ဆင့် မင်္ဂလာဒုံစက်မှုဇုန်မှ အမှတ်(၃)လမ်းမကြီးမှတစ်ဆင့် လက်ရှိ ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးနှင့် သွားရောက်ဆက်သွယ်မည့် အပိုင်း ၁၅ ကီလိုမီတာဖြစ်သည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးမှတစ်ဆင့် အနာဂတ်တွင် ပေါ်ပေါက်လာမည့် ဟံသာဝတီ အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီးနှင့် ဆက်သွယ်ရန် ရည်ရွယ်ထားရှိသည်။ ထို့အပြင် လက်ရှိရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အား သုံးကီလိုမီတာ အရှည်ရှိသည့် အမြန်လမ်းဖြင့် ချိတ်ဆက်ပြီး အပြည်ပြည်ဆိုင်ရာလေဆိပ်နှစ်ခုအား လွယ်လင့်တကူသွားလာနိုင်ရေးအတွက်လည်း ရည်ရွယ်သည်။ ထို့ကြောင့် ယခု စီမံကိန်းကြီးဖြစ်သည့် Elevated Expressway ၄၀ ဒသမ ၅ ကီလိုမီတာ ခန့်ပြီးစီးပါက ယခုရန်ကုန်မြို့၌ ကြုံတွေ့နေရသည့် ယာဉ်ကြောပိတ်ဆို့မှုအား ရာခိုင်နှုန်းတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်ပြီး ရန်ကုန်မြို့တွင်းမှသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မိနစ် ၂၀ ခန့်ဖြင့် သွား ရောက်နိုင်ပြီး ရန်ကုန်မြို့တွင်းမှသည် ဟံသာဝတီအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ၅၅ မိနစ်ခန့်ဖြင့် သွားရောက်နိုင်မည် ဖြစ်သည်။

### ဖွံ့ဖြိုးတိုးတက်

Yangon Elevated Expressway အား Public Private Partnership (PPP) ပုံစံ အသုံးပြုပြီး ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။ သို့ဖြစ်၍ ယခုစီမံကိန်းကြီး၏ ရင်းနှီးမြှုပ်နှံမှုကြောင့် ရန်ကုန်မြို့နေ ပြည်သူများအနေဖြင့် လူမှုစီးပွားဘဝတိုးတက်မှုကို ရစေနိုင်သကဲ့သို့ အလုပ်အကိုင်အခွင့်အလမ်းများလည်း ပေါ်ပေါက်လာမည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးသည်လည်း အတိုင်းအတာတစ်ခုအထိ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည်။ **သတင်းစဉ်**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တိုင်းရင်းသားလေ့လာရေးအဖွဲ့များ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

# နယ်စပ်ဒေသ တိုင်းရင်းသားလေ့လာရေး အဖွဲ့ဝင်များ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်သို့ သွားရောက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ အစီအစဉ်အရ နေပြည်တော်သို့ လေ့လာရေးခရီးစဉ် ရောက်ရှိနေကြသော ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့မှ တိုင်းရင်းသား၊ တိုင်းရင်းသူလေ့လာရေး အဖွဲ့ဝင် ၁၀၀ သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအုန်းမြင့်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်များသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

**ရင်းရင်းနှီးနှီးတွေ့ဆုံ**

ယင်းနောက် အမျိုးသားလွှတ်တော် ခန်းမဆောင်၌ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လေ့လာရေးအဖွဲ့အား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

လေ့လာရေးအဖွဲ့သည် ယနေ့ နံနက် အစောပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ သတင်းရိုက်ကူးတည်းဖြတ် ထုတ်လွှင့်ပုံ အဆင့်ဆင့်ကို လည်းကောင်း၊ တိုင်းရင်းသားရုပ်သံလိုင်း NRC ထုတ်လွှင့်နေမှုများနှင့် ရေဒီယိုထုတ်လွှင့်ရေး အစီအစဉ်များကို လည်းကောင်း တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။ ယင်းနောက် တိုင်းရင်းသားလေ့လာရေးအဖွဲ့များ၏ ရိုးရာအကများကို မှတ်တမ်းတင်ရိုက်ကူးခဲ့ကြသည်။ ဆက်လက်၍ လေ့လာရေးအဖွဲ့သည် ဉပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော် ကြည်ညိုကြသည်။

**ကြည့်ရှုလေ့လာ**

အဆိုပါ တိုင်းရင်းသားလေ့လာရေးအဖွဲ့သည် ယမန်နေ့ နံနက်ပိုင်းက မဟာသကျရံသီဘုရားအား ဖူးမြော်ကြည်ညိုခဲ့ကြပြီး တပ်မတော်စစ်သမိုင်းပြတိုက်သို့ ဆက်လက်သွားရောက် ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

---

❒ *ကျောဖုံးမှ*

Megalink Advanced Technologies Co., Ltd. CEO ဦးသန်းထိုက်တို့က Myanmar Digital News (MDN) အမည်ဖြင့် Online News Portal နှင့် Digital Newspaper စတင်ထုတ်လွှင့် မိတ်ဆက်ခြင်း အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(ယာပုံ)**

**အသိပေးရန်လိုအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ယနေ့ အစိုးရသည် အများပြည်သူက ဒီမိုကရေစီစနစ်ဖြင့် ရွေးကောက် တင်မြှောက်လိုက်သည့် အစိုးရဖြစ်သည့်အတွက် မိမိတို့၏ ဆောင်ရွက်ချက်များကို ပြည်သူ့ထံ ပြန်လည်၍ အစီရင်ခံရန် တာဝန်ရှိသည်ဟု ခံယူပါကြောင်း၊ ပြည်သူ့အတွက် အစိုးရအနေဖြင့် မည်သည့်အရာများ ဆောင်ရွက်ပေးနေသည် ဆိုသည့် အကြောင်းကို အသိပေးရန် လိုအပ်ပါကြောင်း၊ တစ်ချိန်တည်းတွင် တိုင်းပြည်တွင် ဖြစ်ပျက်နေသည့် အကြောင်းခြင်းရာများ၊ သတင်းများ၊ နိုင်ငံတကာတွင် ဖြစ်ပျက်နေသည့် အကြောင်းခြင်းရာများကို ပြည်သူအား အသိပေးရန် လိုအပ်ပါကြောင်း။

ယင်းမှာ သတင်းအချက်အလက်ပေးသည့် သဘောအပြင် အသိပညာ၊ ဗဟုသုတတိုးပွားအောင် လုပ်ဆောင်ပေးသည့် သဘောဖြစ်ပါကြောင်း၊ နောက်တစ်ခုမှာ အစိုးရပိုင်း ကဏ္ဍအသီးသီးတွင် တာဝန်ယူနေသည့် ပုဂ္ဂိုလ်များ သိရှိစေရန်နှင့် အများပြည်သူအကြား ပြန့်ပွားရန် အများပြည်သူ၏ သဘောထားအမြင်များကို ဖော်ပြပေးပါကြောင်း၊ အများပြည်သူက တိုင်းပြည်နှင့် ပတ်သက်၍ ဖြစ်စေ၊ အစိုးရနှင့်ပတ်သက်ပြီး ဖြစ်စေ ဆောင်ရွက်ချက်များနှင့် ပတ်သက်ပြီး သုံးသပ်ဝေဖန်ခြင်း၊ ထောက်ပြခြင်းနှင့် အသိပေးလိုသည်များကိုလည်း မိမိတို့၏ မီဒီယာများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အများပြည်သူသိအောင် ဖော်ပြပေးသည့် အလုပ်ကိုလည်း ဆောင်ရွက်ပါကြောင်း။

**ပိုပြီးအသုံးများလာ**

ယနေ့ခေတ်ကာလတွင် လူအများအကြား ကူးလူးဆက်ဆံ ဆက်သွယ်မှုများ ပြောင်းလဲလာပါကြောင်း၊ အီလက်ထရွန်နစ် နည်းပညာကို သုံးစွဲပြီး ဆက်သွယ်မှုများ လုပ်ဆောင်လာသည်နှင့် အမျှ မီဒီယာလုပ်ငန်း၏ ပုံသဏ္ဌာန်များလည်း ပြောင်းလဲလာပါကြောင်း၊ ကမ္ဘာတွင် ပုံနှိပ်မီဒီယာသည် ကျဆင်းလာပြီး အီလက်ထရွန်နစ် မီဒီယာ (Online Media) များ ပိုပြီးအသုံးများလာပါကြောင်း။




သတင်းသည် စာရွက်ပေါ်မှာထက် မိုဘိုင်းဖုန်းပေါ်တွင် အများဆုံး သုံးစွဲလာကြသည့်အတွက် မိမိတို့နိုင်ငံရှိ အခြားပုဂ္ဂလိကမီဒီယာများလည်း အွန်လိုင်းမီဒီယာကို များစွာ သုံးစွဲလာကြသည်ကို တွေ့ရပါကြောင်း၊ အများသုံးစွဲနေသည့် နည်းပညာဖြစ်သည့် အီလက်ထရွန်နစ် မီဒီယာ၊ ဒီဂျစ်တယ်သတင်းစာကို ဖြန့်ချိရန်လိုအပ်လာပါကြောင်း၊ ထို့ကြောင့် Myanmar Digital News ကို လုပ်ဆောင်ခြင်းဖြစ်ပါကြောင်း။

**အကြံဉာဏ်များတောင်းခံ**

Myanmar Digital News ကို စတင်ဖွင့်လှစ်သည့် အချိန်မှစ၍ ကြည့်ရှုကြပြီး အားနည်းချက်များ၊ ချွတ်ယွင်းချက်များ တွေ့ရှိပါကလည်း ပြင်ဆင် ဆောင်ရွက်သင့်သည်များကို အကြံဉာဏ်ပေးကြရန် တောင်းခံပါကြောင်း၊ မိမိတို့၏ ရည်ရွယ်ချက်သည် လူငယ်မှစ၍ လူကြီးအထိ သတင်းစာဖတ်ရုံတင်မက သုတေသနပြုမည့် ပုဂ္ဂိုလ်များအထိ မိမိတို့ Myanmar Digital Newspaper မှ အကျိုးကျေးဇူးရှိရန် ရည်ရွယ်ပါကြောင်း၊ ထို့ကြောင့် ကြည့်ရှုပြီး လိုအပ်သည့် အကြံဉာဏ်များ ပေးကြရန် တောင်းခံပါကြောင်း ပြောကြားသည်။

ထို့နောက် Myanmar Digital News ၏ Online News Portal နှင့် Digital Newspaper တို့ကို ဗီဒီယိုဖြင့် ရှင်းလင်းပြသသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများက သိလိုသည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တက်ရောက်လာသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီများမှ အဖွဲ့ဝင်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြန်ကြားရေးတာဝန်ခံ ဦးအောင်ရှင် (ခ) မုံရွာအောင်ရှင်၊ ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ သတင်းမီဒီယာများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**တင်ဆက်လျက်ရှိ**

Myanmar Digital News ကို ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနှင့် Megalink Advanced Technologies ကုမ္ပဏီလီမိတက်တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ ကြေးမုံ၊ မြန်မာ့အလင်းနှင့် The Global New Light of Myanmar သတင်းစာများကို Myanmar Digital News မိုဘိုင်းအက်ပလီကေးရှင်းတွင် လွယ်ကူစွာဖတ်ရှုနိုင်ရန် စီစဉ်ထားရှိသည်။ ထို့ပြင် အဆိုပါ မိုဘိုင်းအက်ပလီကေးရှင်း၌ သတင်းများ၊ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုနယ်ပယ်၊ အတွေးအမြင်၊ ရုပ်သံသတင်း၊ တိုင်းရင်းသားရေးရာ၊ မိန့်ခွန်းများ၊ အခြားဖျော်ဖြေရေး၊ ဗီဒီယိုနှင့် ဆောင်းပါးများကိုလည်း တင်ဆက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

---

# ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့ ချစ်ကြည်ရေးခရီးရောက်ရှိ



**ရန်ကုန် ဇန်နဝါရီ ၁၁**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Taro KONO နှင့်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အဖြစ် ယနေ့ ညနေ ၄ နာရီ မိနစ် ၂၀ တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

**ကြိုဆိုနှုတ်ဆက်**

ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး မစ္စတာ တာတရှိဟီဂူချိနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဧည့်သည်တော်အဖွဲ့သည် ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရေဝေးသုသာန်ဝင်းရှိ ဂျပန်စစ်သင်္ချိုင်းသို့ သွားရောက်လေ့လာကြသည်။ **(ဝဲပုံ)**

ဧည့်သည်တော်အဖွဲ့သည် ခရီးစဉ်အတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တို့နှင့် တွေ့ဆုံသွားရန် စီစဉ်ထားကြောင်း သိရှိရသည်။

**သွားရောက်လေ့လာ**

ထို့အပြင် ဧည့်သည်တော်အဖွဲ့သည် ရန်ကုန်မြို့ရှိ သီလဝါ အထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှုလေ့လာပြီး ဂျပန်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်း Melia ဟိုတယ်၌ တွေ့ဆုံသွားမည်ဖြစ်ကာ ရခိုင်ပြည်နယ် မောင်တောဒေသသို့လည်း သွားရောက်လေ့လာရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပြောင်းလဲတိုးတက်တဲ့ ICT နည်းပညာကို အမီလိုက်နိုင်ဖို့ ခေတ်နဲ့အညီ Myanmar Digital News ကို ထူထောင်ရတာ ဖြစ်ပါတယ်


ဦးကျော်စိုး
ဦးဆောင်ညွှန်ကြားရေးမှူး
သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊
ပြန်ကြားရေးဝန်ကြီးဌာန


ဦးဟန်လင်းအောင်
(ခေတ္တညွှန်ကြားရေးမှူး-သတင်း)
Myanmar Digital News တာဝန်ခံ


ဒေါ်အေးနှင်းညို
(အယ်ဒီတာ) အင်္ဂလိပ်ပိုင်းအစီအစဉ်
Myanmar Digital News


ဦးမောင်ဟိန်း
ဒါရိုက်တာ
Megalink Advanced Technology
ကုမ္ပဏီ


ဦးအောင်ရှင် (မုံရွာ အောင်ရှင်)
NLD ဗဟိုပြန်ကြားရေးကော်မတီ
အတွင်းရေးမှူး

နေပြည်တော် ဇန်နဝါရီ ၁၁

**ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ထုတ်ဝေသည့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar သတင်းစာများကို ဒစ်ဂျစ်တယ်နည်းပညာဖြင့် ကမ္ဘာတစ်ဝန်းမည်သည့်နေရာမှမဆို ဖတ်ရှုလေ့လာနိုင်မည့် Myanmar Digital News မိုဘိုင်းအက်ပလီကေးရှင်းနှင့် သတင်းပေါ်တယ် ထွက်ပေါ်လာကြောင်း သိရသည်။**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် Megalink Advanced Technology ကုမ္ပဏီလီမိတက်တို့ အကျိုးတူပူးပေါင်း၍ Myanmar Digital News မိုဘိုင်းအက်ပလီကေးရှင်းနှင့် သတင်းပေါ်တယ် စတင်ထုတ်လွှင့် မိတ်ဆက်ခြင်း အခမ်းအနားကို ယနေ့ ညနေ ၄ နာရီက နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူအချို့အား တွေ့ဆုံမေးမြန်းခဲ့ပါသည်-

**ဦးကျော်စိုး**
**ဦးဆောင်ညွှန်ကြားရေးမှူး**
**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန**

ဒီနေ့ကျင်းပတာကတော့ ကျွန်တော်တို့ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းနဲ့ ပုဂ္ဂလိက ကုမ္ပဏီတစ်ခုဖြစ်တဲ့ Megalink Advanced Technology ကုမ္ပဏီလီမိတက်တို့ ပူးပေါင်းပြီး ဆောင်ရွက်တဲ့ Myanmar Digital News စတင်ထုတ်လွှင့်မိတ်ဆက်တဲ့ အခမ်းအနားပဲ ဖြစ်ပါတယ်၊ အဓိက အနေနဲ့ကတော့ နှစ်ချက်ပေါ့၊ ပြောင်းလဲတိုးတက်လာတဲ့ Information and Communications Technology (ICT) နည်းပညာတိုးတက်လာတာနဲ့အမျှ ကျွန်တော်တို့ရဲ့ Print Media တွေထက် ဒီဘက်ကို ပိုအာရုံစိုက်လာတာတွေ များလာတယ်။

ကျွန်တော်တို့ နဂိုမူလအနေနဲ့ Print Media ကတော့ မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar နေ့စဉ်သတင်းစာတွေ ထုတ်တယ်၊ ဒါကတော့ Print Media ဖြစ်ပါတယ်၊ သတင်းခေတ်ကို ရောက်လာတဲ့အခါ ပြောင်းလဲတိုးတက်တဲ့ ICT နည်းပညာဘက်ကို အမီလိုက်နိုင်ဖို့ လိုအပ်တဲ့အတွက်ကြောင့် ပြောင်းလဲလာတဲ့ ခေတ်နဲ့အညီ ဒီ Myanmar Digital News ကို ထူထောင်ရတာ ဖြစ်ပါတယ်။

အဓိကကတော့ ကျွန်တော်တို့ရဲ့ နေ့စဉ်ထုတ်တဲ့ သတင်းစာတွေကို ကမ္ဘာ့အရပ်ရပ် ဘယ်နေရာကပဲဖြစ်ဖြစ် အချိန်နဲ့တစ်ပြေးညီ တယ်လီဖုန်း၊ တက်ပလက်တို့ကနေ ဖတ်လို့ရအောင် လုပ်ပါတယ်၊ ဒါ့အပြင် ပေါ်တယ်ကိုပါ တည်ဆောက်တယ်၊ ပေါ်တယ် တည်ဆောက်ရာမှာလည်း မြန်မာဘာသာနဲ့ရော အင်္ဂလိပ်ဘာသာနဲ့ပါ နှစ်မျိုးထည့်သွင်းထုတ်လုပ်မှာ ဖြစ်ပါတယ်၊ ပေါ်တယ်ဆိုတဲ့အတိုင်း သူ့ရဲ့ Home Page မှာ ခေါင်းစဉ်တွေ၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ တိုင်းရင်းသားရေးရာ ဒါမျိုးတွေကို ကျွန်တော်တို့ အတတ်နိုင်ဆုံး ထည့်သွင်းပေးထားပါတယ်၊ နည်းပညာအရ အသံဖိုင်တွေ၊ ဗီဒီယိုဖိုင်တွေပါ အားသာချက်တွေ တော်တော်များကို ထည့်သွင်းထားပါတယ်၊ ကျွန်တော်တို့အနေနဲ့ ဒီနေ့မှာ စတင်မိတ်ဆက်ပြီး ဒီနေ့ကစပြီး ၂၄ နာရီစလုံး ဝန်ဆောင်မှုပေးသွားမှာ ဖြစ်ပါတယ်။

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ Mission ဖြစ်တဲ့ ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန်ဆိုတဲ့ ရည်မှန်းချက် သုံးချက်ကို တစ်တပ်တစ်အား ကျွန်တော်တို့ရဲ့ ကဏ္ဍကနေ တာဝန်ထမ်းဆောင်တာ ဖြစ်ပါတယ်၊ ဒါကြောင့် ကျွန်တော်တို့ရဲ့ မူလတာဝန်မှာ ကတည်းက ပြည်သူက ရွေးချယ်တင်မြှောက်တဲ့ အစိုးရအနေနဲ့ ပြည်သူကို ပြန်လည်တင်ပြဖို့ရှိတာ၊ အလားတူပဲ ပြည်သူကလည်း ကိုယ်ရွေးချယ်ထားတဲ့ အစိုးရကို သိစေချင်တဲ့ Message ပေးချင်တာမျိုးကို ကျွန်တော်တို့ရဲ့ဌာနက ပေါင်းကူးတံတားအဖြစ် ချိတ်ဆက်ဆောင်ရွက်တင်ပြပေးပါတယ်၊ နဂိုကတော့ Print Media လောက်နဲ့ လုပ်နိုင်ပါတယ်၊ Print Media ဆိုတာကတော့ ဒီနေ့လုပ်ရင် မနက်ဖြန်မှ သိရတယ်၊ အခုလုပ်တဲ့ဟာက အချိန်နဲ့တစ်ပြေးညီ စာဖတ်ပရိသတ်ကိုရော၊ ကြည့်ရှုတဲ့ ပရိသတ်ကိုရော၊ ပြည်သူကိုရော ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်အတိုင်း ဝန်ဆောင်မှုပေးသွားနိုင်တာ ဖြစ်တဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဝမ်းသာပါတယ်၊ သို့သော် ကျွန်တော်တို့ လုပ်ငန်းဟာ နည်းပညာ၊ အတတ်ပညာပိုင်းဆိုင်ရာအနေနဲ့ နေ့စဉ်နေ့စဉ် ပြောင်းလဲလာတာဖြစ်တဲ့အတွက် ပြည့်စုံတယ်လို့တော့ မယူဆသေးပါဘူး၊ ဒါကြောင့် ကျွန်တော်တို့ရဲ့ Web Portal ရော၊ အက်ပလီကေးရှင်းတွေရော ဝင်ရောက်ကြည့်ရှုပေးကြပါ၊ ဝေဖန်ပေးပါ၊ သုံးသပ်ပေးပါ၊ အပြုသဘောနဲ့ အကြံပြုထောက်ပြပါ၊ အကြံပြု ချက်တွေကို ကောင်းသည်ထက် ပိုကောင်းအောင် ကြိုးစား အားထုတ်လုပ်ဆောင်သွားမှာပါလို့ ကျွန်တော့်အနေနဲ့ ပြောချင်ပါတယ်။

**ဦးဟန်လင်းအောင်(ခေတ္တညွှန်ကြားရေးမှူး-သတင်း)**
**Myanmar Digital News တာဝန်ခံ**
**သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန**

ဒီအခမ်းအနားမှာ ကျွန်တော်တို့အနေနဲ့ Myanmar Digital News နဲ့ ပတ်သက်ပြီးတော့ ပြည်သူတွေ သိအောင် လုပ်ပေးမယ်၊ လုပ်ပေးတဲ့နေရာမှာ ဘာကို အဓိကထားလဲဆိုတော့ သတင်းတွေကို အဓိကထား လုပ်ပေးပါတယ်၊ သတင်းဆိုတဲ့ နေရာမှာ သတင်းမှန်တွေကို မြန်မြန်ဆန်ဆန် သိဖို့လိုတယ်၊ ဒါတွေကိုလည်း ကျွန်တော်တို့ အချိန်နဲ့တစ်ပြေးညီ ချပြမယ်၊ နောက်တစ်ခုက ကျွန်တော်တို့ ဒီလိုလုပ်နေတာတွေကို ပြည်သူတွေသိပြီး ပြည်သူတွေအနေနဲ့ သတင်းတွေကို ဘယ်လိုယူရမယ်၊ ဘယ်ကနေ ရရှိတယ်ဆိုတာတွေကို သိလာတဲ့အခါကျတော့ ဒါတွေဟာ ပြည်သူတွေအတွက်ဆိုတာကို သိစေချင်လို့ အဓိကထားလုပ်တာဖြစ်ပါတယ်၊ အဲ့ဒီလိုလုပ်ပေးတဲ့ နေရာမှာလည်း ကျွန်တော်တို့ ကဏ္ဍတွေ အများကြီးလုပ်ပေးထားပါတယ်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ နောက်ပြီး တိုင်းရင်းသားတွေနဲ့ ပတ်သက်တဲ့ ရိုးရာယဉ်ကျေးမှုဓလေ့၊ အစားအသောက်တွေ လူနေမှုဘဝ ပုံစံလေးတွေကိုပါ စုံလင်အောင်နဲ့ ရသစုံပေးနိုင်အောင် လုပ်ပေးထားပါတယ်၊ ဒါတွေကို မြန်မာဘာသာ တစ်ခုတည်းမဟုတ်ဘဲ အင်္ဂလိပ်ဘာသာနဲ့ပါ ရေးထားပြီးတော့မှ ပြည်ပမှာရှိတဲ့ နိုင်ငံခြားသားတွေလည်း ကြည့်ဖို့၊ ပြည်တွင်းမှာ ရှိတဲ့ နိုင်ငံခြားသားတွေလည်း သိနိုင်ဖို့ ကျွန်တော်တို့ မြန်မာ နိုင်ငံမှာရှိတဲ့ ရိုးရာယဉ်ကျေးမှုဓလေ့တွေရယ်၊ လက်ရှိဖြစ်နေတဲ့ အဖြစ်အပျက်တွေ၊ အဖြစ်မှန်တွေကို သိဖို့အတွက်ကို ကျွန်တော်တို့က Digital Online ကနေတစ်ဆင့် သိနိုင်အောင် ကျွန်တော်တို့ ဒီနေ့မှာ စတင်မိတ်ဆက်ပေးတာ ဖြစ်ပါတယ်။

ယနေ့ခေတ်မှာ လူငယ်တွေ တော်တော်များများကလည်း မိုဘိုင်းကိုယ်စီနဲ့ သတင်းကို မိုဘိုင်းကနေ ရယူကြတယ်၊ မိုဘိုင်းကနေ ဖြန့်ဝေကြ တယ်၊ ဒါတွေက မိုဘိုင်းယဉ်ကျေးမှုတစ်ရပ်လို ဖြစ်လာတယ်၊ ဒါကြောင့် အရင်လို Print Media တစ်ခုတည်းနဲ့ မလုံလောက်တော့ဘူး၊ မလုံလောက်တဲ့အတွက်ကြောင့် ကျွန်တော်တို့ Online Media ကနေသွားဖို့ လိုပြီ၊ လက်ရှိကမ္ဘာ့နိုင်ငံတွေ ကြည့်လိုက်ရင် အကုန်လုံးနီးပါးလောက်က Online နဲ့ပဲ သတင်းရယူတာတွေ၊ သတင်းဆောင်ရွက်တာတွေ ဒါတွေအားလုံးကို လုပ်ဆောင်နေတာဖြစ်တယ်၊ ကျွန်တော်တို့လည်း အခုဒါတွေ အားလုံးကို လုပ်ဆောင်နေပြီဖြစ်တယ်၊ လက်ရှိဆောင်ရွက်ထားတဲ့ Myanmar Digital News Online ရဲ့ စီးဆင်းမှုက တော်တော်လေးကို မြန်ဆန်သွားမယ်လို့ ယူဆပါတယ်။

**ဒေါ်အေးနှင်းညို**
**(အယ်ဒီတာ) အင်္ဂလိပ်ပိုင်းအစီအစဉ်**
**Myanmar Digital News**

ကျွန်မတို့ရဲ့သတင်းအရင်းအမြစ်တွေအားလုံး ပြန်ကြားရေးဝန်ကြီးဌာနအောက်မှာရှိနေတဲ့ တစ်နိုင်ငံလုံးက ပြန်ကြားရေးနဲ့ ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သတင်းတွေ၊ နောက်ပြီး သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း လက်အောက်မှာရှိတဲ့ မြန်မာ့အလင်း၊ ကြေးမုံသတင်းစာက သတင်းတွေကိုလည်း ယူပြီးသုံးကြတယ်၊ ဒါပေမယ့် ကျွန်မတို့အနေနဲ့ ဘယ်သတင်းတွေကိုပဲသုံးသုံး လိုအပ်ရင် အဲ့ဒီသတင်းထောက်ကို ပြန်ဆက်သွယ်ပြီး မေးတယ်၊ ဒါက ကျွန်မတို့ရဲ့ ပူးပေါင်း လုပ်ဆောင်မှု တစ်ခုပါ၊ နောက်တစ်ခုက ကျွန်မတို့ဆီမှာ ကိုယ်ပိုင်သတင်းထောက်တွေ ရှိတယ်၊ ကိုယ်ပိုင်သတင်းထောက်တွေဆီကနေ ယူတာလည်း ရှိပါတယ်။

ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ကနေ Digital သတင်းစာတစ်စောင်ထွက်လာပြီ၊ ဘာကိုရည်ရွယ်လဲဆိုတော့ မြန်မာနိုင်ငံထဲက အထူးခြားဆုံးသတင်းတွေကို မြန်မာလို ဆောင်ရွက်ပေးတယ်၊ အင်္ဂလိပ်အပိုင်းမှာဆိုရင် မြန်မာနိုင်ငံကအကြောင်းတွေကို ကျွန်မတို့ ပြန်ကြားရေးဝန်ကြီးဌာနကနေ နိုင်ငံတကာကို ဆက်သွယ်သွားမယ်၊ အဲ့ဒီကနေ ပြန်လာမယ့် အသံတွေကို ကျွန်မတို့ နားထောင်ပြီး လိုအပ်တဲ့ဟာတွေကိုလည်း ကျွန်မတို့ ပြုပြင်သွားမယ်။

**ဦးမောင်ဟိန်း**
**ဒါရိုက်တာ**
**Megalink Advanced Technology ကုမ္ပဏီ**

ပြန်ကြားရေးဝန်ကြီးဌာနက သတင်းစာတွေကို အင်တာနက်ပေါ်မှာ အက်ပလီကေးရှင်းနဲ့ ဖတ်လို့ရအောင် လုပ်ချင်တယ်ဆိုပြီး တင်ဒါခေါ်ယူတဲ့အချိန်မှာ ကျွန်တော်တို့ တင်ဒါဝင်ပြိုင်ပါတယ်၊ အားလုံးပြိုင်တဲ့အထဲမှာ ကျွန်တော်တို့ အရွေးခံရတယ်၊ ကျွန်တော်တို့အနေနဲ့ ပြန်ကြားရေးဝန်ကြီးဌာနရဲ့ လိုအပ်ချက်တွေနဲ့ ညှိနှိုင်းပြီးတော့ ဒီအက်ပလီကေးရှင်းကို ရေးဆွဲပေးခဲ့တာ ဖြစ်ပါတယ်၊ ဒီလို ပြုလုပ်ပေးခြင်းဟာ တိုင်းပြည်အတွက် တစ်ဖက်တစ်လမ်းကနေ ကူညီရာလည်းရောက်ပါတယ်၊ ပြန်ကြားရေးဝန်ကြီးဌာနအတွက်လည်း ဘာတွေအကျိုးရှိလာနိုင်လဲဆိုရင် အခုချိန်အထိ မြန်မာပြည်ထဲမှာ နေ့စဉ်ထုတ်သတင်းစာတွေ နေ့ချင်းပေါက် မရောက်ဖြစ်တဲ့ နေရာတွေ ရှိနေသေးတယ်၊ ဒါပေမယ့် အခုချိန်မှာ အင်တာနက်ကနေ တော်တော်များများ ရနေပြီဆိုတော့ ဒီလိုမျိုးနေရာက လူတွေအားလုံး သတင်းစာတွေကို အချိန်နဲ့တစ်ပြေးညီ ဖတ်လို့ရမယ်၊ နောက်ပြီး ပြည်ပမှာရောက်နေတဲ့ မြန်မာတွေဖတ်လို့ရမယ်၊ အင်္ဂလိပ်အစီအစဉ်လည်း ထည့်ပေးထားတာဖြစ်လို့ နိုင်ငံခြားသားတွေလည်း မြန်မာပြည်နဲ့ ပတ်သက်လို့ မြန်မာပြည်ရဲ့ အကြောင်းအရာတွေကို သူတို့ လေ့လာလို့ရမယ်၊ နောက်ပြီး နိုင်ငံခြားသတင်းဌာနတွေ ပြောနေတာမျိုးတွေချည်း မဟုတ်ဘဲနဲ့ မြန်မာပြည်ထဲကနေ အစိုးရရဲ့ တရားဝင်ပြောရေးဆိုခွင့်ရှိတဲ့ ဝန်ကြီးဌာနက ပြောတဲ့အသံတွေကို သူတို့ ကြားလို့ရမယ်ဆိုတော့ ဘာပဲဖြစ်ဖြစ် အဆင်ပြေလာမယ်လို့ ထင်ပါတယ်။

**ဦးအောင်ရှင် (မုံရွာ အောင်ရှင်)**
**NLD ဗဟိုပြန်ကြားရေးကော်မတီ အတွင်းရေးမှူး**

ပြန်ကြားရေးဝန်ကြီးဌာနနဲ့ Megalink Advanced Technology ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်တယ်လို့ သိရတယ်၊ အစိုးရနဲ့ ပုဂ္ဂလိကတို့ ဒီလိုပူးပေါင်းဆောင်ရွက်တာ ကောင်းတဲ့အလားအလာပါပဲ၊ နောက်လည်း ဒီလိုပဲပူးပေါင်း ဆောင်ရွက်ဖို့ လိုအပ်တယ်လို့ ပြောချင်တယ်၊ ဘာကြောင့်လဲဆိုတော့ အစိုးရမှာ Technology က အတော်အသင့်ရှိတယ်၊ အပြင်မှာ Technology အပိုင်းမှာ အများကြီးမြင့်လာတယ်၊ ဒီလိုနှစ်ခုကို ပေါင်းစပ်တာက ပိုပြီးတော့ တိုင်းပြည်အတွက်ရော၊ ပြည်သူလူထုအတွက်ရော အကျိုးရှိတယ်။

နောက်တစ်ချက်ကတော့ ဒီလို Online မီဒီယာတွေ များများပေါ်လာရင် တော်တော်များများကို ပျံ့နှံ့အောင် လုပ်နိုင်တဲ့ အနေအထားရှိတယ်၊ ဒီခေတ်က Online ခေတ်ရောက်လာပြီ၊ ဒါကြောင့် Online ကဆို ပိုပြီးကျယ်ကျယ်ပြန့်ပြန့် လုပ်လာနိုင်မယ်၊ နောက်တစ်ချက်အနေနဲ့ သတင်းပိုင်းပါ၊ သတင်းဆိုတာက မြန်ဆန်မှုက သိပ်အရေးကြီးတယ်၊ ဒီနေ့ခေတ်မှာကတော့ သိကြတဲ့အတိုင်းပဲ အင်အားကြီးတာက အင်အားသေးတာကို နိုင်တယ်၊ မြန်တာက နှေးတာကိုနိုင်တယ်၊ Print Media ကတော့ ပုံမှန်သွားနေမယ်၊ သို့သော် မြန်တဲ့ခေတ်ရောက်လာတော့ Online မီဒီယာကတော့ အများကြီး မြန်သွားတာပေါ့၊ ဒါကလည်း သဘာဝကျပါတယ်၊ ပြောင်းသွားတဲ့ခေတ်နဲ့အညီ Online Media ကို လုပ်နိုင်တာက ဘာပဲဖြစ်ဖြစ် ပြည်သူလူထုအတွက်တော့ အများကြီးအကျိုးရှိတယ်လို့ ပြောလို့ရပါတယ်။ ။

**တွေ့ဆုံမေးမြန်း-တင်မောင်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ-မောင်မွှေး**

---

## တနင်္သာရီနှင့် ရှမ်း နေရာကွက်ကျား မိုးရွာမည်

**နေပြည်တော် ဇန်နဝါရီ ၁၁**- ထူးခြားသည့် ညအပူချိန်များမှာ ပူတာအိုမြို့နှင့် နမ့်စန်မြို့တို့တွင် ၂ ဒီဂရီစင်တီဂရိတ်စီ၊ ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ဟဲဟိုးမြို့နှင့် တီးတိန်မြို့တို့တွင် ၅ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၁၀ ဖြစ်သည်။ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ သုံးပေမှ ငါးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# SMEs နှင့် အမျိုးအစားများပြားစုံလင်သော မြန်မာ့စီးပွားရေး

မောင်မျိုးချစ် (စီးပွားရေးတက္ကသိုလ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် စက်မှုဝန်ကြီးဌာန အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၏ စာရင်းအင်းများအရ SMEs သည် ရှိရင်းစွဲ ခန့်မှန်းချက်အရ မြန်မာ့စီးပွားရေးလုပ်ငန်းများကို မောင်းနှင်နေသော စီးပွားရေးလုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပါဝင်နေသည့်အပြင် ယင်းတို့၏ အလုပ်အကိုင်ဖန်တီးမှုများ ၉၆ ရာခိုင်နှုန်း စာရင်းပေါက်သည်။

SMEs တစ်နည်းအားဖြင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသည် အမျိုးသားစီးပွားရေးတွင် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နေသည့်အပြင် ဖွံ့ဖြိုးတိုးတက်မှုကို အဓိကမောင်းနှင်နေသည့် အားလည်းဖြစ်သည်။ ရုံဖန်ရုံခါ (တစ်ခါတစ်ရံ) ၎င်းတို့ကို မျှတသော လူမှုဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ထွန်းစေသော စက်မှုလုပ်ငန်းစက်ရုံများဟုလည်း ခေါ်ဆိုသည်။

SMEs တွင် လယ်သမားများ၊ စိုက်ပျိုးလုပ်ကိုင်သူများ၊ ထုတ်လုပ်သူများ၊ လက်ကားရောင်းဝယ်သူများ၊ လက်လီရောင်းဝယ်သူများအပြင် ထုတ်ကုန်ပစ္စည်းများ၊ ထုတ်ကုန်များ၊ သယ်ယူပို့ဆောင်ပေးသူများနှင့် သက်ဆိုင်ရာကဏ္ဍများ အလိုက်တွင်ရှိသော စားသုံးသူများထံသို့ အဆိုပါ ကုန်ပစ္စည်းများကို ရောက်ရှိအောင် ထုတ်လုပ်ရေးလမ်းကြောင်းနှင့် အတူတကွ ဝန်ဆောင်မှုများပေးသောသူများ အပါအဝင် ဖြစ်သည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကြည့်မည်ဆိုပါလျှင် စက်မှုဝန်ကြီးဌာန စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ပုဂ္ဂလိကပိုင် SMEs မှာ ၄၀၇၀၀ စုရှိပြီး ၎င်းတို့အနက် ရန်ကုန်တိုင်းဒေသကြီးထဲ၌ တည်ရှိလုပ်ကိုင်နေသော အရေအတွက်မှာ ၆၆၅၀ ခုရှိရာ ဝင်ရိုးစွန်း၏ မှတ်သားဖွယ်ရာအထွတ်အထိပ်ဖြစ်သည်။ ဌာန၏ စာရင်းများအရ စီးပွားရေးလုပ်ငန်းများကို ၁၃ မျိုး ခွဲခြားဖော်ပြထားရာ ယင်းတို့တွင် စားသောက်ကုန်ပစ္စည်းများ၊ အထည်အလိပ်များ၊ ညှော်ရိပ်သာ၊ အိမ်သုံးပန်းကန်ခွက်ယောက်များ၊ စာပေနှင့် အနုပညာဆိုင်ရာစက်မှုလုပ်ငန်း၊ ကုန်ကြမ်းပစ္စည်းထုတ်လုပ်သော စက်ရုံ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဥယျာဉ်ခြံမြေထွက်ပစ္စည်း တူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊ ယာဉ်ပစ္စည်းများထုတ်လုပ်ခြင်း၊ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ အထွေထွေစက်မှု လုပ်ငန်းအလုပ်ရုံများတို့ ပါဝင်ပါသည်။ ၎င်းတို့အထဲတွင် စားသောက်ကုန်ပစ္စည်း ထုတ်လုပ်သော စက်ရုံအရေအတွက်မှာ မှတ်ပုံတင်စာရင်း တင်သွင်းခဲ့ရာတွင် အများဆုံးဖြစ်ကြောင်း သိရသည်။ စက်မှုဝန်ကြီးဌာန စက်ပစ္စည်းကြီးကြပ်ရေးနှင့် စစ်ဆေးရေးဌာန၏ စာရင်းများအရ မှတ်ပုံတင်ထားပြီးသော စက်မှုလုပ်ငန်းများ သည် ၅၈ ဒသမ ၅ ရာခိုင်နှုန်းထက် ပိုမိုများပြားကြောင်း ဖော်ပြသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတပစ္စည်းများ ပေါများကြွယ်ဝသည့်အတွက် ခေတ်မီနည်းစနစ်များ အသုံးပြုပြီး တန်ဖိုးမြင့် ထုတ်ကုန်များထုတ်လုပ်ပါက အလုပ်အကိုင် အခွင့်အလမ်းများ တိုးတက်ပြန့်ပွားလာနိုင်ပါသည်။ ယခုအခါ ကမ္ဘာပေါ်ရှိ နိုင်ငံများအကြား စီးပွားရေးလုပ်ငန်းများ ပေါင်းစည်းဆောင်ရွက်ခြင်းအားဖြင့် အခွင့်အလမ်းကို ဖြစ်ပေါ်စေခဲ့သည်။ ကမ္ဘာအနှံ့ ထုတ်လုပ်မှု၊ ကုန်သွယ်မှုနှင့် ဝန်ဆောင်မှုပေးပြီးဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံစီးပွားရေးအသိုင်းအဝိုင်း ထူထောင်လိုက်ခြင်းဖြစ်သောကြောင့် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်ထဲသို့ ဝင်ရန် ပိုမိုအခွင့်အရေးရရှိသဖြင့် မြန်မာနိုင်ငံတွင် SMEs ဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးများ ရရှိသည်။

**SMEs အတွက် စိန်ခေါ်မှုများ (Challenges for SMEs)**

SMEs စတင်ဖော်ဆောင်ရာတွင် စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် တစ်ချိန်တည်းတွင် ရင်ဆိုင်ကြုံတွေ့ရသည်။ Flying green Tea Leaves ထုတ်လုပ်သည့် Thuriya win company Limited ၏ မန်နေဂျာဖြစ်သူ ဦးပြေငြိမ်းက "Power supply" မရှိခြင်းက လက်ဖက်ခြောက်ထုတ်လုပ်ရာတွင် အဓိကပြဿနာဖြစ်ကြောင်း" ဖြေကြားခဲ့သည်။ ဒါပေမယ့် မကြာသေးမီကပင် အတိုင်းအတာတစ်ခုအထိ Power Supply ရရှိခဲ့ပြီးဖြစ်သည်။ Power Generator ကျွန်တော်တို့ အသုံးပြုနိုင်သဖြင့် ယခင်ကထက် အကုန်အကျသက်သာလျော့နည်းသွားသည်။ သို့သော် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ဝန်ဆောင်စရိတ် (Over head cost) ကြောင့် ကျွန်တော်တို့အနေဖြင့် သူတို့နှင့် မယှဉ်ပြိုင်နိုင်ခြင်းဖြစ်သည်။ ဥပမာအားဖြင့်ဆိုကြပါစို့။ ဗီယက်နမ်နိုင်ငံတွင် တစ်ကီလိုဂရမ်အတွက် ငွေကျပ် ၂၀၀ ကုန်ကျပါက မြန်မာနိုင်ငံတွင် တစ်ကီလိုဂရမ်အတွက် ငွေကျပ် ၄၀၀ ကုန်ကျပါလိမ့်မည်။ အဲဒါဘာကြောင့်လဲဆိုလျှင် ကျွန်ုပ်တို့အတွက် သူတို့နှင့် ယှဉ်ပြိုင်ရန်ခက်ခဲသည့်အတွက် ဖြစ်ပါသည်။

ငွေကြေးမတည်ရင်းနှီးငွေနှင့် နည်းပညာဈေးကွက်သို့ ထိုးဖောက်ရာတွင် အားနည်းခြင်း၊ ကုန်ထုတ်လုပ်ရာတွင် အသုံးပြုသည့် စံသတ်မှတ်သည့် ကျွမ်းကျင်မှုနိမ့်ကျခြင်း အချိန်နှင့်အမျှ ပြောင်းလဲနေသော သတင်းနှင့် အချက်အလက်ရရှိရန် မစွမ်းဆောင်နိုင်မှု၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကူညီပံ့ပိုးဝန်ဆောင်မှုပေးမည့် ဆိုင်ရာဌာနများ၏ အားနည်းမှု၊ အခြေခံအဆောက်အအုံများ ရှားပါးမှု၊ အလားအလာရှိသော ဖွံ့ဖြိုးတိုးတက်မှု အမျိုးမျိုးအတွက် အခြေခံမူများ၊ စည်းမျဉ်းဥပဒေများ ချမှတ်ရာတွင် အားနည်းမှု၊ လျော်ကန်သင့်မြတ်သော အခွန်နှင့် အထူးအခွင့်အရေးများကို တိမ်းရှောင်မှုများ၊ တန်းတူညီမျှသော ယှဉ်ပြိုင်မှုအတွက် အခွင့်အလမ်းများ ချို့တဲ့မှုတို့သည် ယခုအချိန်တွင် SMEs ရင်ဆိုင်ကြုံတွေ့နေရသော စိန်ခေါ်မှုများနှင့် ဆိုးကျိုးများ ဖြစ်သည်။

> **"စီးပွားရေးကောင်းမွန်လာစေရေးအတွက် လိုအပ်ချက်များတွင် ပြည်ပပို့ကုန်များ တိုးတက်တင်ပို့နိုင်မှုနှင့် သွင်းကုန်များ လျှော့ချတင်သွင်းရန်တို့ အပါအဝင်ဖြစ်ပါသည်၊ သို့တိုင်အောင် မြန်မာနိုင်ငံအနေဖြင့် အမှန်တကယ်အခြေအနေအရ တန်ဖိုးနည်းသွင်းကုန်များအပေါ် အားသာနေဆဲဖြစ်ပြီး အကြီးစားကုန်ပစ္စည်းများကိုမူ ထည့်သွင်းပြောဆိုရန်ပင် မလိုပေ။ ထို့အပြင် SMEs က ထုတ်လုပ်သော ကုန်ပစ္စည်းများ အလားအလာရှိသော ဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်ရန် အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့"**

ရောင်းအားမြှင့်တင်မှုဆိုင်ရာ ပညာရှင်များက ပြည်တွင်းရှိ SMEs တွင် အပြည်ပြည်ဆိုင်ရာ ဈေးကွက်များတွင် နေရာရရှိစေရန်အလို့ငှာ ပြည်တွင်း SMEs ၏ ပြည်တွင်းထုတ်ကုန်ပစ္စည်းများတွင် စံသတ်မှတ်ချက်ဈေးနှုန်းများကို ရွေးချယ်သတ်မှတ်ခြင်းသည် အဓိကလိုအပ်ချက်တစ်ရပ်ဖြစ်သည်။ (Designation of Standardized Prices of Local Product a major necesity for product of local SMEs) လောလောဆယ်အနေအထားတွင် တည်ရှိနေသော ပြဿနာကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အလို့ငှာ အစိုးရနှင့် လူမှုအဖွဲ့အစည်းများအနေဖြင့် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်နေပါသည်။ ယင်းအချိန်အတောအတွင်း SMEs အနေဖြင့် ပြည်တွင်းဈေးကွက်များအပေါ် အဓိကမှီခိုအားထားကြပြီး တိုင်းတစ်ပါးများမှ ဝင်ရောက်လာသည့် အလားတူကုန်ပစ္စည်းများကို အရည်အသွေးအားဖြင့် ယှဉ်ပြိုင်ရန် စိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့နေရသည်။

၂၀၁၃ ခုနှစ်ကတည်းက ကမ္ဘာအနှံ့ဈေးကွက်များတွင် နေရာရရှိရေးအတွက် ကြိုးပမ်းအားထုတ်ခဲ့ပြီဖြစ်သော City Mart Holding company Limited ၏ လက်ထောက်ရောင်းအားမြှင့်တင်ရေး မန်နေဂျာဖြစ်သူ ဒေါ်နှင်းလဲ့ဝေက "စိန်ခေါ်မှုများတွင် လိုအပ်ချက်မဖြည့်ဆည်းနိုင်ဘဲ စဉ်ဆက်မပြတ် ထုတ်လုပ်ရန် အားနည်းမှုနှင့် ထုပ်ပိုးမှုကဏ္ဍတွင် ညံ့ဖျင်းသော အသိများ၊ ဗဟုသုတ၊ ကျွမ်းကျင်မှုများ၊ ဈေးကွက်စီးပွားရေးနှင့်ပတ်သက်၍ အသိပညာအားနည်းမှုတွေ ပါဝင်နေကြောင်း" ပြောကြားခဲ့သည်။

**ပြည်တွင်းဈေးကွက်များကို အားကောင်းစေခြင်း**

တိုင်းတစ်ပါးမှလာသော သွင်းကုန်များ အထူးသဖြင့် စားသောက်ကုန်များကို ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ပေးနိုင်သည်နှင့်အမျှ သဘာဝအားဖြင့် ဈေးကွက်ယှဉ်ပြိုင်ထုတ်လုပ်မှုကုန်ကျစရိတ် အများအပြား လျော့နည်းသက်သာစေသည့် ဈေးကွက်အပြိုင်အဆိုင် ထုတ်လုပ်လာနိုင်သောအကျိုးကို ရရှိစေသည်။

ပြည်တွင်းထုတ်ကုန်များကို အရေအတွက်အနည်းငယ်သာ ထုတ်လုပ်နိုင်သည့်အတွက် ၎င်းတို့အား ထုတ်လုပ်ရာတွင် ကုန်ကျစရိတ်မြင့်နေသည်။ အရည်အသွေးအနေဖြင့် တူညီစေကာမူ တိုင်းတစ်ပါးမှလာသော ကုန်ပစ္စည်းများနှင့်ယှဉ်လျှင် ပြည်တွင်း၌ ထုတ်လုပ်သည့်ကုန်ပစ္စည်းများအနေဖြင့် မယှဉ်နိုင်ပေ။ ပြည်တွင်းရှိ SMEs အများစု ဆက်လက်ရှင်သန်ရပ်တည်နိုင်သည်။ သန်း ၅၀ ကျော်သော တိုင်းပြည်၏ လူဦးရေပေါ် လုံလုံလျားလျား တည်မှီနေသည်ဟု ပြောရပါမည်။

ထို့အပြင် နိုင်ငံတော်အနေဖြင့် ကမ္ဘာ့ဈေးကွက်များနှင့် ချိတ်ဆက်ရန် ကြိုးပမ်းဆောင်ရွက်နေသည့် လောလောဆယ်အနေအထားတွင် ပြည်တွင်းဈေးကွက်ကိုလည်း ခိုင်မာစွာရပ်တည်နိုင်အောင် ဆောင်ရွက်ရန်မှာလည်း ကြီးမားသော အရေးကြီးကိစ္စတစ်ရပ်ဖြစ်သည်။

"အချို့သောသူများက စီမံကိန်းကို ချက်ချင်းကောင်းမွန်အောင် အကောင်အထည်ဖော်မှသာလျှင် စားသုံးသူများ အနေဖြင့် မြန်မာ့ထုတ်ကုန်များကို ယုံယုံကြည်ကြည်ဖြင့် စားသုံးဖြစ်ကြမည်"ဟု ပြောဆိုကြပါသည်။ သို့သော်လည်း SMEs ချည်းသက်သက်ဖြင့် မလုပ်ဆောင်နိုင်ကြောင်း ၎င်းတို့က အခိုင်အမာပြောဆိုကြပါသည်။

မူဝါဒချမှတ်သူများက လုပ်ငန်းစဉ်ကို ကြိုးကိုင်ရာတွင် ကျွမ်းကျင်မှုများကို အသုံးချရန် လိုအပ်သကဲ့သို့ တစ်ချိန်တည်းအတွင်း ယင်းအစီအစဉ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အလို့ငှာ ပြည်တွင်းပြည်ပဈေးကွက်များကို ဦးဆောင်လမ်းညွှန်နေသည့် စီးပွားရေးအဖွဲ့အစည်းများအနေဖြင့် စိတ်ပါလက်ပါ ပါဝင်ပူးပေါင်းဆောင်ရွက်မှသာ ပြည်တွင်းရှိ SMEs သည် မျှော်လင့်ထားသည့်အတိုင်း ပြည်တွင်း၌ ခိုင်မာသော ဈေးကွက်များကို ရရှိနိုင်သည့်အပြင် မဆိုင်းမတွ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ရရှိနိုင်လိမ့်မည်ဖြစ်ကြောင်း သိမြင်လိုက်ရပါသည်။

**ဈေးကွက်စီးပွားရေးနယ်ပယ်သို့ ထိုးဖောက်ဝင်ရောက် နေရာယူခြင်း**

လွန်ခဲ့သောနှစ်ငါးဆယ်က အုပ်ချုပ်မှုအလွဲအပါအဝင် အကြောင်းအမျိုးမျိုးကြောင့် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံစာရင်းဝင် တစ်နိုင်ငံဖြစ်ခဲ့ရသော မြန်မာနိုင်ငံကို အနာဂတ်အတွင်း ဖွံ့ဖြိုးပြီးနိုင်ငံ ဖြစ်လာစေရန် လက်ရှိအစိုးရက အပတ်တကုတ်ကြိုးပမ်းအားထုတ်လျက်ရှိသည်။ ယင်းသို့ နိုင်ငံ၏စီးပွားရေးကို တုံ့ဆိုင်းမှုမရှိဘဲ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရာတွင် SMEs ဖွံ့ဖြိုးတိုးတက်လာရန်အတွက် လုပ်နည်းစနစ်နှင့် နည်းလမ်းအသွယ်သွယ်ကို ရှာဖွေခဲ့ပြီး ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးပွားလာစေရန်အလို့ငှာ တညီတညွတ်တည်း စုပေါင်းအားထုတ်မှု ပြုလုပ်လျက်ရှိသည်။

နိုင်ငံတော်၏ အမျိုးသားစီးပွားရေးတိုးတက်မှုကို ဖြစ်ပေါ်လာစေရန်အတွက် စီးပွားရေးလုပ်ငန်းများ ထူထောင်ချိန်တွင် အသေးစားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှာ ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးရန် လိုအပ်ပေသည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရာတွင် အသေးစားကုန်ထုတ်လုပ်ငန်းစက်ရုံများမှာ အခြေခံအကျဆုံးအဖြစ် ပါဝင်ပြီး တစ်ဦးကျဝင်ငွေ တိုးတက်စေပါသည်။ ထို့ကြောင့် ပြည်ထောင်စုအစိုးရအနေဖြင့် SMEs ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင်လျက်ရှိပေသည်။

မြန်မာနိုင်ငံသည် အမျိုးမျိုးသော သဘာဝသယံဇာတပစ္စည်းများ၏ ပေါကြွယ်သည့်နိုင်ငံဖြစ်သည်။ အသေးစားစီးပွားရေးလုပ်ငန်းများ၏ အခြေအနေကို စဉ်ဆက်မပြတ်စောင့်ကြည့်စစ်ဆေးခြင်းဖြင့် ၎င်းတို့ကို အားပေးမြှင့်တင်ရန် လိုအပ်ပေသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် SMEs များ ဖွံ့ဖြိုးတိုးတက်မှုနှင့် တိုက်ရိုက်အချိုးကျနေသောကြောင့် ဖြစ်သည်။

မည်သည့်စီးပွားရေး၊ နိုင်ငံရေး သို့မဟုတ် အုပ်ချုပ်ရေးစနစ်တွင်မဆို ခိုင်မာသောအခြေခံအုတ်မြစ်သည်သာလျှင် စွမ်းအားမြင့်မားသော အခြေခံအဆောက်အအုံများ ပေါ်ထွန်းလာစေရန် အထောက်အကူပြုပေးသည်။ ဒီမိုကရက်တစ်နိုင်ငံတစ်နိုင်ငံတွင် လူမှုအဖွဲ့အစည်းများသည် အခြေခံအကျဆုံး အုတ်မြစ်အဖြစ် ပြည်သူလူထုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လှုပ်ရှားသည်။ ရပ်ကွက်နှင့် ကျေးရွာအုပ်စုကော်မတီများနှင့် ပြည်သူကို ကိုယ်စားပြုသည့် အသင်းအဖွဲ့များသည် တစ်စုံတစ်ခုသော လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ ပကတိအခြေအနေမှန်များကို စောင့်ကြည့်စစ်ဆေးရန် လိုအပ်ပါသည်။ ဆိုလိုသည်မှာ ပြည်သူလူထု၏ လိုအပ်ချက်များနှင့် အမျိုးသားအကျိုးစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံလိုအပ်ချက်များကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ သို့သော်လည်း SMEs များ အောင်မြင်မှုရရှိရန်အတွက် လိုအပ်ချက်များ ရှိနေပေသေးသည်။ အထူးသဖြင့် ကြီးမားပြီး အရေးပါသည့် အလားအလာကောင်းသော ဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်နိုင်ရေးသည် ခိုင်မာမှုမရှိသေးသည်သာမက အောင်မြင်မှုနှင့် အလှမ်းဝေးနေဆဲဖြစ်သည်။

စီးပွားရေးကောင်းမွန်လာစေရေးအတွက် လိုအပ်ချက်များတွင် ပြည်ပပို့ကုန်များ တိုးတက်တင်ပို့နိုင်မှုနှင့် သွင်းကုန်များ လျှော့ချတင်သွင်းရန်တို့ အပါအဝင်ဖြစ်ပါသည်။ သို့တိုင်အောင် မြန်မာနိုင်ငံအနေဖြင့် အမှန်တကယ်အခြေအနေအရ တန်ဖိုးနည်းသွင်းကုန်များအပေါ် အားသာနေဆဲဖြစ်ပြီး အကြီးစားကုန်ပစ္စည်းများကိုမူ ထည့်သွင်းပြောဆိုရန်ပင် မလိုပေ။ ထို့အပြင် SMEs က ထုတ်လုပ်သော ကုန်ပစ္စည်းများ အလားအလာရှိသော ဈေးကွက်များသို့ ထိုးဖောက်ဝင်ရောက်ရန် အခက်အခဲနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်။

နိုင်ငံ၏ ပြည်ပသွင်းကုန်ပစ္စည်းများ၊ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံများမှ သွင်းကုန်ပစ္စည်းများသည် မြန်မာ့ဈေးကွက်တွင် နေရာယူထားဆဲဖြစ်သည်။ ယင်းတို့ဖြစ်ရခြင်းမှာ SMEs မှ ထုတ်လုပ်သော ကုန်ပစ္စည်းများ၏ အရည်အသွေး သင့်တင့်လျောက်ပတ်သော ဈေးနှုန်းများနှင့် ပြည်သူလူထုလိုအပ်သော ပမာဏနှင့် ညီမျှသည့် လုံလောက်သည့်ပမာဏ ရရှိမှုတို့ကြောင့်ဟု မှတ်ယူရသည်။ မြန်မာနိုင်ငံအနေဖြင့် ကုန်ကြမ်းပစ္စည်းများကိုသာ အများဆုံးတင်ပို့နိုင်သည်။ ပြီးနောက် နိုင်ငံခြားတိုင်းပြည်များမှ သွင်းကုန်ပစ္စည်းများကို ကျွန်ုပ်တို့၏ ကုန်ကြမ်းပစ္စည်းဖြင့် သန့်စင်ထုတ်လုပ်ထားသော သွင်းကုန်များကိုပင်လျှင် ဝယ်ယူတင်သွင်းနေရခြင်းပင်ဖြစ်သည်။

ပေါင်းရုံးသုံးသပ်ရပါလျှင် ဒေသအခြေခံအသင်းအဖွဲ့များအနေဖြင့် SMEs များနှင့် လိုအပ်ချက်များကို စောင့်ကြည့်စစ်ဆေးပြီး ကူညီပံ့ပိုးရန် လိုအပ်သကဲ့သို့ စီးပွားရေးလုပ်ငန်းလုပ်သူများနှင့် စီးပွားရေးလုပ်ငန်းရှင်များကလည်း ၎င်းတို့၏ ကိုယ်ကျိုးစီးပွားကိုသာ မကြည့်ဘဲ ကမ္ဘာ့ဈေးကွက်များသို့ SMEs ၏ ထုတ်ကုန်များကို ထိုးဖောက်ဝင်ရောက် နေရာယူနိုင်ရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

## အမြွှာကလေးငယ်များအား ငွေကြေးနှင့် အာဟာရပစ္စည်းများ ထောက်ပံ့

**ဖျာပုံ ဇန်နဝါရီ ၁၁**

ဖျာပုံခရိုင် အမျိုးသမီးရေးရာအဖွဲ့မှ ဦးဆောင်ကျင်းပသည့် အမြွှာကလေးများအား ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၉ ရက်က ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များတက်ရောက်၍ အမြွှာကလေးငယ်များအား ငွေကြေးနှင့် အာဟာရများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

"ကျွန်မတို့ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ရဲ့ စီစဉ်မှုနဲ့ မြို့ပေါ်ရပ်ကွက် ၁၉ ခုနဲ့ ကျေးရွာ ၄ ရွာမှာရှိတဲ့ မွေးစမှ ၃ နှစ်အတွင်းရှိ နွမ်းပါးတဲ့ အမြွှာကလေးငယ် ၁၆ တွဲကို တစ်စုံလျှင် တစ်လတစ်သောင်းနှုန်းနဲ့ ၆ လစာ ထောက်ပံ့ပေးတာပါ၊ ငွေကြေးအပြင် အိုဗာတင်း၊ နို့မှုန့်နဲ့ ဝေဖာမုန့်ပါ ထောက်ပံ့ပေးတာဖြစ်ပါတယ်" ဟု ခရိုင်အမျိုးသမီးရေးရာအဖွဲ့အတွင်းရေးမှူး ဒေါ်စိုးစိုးရီက ပြောသည်။

**သပြေထွန်း**

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၁၁

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒုတိယသမ္မတများထံတို့သို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိကြသည်။**

### အင်ဒိုနီးရှားသမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒိုက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်၊ မြန်မာအစိုးရနှင့် မြန်မာပြည်သူများထံသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရသည့်အတွက် ဂုဏ်ယူပါသည်။ ယခုကဲ့သို့ သမိုင်းဝင်အထိမ်းအမှတ် ကျင်းပသည့် အချိန်အခါသမယတွင် အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုများ ဆက်လက်အခွန့်ရှည်စွာ ဖြစ်ပေါ်လာစေရန်နှင့် မိမိတို့နှစ်နိုင်ငံ ပြည့်စုံကြွယ်ဝစေရန်အတွက် နှစ်ဦးနှစ်ဖက်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ပါစေကြောင်း၊ မြန်မာနိုင်ငံကြီး တိုးတက်စေရန်နှင့် အဆွေတော် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံစေရန် ဆန္ဒမွန် ကောင်းတောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျိုကိုဝီဒိုဒို က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါ သဝဏ်လွှာတွင် အင်ဒိုနီးရှားသမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများ ကိုယ်စား မိမိအနေဖြင့် အဆွေတော်၊ မြန်မာအစိုးရနှင့် မြန်မာပြည်သူများထံသို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။ အစိုးရနှင့် ပြည်သူများ ပြည့်စုံကြွယ်ဝမှုနှင့် ညီညွတ်ခြင်းများဖြစ်ပေါ်ပါစေကြောင်းနှင့် ဆက်လက်အခွန့်ရှည် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။ မြန်မာနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ အထူးသဖြင့် ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ငါးလုပ်ငန်းနှင့် လယ်ယာလုပ်ငန်းများစသည့် မဟာဗျူဟာကျသော ကဏ္ဍများမှတစ်ဆင့် တစ်နိုင်ငံနှင့် တစ်နိုင်ငံဆက်ဆံရေး ပိုမိုဖြစ်ထွန်းလာမည်ဟု ယုံကြည်ကြောင်း၊ နှစ်နိုင်ငံပြည်သူအချင်းချင်းနီးကပ်စွာဆက်သွယ်မှုများနှင့် ဆက်လက်ဖြစ်ပေါ်နေသည့် အပြုသဘောဆောင် ဆွေးနွေးမှုများကလည်း နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုနက်နဲစွာ ဖြစ်ပေါ်လာမည်ဟုယုံကြည်ကြောင်း၊ လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာပြည်သူများအနေဖြင့် ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ပါစေဟု ဆုတောင်းကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ယူဆွတ်ကာလာက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် မြန်မာပြည်သူများ သာယာပျော်ရွှင်ပါစေရန် ဆုမွန်ကောင်းတောင်းလျက် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။ ရှေးနှစ်ပေါင်းများစွာကပင် အင်ဒိုနီးရှားနှင့် မြန်မာနိုင်ငံတို့သည် နီးကပ်ပြီးဟန်ချက်ညီသော ဆက်ဆံရေးကို ထူထောင်ခဲ့ကြောင်း၊ နှစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ဖြစ်ထွန်းလာမည်ဟု ယုံကြည်ကြောင်း၊ အဆွေတော်အနေဖြင့် ကာယသုခ၊ ဉာဏသုခနှစ်ဖြာသော သုခများဖြင့် ပြည့်စုံမည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာပြည်သူများလည်း ပြည့်စုံကြွယ်ဝဖြစ်ထွန်းလာမည်ဟု မျှော်လင့်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ယူဆွတ်ကာလာ က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။ အခုလိုပျော်ရွှင်ဖွယ်ကောင်းသည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည့်စုံကြွယ်ဝမှုများ ယူဆောင်လာပါစေကြောင်းနှင့် မြန်မာပြည်သူများ တိုးတက်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါကြောင်း၊ နှစ်နိုင်ငံ ပြည်သူများ တည်ငြိမ်ရေးနှင့် ပြည့်စုံကြွယ်ဝစေရန် နယ်ပယ်စုံ၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် အင်ဒိုနီးရှားနှင့် မြန်မာနှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုများ ဆက်လက် ဖြစ်ထွန်းလာမည်ဟု မျှော်လင့်ပါကြောင်း၊ အဆွေတော်အနေဖြင့် သုခအပေါင်းနှင့် ပြည့်စုံပါစေကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စစ် ရက်နိုအယ်လ်ပီ မာဆူဒီ က ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့ အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါသည်။ အကျိုးရှိပြီး အပြုသဘောဆောင်သည့် ဆွေးနွေးမှုများ လုပ်ဆောင်နိုင်ခဲ့သည့် ၂၀၁၇ ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် ကျင်းပပြုလုပ်ခဲ့သည့် တွေ့ဆုံဆွေးနွေးပွဲများမှသည် နှစ်နိုင်ငံ ဆက်ဆံရေး ပိုမိုတိုးတက်ဖြစ်ထွန်းမည်ဟု ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များတွင် အဆွေတော်နှင့်အတူတကွ နီးကပ်စွာလုပ်ကိုင်သွားရန် မျှော်လင့်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာ-တရုတ်-လာအို-ထိုင်း လေးနိုင်ငံ မဲခေါင်-လန်ချန်းမြစ်ကြောင်း ပူးပေါင်းကင်းလှည့်ခြင်းအပေါ် ညှိနှိုင်းမှု အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာ-တရုတ်-လာအို-ထိုင်း လေးနိုင်ငံ မဲခေါင်-လန်ချန်းမြစ်ကြောင်း ပူးပေါင်းကင်းလှည့်ခြင်းအပေါ် ညှိနှိုင်းမှု အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ရှိ Summit Park View Hotel ၌ ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ အမှတ်(၂)လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူး၊ ရေကြောင်းရဲတပ်ဖွဲ့မှူး၊ ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးမှ ရဲဆက်ဆံရေးသံမှူးကြီး၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်း နိုင်ငံတို့မှ ကိုယ်စားလှယ်များ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြသည်။





ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး **(အပေါ်ပုံ)** က မြန်မာ၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ဆက်စပ်နေသော မဲခေါင်မြစ်ကြောင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၂၀၁၁ ခုနှစ်မှစ၍ လေးနိုင်ငံ ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပူးပေါင်းကင်းလှည့်ခြင်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကင်းလှည့်ဆောင်ရွက်ခြင်း အပါအဝင် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာများကို ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြန်လည်သုံးသပ် ဆွေးနွေးခြင်း၊ အပြန်အလှန်ကူညီပေးခြင်းများ ဆောင်ရွက်ခဲ့သောကြောင့် မဲခေါင်ဒေသတွင် ယခင် ၁၀ နှစ်ကာလနှင့် နှိုင်းယှဉ်ပါက များစွာ အေးချမ်းတည်ငြိမ်မှု ရှိလာသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ယခုအခါ အာရှနိုင်ငံများတွင်သာမက ကမ္ဘာ့နိုင်ငံအသီးသီးတွင် အကြမ်းဖက်မှု၊ မူးယစ်ဆေးဝါးမှု၊ လူကုန်ကူးမှု၊ ငွေကြေးခဝါချမှုနှင့် ဆိုက်ဘာမှုခင်းများမှာ တိုးတက်ဖြစ်ပေါ်နေ၍ ထိုကဲ့သို့မှုခင်းများ လျော့နည်းကျဆင်းရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရန် အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးကို ဆက်လက်ကျင်းပရာ မဲခေါင်မြစ်ကြောင်း တစ်လျှောက်သာမက မဲခေါင်ဒေသတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် သတင်းအချက်အလက်ဖလှယ်မှုများ ပိုမိုမြှင့်တင်ပူးပေါင်း ဆောင်ရွက်ရေး၊ မဲခေါင်မြစ်ကြောင်း ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်တွင် နယ်စပ်ဆက်ဆံရေးရုံးများ၏ အခန်းကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြှင့်တင်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသများတွင် ဖြစ်ပွားမှုအများဆုံးဖြစ်သည့် မူးယစ်ဆေးဝါး၊ လူကုန်ကူးမှု၊ လောင်းကစားမှုနှင့် တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင် ရောင်း၊ ဝယ်မှုများ တားဆီးနှိမ်နင်းရေး လုပ်ငန်းများ ပိုမိုမြှင့်တင်ဆောင်ရွက်ရေး၊ နယ်စပ်ဒေသတွင် တာဝန်ထမ်းဆောင်နေသော ခရိုင်အဆင့်၊ မြို့နယ်အဆင့်များ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်မှုများ ပိုမိုမြှင့်တင်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာ

**နေပြည်တော် ဇန်နဝါရီ ၁၁**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဖိတ်ကြားချက်အရ နေပြည်တော်သို့ ရောက်ရှိနေသည့် “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ မော်ဖဒေသ၊ မက်မန်းမြို့နယ်မှ ရှမ်း ၊“ဝ”၊ လားဟူ တိုင်းရင်းသား/သူများ၊ ကချင်ပြည်နယ် ပူတာအို၊ မြစ်ကြီးနားမြို့နယ်မှ ရဝမ်၊ ဂျိမ်းဖော တိုင်းရင်းသား/သူများ၊ ချင်းပြည်နယ် ပလက်ဝ၊ လိုင်လင်းပီ၊ ရှင်းလက်ဝမြို့နယ်မှ ချင်းတိုင်းရင်းသား/ သူများ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံး၊ ဆီဆိုင်၊ ပင်လောင်းမြို့နယ်မှ ပအိုဝ်း တိုင်းရင်းသား/သူများနှင့် အုပ်ချုပ်သူ ၁၂၀ သည် ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော်သို့ လာရောက်လေ့လာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား ပြည်ထောင်စုလွှတ်တော်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ လွှတ်တော်အဆောက်အအုံများသို့ လိုက်လံရှင်းပြခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျိုက်လတ်နှင့် ဒေးဒရဲမြို့နယ်အတွင်းရှိ သံဃာတော်၊ ဘိုးဘွားများအား ထောက်ပံ့လှူဒါန်းမည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် လိပ်ပြာကန်ကျောင်းတိုက် နန္ဒာအောင်မြေကျောင်း ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ နိမလနှင့် ညီအစ်ကိုမောင်နှမ၊ တပည့်၊ ဒါယကာ၊ ဒါယိကာမများက ရောဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်နှင့် ဒေးဒရဲမြို့နယ်အတွင်းရှိ ပင့်သံဃာတော်များအား သက်န်းပရိက္ခရာရှစ်ပါးနှင့် ပိဋကတ်သုံးပုံ ဆက်ကပ်လှူဒါန်းမည် ဖြစ်သည်။

### လှူဒါန်း

ထို့အပြင် သက်ကြီးဘိုးဘွားများအား အဝတ်အထည်နှင့် ဆေးဝါးများ လှူဒါန်းခြင်းတို့ကို ဇန်နဝါရီ ၁၄ ရက် နံနက်တွင် ဒေးဒရဲမြို့နယ် ထိုင်ကူခြစ်တန်းကျေးရွာ ဂုံမင်းကွင်းကျေးရွာအုပ်စု ကျောင်းသစ်ကျောင်းတိုက်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး(မြန်မာ့အလင်း)**



ပြည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးနှင့် အောင်မင်္ဂလာဈေးတို့တွင် ပွင့်လင်းရာသီတွင် အဖွဲ့ပိုင်ဈေးများ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဇန်နဝါရီ ၉ ရက်က မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ကျော်၊ အမှုဆောင်အရာရှိ သူရဦးမြင့်သူနှင့် ပြည်ခရိုင် မီးသတ်ဦးစီး ဦးအေးကျော်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့်ပူးပေါင်း၍ မီးသတ်ယာဉ်များဖြင့် လက်တွေ့သရုပ်ပြစဉ်။

မြင့်နိုင်(ပြည်)

**နိုင်ငံတစ်ဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်**



# မြတ်စောညီနောင်ဘုရား နောင်တော်စေတီစိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အသစ်တို့အား မြို့တွင်းလှည့်လည်ပူဇော်ခံ

**တောင်ငူ ဇန်နဝါရီ ၁၁**

သမိုင်းဝင် မြတ်စောညီနောင်ဘုရား နောင်တော်စေတီမှ စိန်ဖူးတော်အသစ်နှင့် ငှက်မြတ်နားတော်အသစ်တို့ကို မူလအလှူရှင်၏ မိသားစုဝင်များက ပြန်လည်အစားထိုးလှူဒါန်းကြမည်ဖြစ်ရာ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူပြီး ဇန်နဝါရီ ၁၁ ရက် နံနက် ၈ နာရီတွင် စိန်ဖူးတော်သစ်အလှူရှင် ကိုဇင်ကိုဝင်း - မကေသွယ်ဝင်း မင်းကြီးညိုရပ်ကွက် ဟံသာဝတီလမ်း နေအိမ်မှတစ်ဆင့် တောင်ငူမြို့တွင်းလမ်းများမှ သမိုင်းဝင် ရွှေဆံတော် ဘုရားပေါ်သို့ ဒေဝါဝင်း၊ ရာဇာဝင်း၊ ရတနာပုံဝင်း၊ ပုဂံဝင်း၊ ခုနစ်ပြည်ထောင်ဝင်းများဖြင့် လှည့်လည်ပင့်ဆောင်အပူဇော်ခံခဲ့သည်။

စိန်ဖူးတော်အသစ်နှင့် ငှက်မြတ်နားတော်အသစ်တို့ကို ဇန်နဝါရီ ၁၁ ရက်မှ ၁၇ ရက်အထိ ရွှေဆံတော်ဘုရားတောင်ဘက်ရွှေနှင်းဆီ ဓမ္မာရုံ၌ ခုနစ်ရက်တိုင်တိုင် ယာယီအပူဇော်ခံထားရှိမည်ဖြစ်ပြီး ဇန်နဝါရီ ၁၈ ရက်တွင် သမိုင်းဝင်မြတ်စောညီနောင်ဘုရား နောင်တော်စေတီ၌ မင်္ဂလာအခါတော်ပေးကို နံနက် ၉ နာရီ ၉ မိနစ်တွင် ပြန်လည်တင်လှူသွားမည်ဖြစ်သည်။

အလှူရှင် ကိုဇင်ကိုဝင်းက " ကျွန်တော်တို့အဘွား အဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီရွှေနှင်းဆီ ဒေါ်အုန်းခင်လှူဒါန်းခဲ့တဲ့ စိန်ဖူးတော် ပျောက်ဆုံးကြောင်းသိခဲ့ရလို့ များစွာစိတ်မကောင်းဖြစ်မိပါတယ်၊ ကျွန်တော်တို့ ရွှေနှင်းဆီ ဒေါ်အုန်းခင် မျိုးဆက်သစ်အနေနဲ့ စိန်ဖူးတော်နဲ့ ရွှေကြာမောက် ၃၀ သား၊ ရွှေခေါင်းလောင်း ၁၀ သား၊ ငွေကြာမောက်ငွေကြာလန်တို့ကို ပြန်လည်လှူဒါန်းခွင့်ရခဲ့ပါတယ်၊ အဲ့ဒီ နောက်မှာ CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးကလည်း တစ်ဝက်လှူချင်ပါတယ်ဆိုလို့ ကျွန်တော်တို့နှစ်ဦးကမကထပြုလုပ် လှူဒါန်းဖြစ်ခဲ့ပါတယ်" ဟု ပြောသည်။ အလှူရှင်မကေသွယ်ဝင်းက စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် လှူဒါန်းရာတွင် မတည်အလှူရှင်များနှင့်အတူ တောင်ငူမြို့သူ မြို့သားများ၊ ရပ်ဝေးရပ်နီးက အလှူရှင်များကလည်း ရတနာပစ္စည်းများ လှူဒါန်းခဲ့ကြကြောင်း ပြောကြားခဲ့သည်။

အဆိုပါ စိန်ဖူးတော်ကြီးသည် တောင်ငူမြို့၏ အရှေ့ဘက် ဒိုးသောင်ကျေးရွာရှိသမိုင်းဝင်မြတ်စောညီနောင်ဘုရား နောင်တော်စေတီမှ စိန်ဖူးတော်ပျောက်ဆုံးကြောင်း ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က သိရပြီး ပျောက်ဆုံးမှုကိုသက်ဆိုင်ရာမှ ဆက်လက်စုံစမ်းလျက်ရှိကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# ပဲခူးတိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၄/ ၂၀၁၈**
**၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်)**
**ပဲခူးတိုင်းဒေသကြီး ဝန်ကြီး ရာထူးမှ နုတ်ထွက်ခွင့်ပြုခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၄၊ ပုဒ်မခွဲ(က)နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ဥပဒေပုဒ်မ ၅၂၊ ပုဒ်မခွဲ(ခ)တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများအား ယင်းတို့၏ သဘောဆန္ဒအလျောက် တိုင်းဒေသကြီးဝန်ကြီးရာထူးမှ နုတ်ထွက်ခွင့်ပြုလိုက်သည်-

(၁) ဦးကျော်မင်းဇံ သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
(၂) ဦးမောင်မောင်လွင် စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီးဌာန

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# ကရင်ပြည်နယ် ဘားအံမြို့ လူမှုအခြေပြုဗဟိုဌာန၌ လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပမည်

**နေပြည်တော် ဇန်နဝါရီ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) များကို ကျင်းပလျက်ရှိရာ **လူငယ်နှင့်စာပေ** ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇန်နဝါရီ ၁၃ ရက် နံနက် ၁၀ နာရီခွဲတွင် ကရင်ပြည်နယ် ဘားအံမြို့ လူမှုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ပြုလုပ်မည်ဖြစ်သည်။

**မည်သူမဆို တက်ရောက်နိုင်**

အဆိုပါ ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ကရင်ပြည်နယ် အစိုးရအဖွဲ့ဝင် မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ စာရေးဆရာ မင်းခိုက်စိုးစံ၊ စာရေးဆရာမ နှင်းဝေငြိမ်းနှင့် ဒေသခံလူငယ်ကိုယ်စားလှယ် မနန်းထက်ထက်လင်းစိုးတို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အကြိုညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

(၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ အကြိုညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုင်းရင်းဆေးပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာရီရီမြင့်က သဘာပတိအဖြစ်ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်)မှ ဦးသောင်းနိုင်နှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရှမ်း)မှ ဦးစိုင်းစိုးသက်နိုင် (ခ) ဦးလှမြင့်တို့က ဆောင်ရွက်ကြသည်။

**အမှာစကားပြောကြား**

ဆွေးနွေးပွဲတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သဘာပတိ ဒေါက်တာရီရီမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်တိုင်းရင်းဆေးသမားတော် ညီလာခံကိုယ်စားလှယ်များက အဆိုပြုချက်များအား အုပ်စုလိုက်ဆွေးနွေးကြပြီး အဆိုတစ်ခုချင်းစီအတွက် အဆိုတင်သွင်းသူ နှစ်ဦးနှင့် အဆိုထောက်ခံသူ နှစ်ဦးတို့အား ပဏာမရွေးချယ်ကြသည်။

**အတည်ပြုရွေးချယ်**

ယင်းနောက် အုပ်စုအလိုက် ပဏာမရွေးချယ်ထားသည့် အဆိုတင်သွင်းထောက်ခံမည့် ကိုယ်စားလှယ်အသီးသီးက အဆိုတင်သွင်းခြင်းနှင့် ထောက်ခံခြင်းများကို ဆောင်ရွက်ကြပြီး သဘာပတိအဖွဲ့များက အဆိုတစ်ခုချင်းစီအတွက် အဆိုတင်သွင်းသူ တစ်ဦးနှင့် အဆိုထောက်ခံသူ တစ်ဦးတို့အား အတည်ပြုရွေးချယ်ကြသည်။

နေ့လယ်ပိုင်းတွင် အဆိုပြုချက်တစ်ခု ချင်းစီအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အုပ်စုဖွဲ့ဆွေးနွေးကြပြီး ထွက်ပေါ်လာသည့် လုပ်ငန်းစဉ်များအား အတည်ပြုရွေးချယ်ထားသည့် ညီလာခံကိုယ်စားလှယ်များက ရှင်းလင်းတင်ပြကြသည်။



**တာဝန်ရှိသူများ တက်ရောက်**

ဆွေးနွေးပွဲသို့ တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရီရီမြင့်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ဗဟို)မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တိုင်းရင်းဆေးသမားတော်ညီလာခံကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဇန်နဝါရီ ၁၂ ရက်တွင် ကျင်းပမည့် (၁၈)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံတွင် မြန်မာ့တိုင်းရင်းဆေးပညာ၏ သမားစဉ်ကုထုံးနည်းစနစ်များနှင့် အစွမ်းထက်ဆေးဝါးများကို ရောဂါအလိုက် ရှာဖွေဖော်ထုတ်၍ တိုင်းရင်းဆေးရုံများနှင့် တိုင်းရင်းဆေးကုဌာနများတွင် လက်တွေ့အသုံးချနိုင်ရေးကြိုးပမ်းဆောင်ရွက်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာ အဆင့်အတန်းကို နိုင်ငံတကာအဆင့်သို့ မြှင့်တင်နိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် ကျန်းမာရေးပညာပေးခြင်းကို အိမ်ရှင်မများထံ ရောက်ရှိအောင် ဆောင်ရွက်ပေးရန်၊ နယကြီးလေးပါးကို အခြေခံသည့် မြန်မာ့တိုင်းရင်းဆေးပညာ ကုထုံးနည်းစနစ်များကို အမျိုးသားရေး အမွေအနှစ်အဖြစ် ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရန်နှင့် ခေတ်အဆက်ဆက် တိုင်းရင်းဆေးပညာ သင်ကြားရေးနည်းစနစ်များကို ဆန်းစစ်သုံးသပ်၍ မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ပြန့်ပွားရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရန် ဆိုသည့် အဆိုပြုချက်ငါးချက်ကို တင်သွင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ Golden View Tower ၊ ဦးအောင်မြတ်လမ်းနှင့် ၁၂၃ လမ်းထောင့်၊ ပထမထပ်၊ အမှတ်(၂၃)တွင် ပါတီရုံးချုပ် တည်ရှိသော **ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life for Development Party)**က ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားချက်အရ ယင်းပါတီက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပြီး အများပြည်သူကန့်ကွက်နိုင်ကြောင်း ၁၆.၁၁.၂၀၁၇ ရက်နေ့ သတင်းစာများတွင် ထည့်သွင်းကြော်ငြာခဲ့ပါသည်။

၂။ ယင်းအဖွဲ့အစည်း၏ အလံနှင့် တံဆိပ်တို့အား ကန့်ကွက်မှုရှိခဲ့သည့်အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ရာတွင်လည်း ယင်းအလံနှင့် တံဆိပ်တို့ကို ဆက်လက်အသုံးပြုရန် မသင့်လျော်ကြောင်း တွေ့ရှိရသဖြင့် သက်ဆိုင်ရာပါတီကို ခေါ်ယူတွေ့ဆုံ၍ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီအလံနှင့် တံဆိပ်တို့ကို ပြင်ဆင်စေခဲ့ပါသည်။

၃။ သို့ပါ၍ **ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life for Development Party )**က ပြင်ဆင်တင်ပြလာသည့် ယခုဖော်ပြပါအလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုကယခုကြေညာသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life for Development Party)၏ အလံပုံစံ**

**ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်ရေးပါတီ (People Life for Development Party)၏ တံဆိပ်ပုံစံ**



နိုင်ငံတော်က ဘွဲ့တံဆိပ်တော်အလှူခံရရှိသည့် ဆရာတော်ကြီးနှစ်ပါးအား ထပ်ဆင့် ဂုဏ်ပြုပူဇော်ပွဲနှင့် ပထမပြန် စာအောင်သံဃာတော်များနှင့် သီလရှင်များကို စာအောင်လက်မှတ်ဆက်ကပ်သည့် စူဠဘွဲ့နှင်းသဘင်ကို ဇန်နဝါရီ ၉ ရက်က မိတ္ထီလာမြို့ အောင်မင်္ဂလာခန်းမ၌ ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ အသောကာရုံ ရေလည်တိုက်ကျောင်း ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တလာဘာဝတထံသို့ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ဆက်ကပ်လှူဒါန်းစဉ်။ ချမ်းသာ(မိတ္ထီလာ)



နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများနှင့် တိပိဋကသြဝါဒါစရိယ ဆရာတော်ကြီးများအား နှလုံးနှင့် ပတ်သက်သည့် စစ်ဆေးမှုများဖြစ်သော ECG၊ Echo ရိုက်ပေးခြင်း၊ Stress Test အခမဲ့ ပြုလုပ်ပေးခြင်းတို့ကို ဇန်နဝါရီ ၁၁ ရက်က ဝိတိုရိယဆေးရုံကြီးမှ ကုသိုလ်ယူစစ်ဆေးပေးစဉ်။ တင်စိုး(မြန်မာ့အလင်း)

# မြန်မာငရုတ်သီးများ မှိုတက်ခြင်းနှင့် ကာကွယ်ခြင်း

**ဖိုးကျား(ဆေးဝါး)**

၁၁-၁၂-၂၀၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၇)၌ မြန်မာ့ငရုတ်သီးအချို့တွင် အဖ်လာတောဆင် (Aflatoxins)ခေါ် မှိုအဆိပ်များ ပါရှိနေကြောင်း ဖော်ပြထားသည်ကို တွေ့ရပါသည်။

ဤကဲ့သို့ မှိုများရှင်သန်နိုင်ခြင်း၏ အဓိကအကြောင်းမှာ ၎င်းငရုတ်သီးများ၏ အတွင်း(အပြင်)၌ ရေ သို့မဟုတ် ရေငွေ့များ တွယ်ကပ်နေခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းရေ သို့မဟုတ် ရေငွေ့များကို ဖယ်ရှားပေးရန် ယန္တရားငယ်များပြည်တွင်း၌ တီထွင်၍ အသုံးပြုပေးပါက ဤပြဿနာများ ပြေလည်သွားမည် ဖြစ်ပါသည်။

**တီထွင်ဆောင်ရွက်သင့်**

လူကြီးမင်း၏ သတင်းစာ၌ ဖော်ပြထားသလို နေရောင်ခြည်စွမ်းအင်သုံးစွဲသော ယန္တရားငယ်များလည်း အသုံးပြုနိုင်ပါသည်။ GTI သို့မဟုတ် YTU,YIT တို့မှ ဘွဲ့ရစက်မှုအင်ဂျင်နီယာအချို့နှင့် တွဲဖက်ပြီး ယန္တရားဒီဇိုင်းဆွဲ၍ လုပ်ငန်း၏ အကြီး၊ အသေးကိုလိုက်ပြီး လိုအပ်သလို တီထွင်ဆောင်ရွက်သွားသင့်ပါသည်။

ပြည်ပသို့ ရောင်းချလိုသော ငရုတ်သီးများအတွက်ကိုမူ ကောင်းမွန်သော စိုက်ပျိုးရေးကျင့်စဉ် (Good Agricultural Practice / GAP) အရ စိုက်ပျိုးထုတ်လုပ်ကြရန် လိုအပ်ပါမည်။ ထိုနည်းဖြင့် တောင်သူဦးကြီးများ၏ ဝင်ငွေကို တိုးပွားစေမည့်အပြင် နိုင်ငံတော်အတွက်လည်း နိုင်ငံခြားငွေများ ပိုမိုရရှိနိုင်မည် ဖြစ်ပါသည်။

**နည်းပညာအကူအညီရယူရန်**

အကယ်၍ ယခုဖော်ပြပါ စက်ယန္တရားနည်းပညာကို ပြည်တွင်း၌ တီထွင်ခြင်းကို မစောင့်ဆိုင်းနိုင်သော အကြောင်းရှိပါက ဟန်ဂေရီနိုင်ငံရှိ Research Institute for Medicinal Plants at budakalazs ထံမှ နည်းပညာများကို အကူအညီရယူရန် စဉ်းစားသင့်ပါကြောင်း အပြုသဘောဖြင့် ရေးသားလိုက်ရပါသည်။

# ဂျိုးဖြူရေလွှတ်အားနည်း၍ လမ်းမတော်မြို့နယ် လမ်းအချို့တွင် ရေတင်မရဖြစ်နေ

**ရန်ကုန် ဇန်နဝါရီ ၁၁**

လမ်းမတော်မြို့နယ်အတွင်း လမ်းအချို့ရှိ တိုက်ခန်းအချို့တွင် ယခုရက်ပိုင်း ရေမော်တာဖွင့် ရေတင်ရာတွင် ရေတင်မရ ဖြစ်နေသည်။ လမ်းမတော်မြို့နယ် စည်ပင်ရုံး ရေဌာနသို့ ဖုန်းဆက်အကူအညီတောင်းခံခဲ့ရာ ယင်းဌာနမှ ဝန်ထမ်းတစ်ဦး လာရောက်ကြည့်ရှုမေးမြန်းပြောဆိုရာမှ ပင်မရေပိုက်လိုင်းအတွင်းသို့ အရပ်အခေါ် ဂျိုးဖြူရေ အလွှတ်နည်းနေသောကြောင့် ယခုရက်ပိုင်းတွင် အခက်အခဲ တွေ့ကြုံနေရကြောင်း ၅ ရပ်ကွက် ၁၁ လမ်းအတွင်းနေ ရေတင်မရ၍ ရုံးသို့ အကူအညီတောင်းခံခဲ့သူတစ်ဦးက ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက ပြောသည်။

ယင်းလမ်းအတွင်း မြေအောက်ရေရယူသော စက်ရေတွင်း ရှိခဲ့သော်လည်း တူးဖော်အသုံးပြုပြီး တစ်နှစ်ဝန်းကျင်အကြာ ရေအရည်အသွေးကျဆင်း၍ သက်ဆိုင်ရာမှ ပိတ်သိမ်းသွားသည်ဟု သိရသည်။

အနော်ရထာလမ်းနှင့် လှည်းတန်းလမ်းထိပ်တွင် နံနက်ပိုင်းနှင့် ညနေပိုင်း တစ်ရက်လျှင် နှစ်ကြိမ် ပင်မရေပိုက်လိုင်းမှ လမ်းအတွင်းရှိ ရေပိုက်လိုင်းအတွင်းသို့ ရေအားဖြည့်ပေးပို့လွှတ်နေသည်ကို ရေစက်မောင်းချိန် အသိပေးစာအရ သိရသော်လည်း ယခုရက်ပိုင်းတိုက်ခန်းများတွင် ရေတင်မရဖြစ်နေခြင်းနှင့် ကြုံတွေ့နေရသည့်အတွက် သက်ဆိုင်ရာသို့ အကူအညီတောင်းခံရာမှ ပင်မရေပိုက်လိုင်းအတွင်း ရေရောက်ရှိမှုနည်းနေကြောင်း သိရသည်။

ယင်းသို့မြို့နယ်အလိုက် ပင်မရေလှောင်ကန်များမှ ရေပို့လွှတ်အားနည်းလျှင် ရေကြိုတင်စုဆောင်းထားရန် သက်ဆိုင်ရာမှ ကြိုတင်အသိပေးတတ်သည်။ ယခုရက်ပိုင်းတွင်မူ ယင်းသို့ ကြိုတင်အသိပေးထားခြင်းမရှိ၍ လမ်းအတွင်းနေသူများ ရေအခက်အခဲနှင့် တွေ့ကြုံလာရသည်။

မြေအောက်ရေထုတ်ယူသုံးစွဲခြင်း အစား လမ်းများအတွင်းရှိ ရေပိုက်လိုင်းများသို့ ပင်မရေပိုက်လိုင်းကြီးများမှ ရေအားဖြည့်ပိုက်လိုင်းချခြင်း၊ ရေစက်မော်တာများ တပ်ဆင်ပေးခြင်းတို့ကို ကားလမ်းမနှင့် လမ်းသွယ်အချို့ထိပ်များတွင် မြင်တွေ့ရသည်ဟု လမ်းမတော်မြို့နယ်အတွင်းနေသူတစ်ဦးက ဆိုသည်။

ယင်းသို့ ရေအားဖြည့်ပေးခြင်းများကို သက်ဆိုင်ရာမှ မြို့နယ်အတွင်းနေသူများ ရေကောင်းရေသန့်များ သုံးစွဲနိုင်ရေး လုပ်ဆောင်ပေးခြင်းနှင့်အတူ အမှန်တကယ် ရေအားဖြည့်ခြင်းများ ရှိလာရန် အလေးပေးဆောင်ရွက်ပေးစေလိုသည်ဟု အငြိမ်းစားဝန်ထမ်းတစ်ဦးက ဆိုသည်။

ယခုရက်ပိုင်း တွေ့ကြုံနေရသော ရေတင်၍ မရဖြစ်နေခြင်းကို မိမိအနေဖြင့်သက်ဆိုင်ရာသို့ သတင်းပို့တင်ပြပေးမည်ဖြစ်ကြောင်း အကူအညီတောင်းခံသော ၁၁ လမ်းအတွင်းရှိ တိုက်ခန်းသို့ လာရောက်ကြည့်ရှုမေးမြန်းခဲ့သူ မြို့နယ်ရုံးဝန်ထမ်းက ပြောသည်။ တိုက်ခန်းနေပြည်သူများ သောက်ရေအတွက် ရေသန့်ဘူးကြီးများ ဝယ်ယူသုံးစွဲနိုင်သော်လည်း သုံးရေအတွက်မူ အခက်အခဲရှိရာ အထပ်မြင့်ရှိ အဆောင်များတွင် ပိုမိုအခက်အခဲဖြစ်တတ်သည်ဟု လမ်းမတော်မြို့နယ်အတွင်း အထပ်မြင့်အဆောင်တိုက်ခန်းနေ စက်မှုဆိပ်ကမ်းဝန်ထမ်း မမိုးက ဆိုသည်။

ပုံမှန်ကာလရေမရပါက ပိုက်ဖောက်ပြုလုပ်ခြင်းများ ဆောင်ရွက်ရာ ငွေကြေးကုန်ကျခြင်း များပြားသည်သာမက လမ်းသားအချို့ကိုပါ တူးဖော်ရပြီး လုပ်ငန်းဆောင်ရွက်ပြီးချိန် ပြန်ပိတ်ပေးရသည်ဟု တိုက်ခန်းပိုင်ရှင်တစ်ဦးက ဆိုသည်။

**ခင်ဆိုင်**

❍ *ကျောဖုံးမှ*

အသင်း ပြောင်းသွားသောကြောင့် ပုံမှန်ခြေစွမ်းမပြနိုင်ဘဲ ပထမပိုင်းတွင် ထိရောက်သည့် ဂိုးသွင်းခွင့်အချို့သာ ဖန်တီးနိုင်ခဲ့သည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ကစားသမားများ အပြောင်းအလဲလုပ်ကာ တိုက်စစ်အား မြှင့်ခဲ့သော်လည်း စစ်ကိုင်း ယူနိုက်တက်အသင်းကသာ ပွဲကို ဆက်လက်စိုးမိုးနိုင်ခဲ့ပြီး ဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း ရခိုင်နောက်တန်းနှင့် ဂိုးသမားတို့ အမှားမရှိခဲ့၍ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့ခြင်း ဖြစ်သည်။

ပွဲစဉ်(၁) ဒုတိယနေ့ကို ဇန်နဝါရီ ၁၂ ရက် **(ယနေ့)** ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပမည် ဖြစ်ပြီး ဇွဲကပင်အသင်းနှင့် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

# ဒသမ အကြိမ်မြောက် ရခိုင်ရိုးရာရထားဆွဲပွဲတော် ကျင်းပမည်

**စစ်တွေ ဇန်နဝါရီ ၁၁**

စစ်တွေမြို့လုံးကျွတ် ရခိုင်ရိုးရာ အစဉ်အလာမပျက်ကျင်းပမည့် ဒသမအကြိမ်မြောက် ရထားဆွဲပွဲတော်ကြီးကို ဇန်နဝါရီ ၂၇ ရက်မှ ၃၁ ရက်(တပို့တွဲလပြည့်နေ့)အထိ စစ်တွေမြို့ ဝက်ပါကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

စစ်တွေမြို့တွင် နှစ်ပေါင်း ၄၀ ကြာ ပျောက်ကွယ်လုနီးပါး ဖြစ်နေခဲ့သော ရထားဆွဲပွဲကို စစ်တွေမြို့ မိဇ်ရပ်ကွက်မှ စတင်ပြီးကျင်းပခဲ့ပါကြောင်း၊ ယခုဆိုလျှင် မြို့ပေါ်ရပ်ကွက်များမှလည်း အလှည့်ကျဦးဆောင်ပြီး ကျင်းပလျက်ရှိကြောင်း၊ ဒသမအကြိမ်မြောက် ရထားဆွဲပွဲတော်ကြီးကို ရွာကြီးမြောက်ရပ်ကွက်မှ တာဝန်ယူပြီး ကျင်းပသွားမည်ဖြစ်ကြောင်း ရခိုင်ရိုးရာရထားဆွဲပွဲကျင်းပရေးတွင် ဦးဆောင်ပါဝင်သူ ဦးကျော်မင်းက ပြောကြားသည်။

ရခိုင်ရိုးရာ ရထားဆွဲပွဲကို မြန်မာ့ဆယ့်နှစ်လရာသီတွင် တပို့တွဲလ၌ ကျင်းပသော ပွဲဖြစ်သည်။ တပို့တွဲလတွင် နက္ခတ်တာရာများ စုံလင်သည့်လဖြစ်သောကြောင့် ရခိုင်တို့သည် ရထားဆွဲပွဲကို ယခုလတွင် ကျင်းပကြခြင်းဖြစ်သည်ဟုသိရသည်။

ရထားဆွဲပွဲကို ကျင်းပခြင်းအားဖြင့် လယ်ယာသီးနှံများ အထွက်တိုးခြင်း၊ ကောက်ပဲသီးနှံ ဆန်ရေစပါးများပေါများခြင်း၊ တိုင်းပြည်နိုင်ငံ အေးချမ်းသာယာခြင်း၊ မင်းနှင့်ပြည်သူတို့ ကြည်ဖြူလက်တွဲကာ အရာရာကိုအောင်မြင်နိုင်စေခြင်း စသည့် ကောင်းခြင်းမင်္ဂလာများ ပြည့်စုံစေသည်ဟု ယုံကြည်ချက်များဖြင့် ရထားဆွဲပွဲကို ကျင်းပခြင်းဖြစ်သည်ဟုလည်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ထိုင်းနိုင်ငံ ပထုံဌာနီ ကျောက်ပြားစက်ရုံမှ မြန်မာအလုပ်သမားများ အခက်အခဲများဖြစ်ပေါ်

**ပထုံဌာနီ ဇန်နဝါရီ ၁၁**

ထိုင်းနိုင်ငံ ပထုံဌာနီ နဝနာခွန်တရာမက်စူ မြို့နယ် ကျောက်ပြားစက်ရုံတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာ MoU အလုပ်သမားများ လုပ်ငန်းခွင်အတွင်း လုပ်ခလစာ အခက်အခဲများ ရင်ဆိုင်ကြုံတွေ့နေရကြောင်း ယမန်နေ့ မွန်းလွဲပိုင်းက ထိုင်းနိုင်ငံမှ လာသည့်သတင်းများအရ သိရသည်။

အဆိုပါ အလုပ်သမားများအား စက်ရုံမှ တာဝန်ရှိသူများက အချိန်ပိုလုပ်အားခ (OT) ကြေးများပေးအပ်ခြင်း မရှိသည့်အပြင် နံနက် ၇ နာရီမှ ည ၇ နာရီအထိ အလုပ်ချိန် လုပ်အားခအဖြစ် ထိုင်းဘတ် ၃၀၀ ဘတ်နှုန်းဖြင့်သာ ရှင်းပေးကြောင်း၊ အလုပ်သမားများ၏ အထောက်အထား ပတ်စ်ပို့စာအုပ်များအား စတင်အလုပ်ဝင်ရောက်စဉ် ကတည်းက သိမ်းဆည်းခံထားရကြောင်း၊ ဆက်လက်အလုပ်မလုပ်နိုင်သူများအား အလုပ်မှ ထွက်ခွာသွားနိုင်ကြောင်း၊ စာအုပ်များပြန်လိုချင်ပါက ဘတ် ၈၅၀၀ ဖြင့် ပြန်လည်ရွေးယူရမည်ဖြစ်ပြီး နေထိုင်ရာ အခန်းမှ ထွက်ခွာရမည်ဖြစ်ကြောင်း၊ လက်ရှိ အဆိုပါ အလုပ်သမားအဖွဲ့ထဲမှ အလုပ်သမား ခြောက်ဦးအား အလုပ်မှ ထုတ်ပစ်ထားကြောင်း၊ အဆိုပါ လုပ်သမားများ၏ အခက်အခဲများကို မြန်မာသံရုံးတာဝန်ရှိသူများထံသို့ ဖြေရှင်းပေးနိုင်ရေး အကူအညီများ တောင်းခံထားကြောင်း၊ လတ်တလော ရင်ဆိုင်နေရသည့်အခက်အခဲများကြောင့် ယာယီဖျက်သိမ်းခံထားရသည့် ထိုင်းနိုင်ငံအခြေစိုက် အလုပ်သမားများ အကူအညီပေးလျက်ရှိသည့်(AAC) မဟာမိတ်အဖွဲ့ထံသို့ မိမိတို့၏ သဘောဆန္ဒအလျောက် လာရောက်အကူအညီတောင်းခံခြင်း ဖြစ်ကြောင်း အခက်အခဲ ဖြစ်ပေါ်လျက်ရှိသည့် အလုပ်သမားများ၏ ပြောဆိုချက်အရ သိရသည်။

**ကျော်စိုး(ကော့သောင်း)**

✱ *ကျောဖုံးမှ*

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏နားလည်မှုနှင့် အစိုးရ၏ နားလည်မှု မတူညီသည့်အပေါ် အမြန်ဆုံးတွေ့ဆုံဖြေရှင်းနိုင်ရန် ခေါ်ယူကျင်းပခြင်းဖြစ်ကြောင်း ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးက ပြောကြားသည်။

ကရင်အမျိုးသား အစည်းအရုံး ဥက္ကဋ္ဌ စောမူတူးစေးဖိုးက "လွှတ်တော်ပြင်ပလမ်းကြောင်းဖြစ်တဲ့ NCA ကို အခြေခံတဲ့ နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ လမ်းကြောင်းကိုသွားဖို့ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ သက်ဆိုင်ရာ Stake-holder တွေ အားလုံးပါဝင်ပြီး တိုင်းပြည် ပြန်လည်ထူထောင်ရေးအတွက် ပါဝင်ကြဖို့ သဘောတူညီကြပြီးဖြစ်ပါတယ်၊ ဒါဟာ နိုင်ငံရေးယဉ်ကျေးမှုသစ်လို့ခေါ်တဲ့ တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းဆိုတဲ့ အခြေခံကို အကောင်အထည်ဖော်တာပဲဖြစ်တယ်၊ လူထုတွေ့ဆုံပွဲတွေ၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေဟာ နိုင်ငံရေးယဉ်ကျေးမှုသစ်ရဲ့ ကျောရိုးတွေဖြစ်ပါတယ်၊ ဒါဟာ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးကို ဖော်ဆောင်တာဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဟာ အမိန့်ပေးနာခံမှုစနစ်နဲ့ သွားတာမျိုးမဟုတ်ဘဲ အပြန်အလှန် အသိအမှတ်ပြုမှု လေးစားမှုပြုကြကာ ယုံကြည်မှုတည်ဆောက်ခြင်းကို အခြေခံတာဖြစ်တဲ့အတွက် Stakeholder တွေကြား ဘုံသဘောထားရရှိရေး ညှိနှိုင်းကြဖို့ လိုပါတယ်၊ တစ်ဖက်နှင့်တစ်ဖက် စိုးရိမ်မှုတွေကို ဖော်ထုတ်ပြီး အဖြေရှာမှသာ အနှစ်သာရရှိတဲ့ တွေ့ဆုံဆွေးနွေးပွဲတွေဖြစ်ပေါ်လာမှာ ဖြစ်ပါတယ်"ဟု အဖွင့်အမှာစကားတွင် ပြောကြားသည်။

ယနေ့ပြုလုပ်သည့် PPST ၏ အရေးပေါ် အစည်းအဝေးသို့ PPST ထိပ်သီးခေါင်းဆောင်များသာမက နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ အလွတ်သဘောတွေ့ဆုံ ဆွေးနွေးရေးအဖွဲ့ဝင်များနှင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC)မှ တာဝန်ရှိသူများပါ တက်ရောက်ခဲ့ကြသည်။

"နိုင်ငံရေးပြဿနာရဲ့အမြင့်ဆုံးသော ထိပ်တိုက်ရင်ဆိုင်မှုဖြစ်တဲ့ လက်နက်ကိုင်စွဲပြီး အပြန်အလှန်တိုက်ခိုက်ကြတဲ့ အတွေ့အကြုံတွေကြောင့် မယုံကြည်မှုတွေ၊ သံသယစိတ်တွေ၊ စိုးရိမ်စိတ်တွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်တဲ့ အဓိက Stakeholders တွေကြားမှာ အမြစ်တွယ်နေကြတာဟာ ငြင်းလို့မရတဲ့ အချက်တစ်ခု ဖြစ်ပါတယ်၊ ဒီဟာတွေက အခု နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်တဲ့အခါမှာ လာပြီးပွတ်တိုက်မှု ဖြစ်လာရတာ ဖြစ်တယ်၊ ဒါကြောင့် NCA ရဲ့အဓိပ္ပာယ်ဖွင့်ဆိုမှုတွေအပေါ် နားလည်မှု တူညီခြင်း မရှိသေးဘူးလို့ ကောက်ချက်ချရမှာဖြစ်ပါတယ်၊ ဒါကြောင့် NCA ရဲ့ မူတစ်ခုဖြစ်တဲ့ တွေ့ဆုံညှိနှိုင်းအဖြေရှာခြင်းဆိုတဲ့ အခြေခံကနေ အဖြေရှာနိုင်ဖို့လိုကြောင်း ပြောကြားလိုပါတယ်" ဟု စောမူတူးစေးဖိုးက ပြောသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST)အရေးပေါ်အစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက်မှ ၁၂ ရက်အထိ နှစ်ရက်တာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-အောင်အောင်(ချင်းမိုင်)**

# UEHRD ဦးဆောင်၍ ရခိုင်ပြည်နယ်အတွင်း နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများကို ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိ


မောင်တောမြို့နယ် ခုံတိုင်ကျေးရွာ၌ ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းက လှူဒါန်းမည့် ကျေးလက်နေအိမ်ပုံစံ။

**နေပြည်တော်  ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ်အတွင်း လူသားချင်း စာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး ပြည်ထောင်စုစီမံကိန်း (UEHRD) ဦးဆောင်၍ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ပြန်လည်စိစစ်လက်ခံရေးစခန်း သုံးခုဖွင့်လှစ်၍ တိုင်းရင်းသားများ၊ ဟိန္ဒူဘာသာဝင်များနှင့် အစ္စလာမ်ဘာသာဝင်များအား ပြန်လည်နေရာချထားနိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်လျက်ရှိသည်။

ပြန်လည်လက်ခံရေးစခန်းများအဖြစ် တောင်ပြိုလက်ဝဲ၊ ငါးခူရနှင့် လှဖိုးခေါင်ကြားစခန်းတို့တွင် UEHRD ၏ ဆောက်လုပ်ရေးလုပ်ငန်းအဖွဲ့နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့က တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဟိန္ဒူဘာသာဝင်များ ပြန်လည်နေရာ ချထားနိုင်ရေးအတွက် အိုးထိန်း၊ မြို့မအရှေ့ ကြိမ်ချောင်း၊ တောင်ပြို၊ မြို့မချောင်း၊ ရွှေဇား၊ မြို့ဦးနှင့် လေးမိုင်တို့တွင် လူနေအိမ်များ ဆောက်လုပ်လျက်ရှိသည်။

ဒေသခံတိုင်းရင်းသားများအတွက် သစ်တုံးနားခွဆုံ (မြို့)ရွာ၊ ခုံတိုင် (မြို့) ရွာ၊ ဇော်မတက်အုပ်စု၊ ပဒကားရွာသစ်၊ အောင်စစ်ပြင်အုပ်စု တောင်ပြိုကားလမ်းဘေး၊ ဖော်တီတောင်(မာရမာ) မူလကျေးရွာ၊ နံသာတောင်(ရခိုင်) မူလကျေးရွာ၊ သက်တိုင်ညာ (သက်)မူလကျေးရွာ၊ အောင်သပြေရွာ၊ အောက်ပြူးမနှင့် ခမောင်းဆိပ်မြို့အနီးတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့များ၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ တပ်မတော်၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် အလှူရှင်များက လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဘုန်းတော်ကြီးကျောင်းများ တည်ဆောက်ပေးလျက်ရှိကာ စေတီများလည်း တည်ထားပေးလျက်ရှိသည်။

အစ္စလာမ်ဘာသာဝင်များအတွက်လည်း ကျေးရွာများတွင် လူနေအိမ်များ ဆောက်လုပ်ပေးလျက်ရှိသည်။

ယခုအခါ ကြိုတင်ပြင်ဆင်မှုများ ထိုက်သင့်သလောက်ပြီးစီးလျက်ရှိပြီး ပြန်လည်လက်ခံမည့်အချိန် အသင့်ရှိနေစေရေး တာဝန်ရှိသူအဆင့်ဆင့်က အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မောင်တောမြို့နယ်မှာ ပဋိပက္ခဖြစ်စဉ်တွေကြောင့် ပညာရေးစနစ် နိမ့်ကျစေပြီး ဆရာ ဆရာမလိုအပ်ချက် ဖြည့်ဆည်းပေးဖို့ အရေးကြီးပါတယ်

**ဦးရဲသီဟကျော်(ကျောင်းဆရာ)**


နော်မြစေး (ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ)


ဒေါ်စိုးစိုး(အထက်တန်းပြ၊ အမှတ်-၁ အခြေခံပညာအထက်တန်းကျောင်း)


ဦးဝေစိန်အောင် (စစ်တွေမြို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်)


ဦးရဲသီဟကျော် (ကျောင်းဆရာ အမက-ခွဲ၊ ခူတိုင်)


ဦးနေမျိုးနိုင် (ကျောင်းဆရာ အမက-ခွဲ၊ ခူတိုင်)

**အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါ်နော်မြစေးနှင့် အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြို့နယ်ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းအုပ်ကြီးများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဇန်နဝါရီ ၁၀ ရက်က မောင်တောမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပခဲ့သည်။**

အဆိုပါ အခမ်းအနားသို့ တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ဒေသခံများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံ၍ လက်ရှိ မောင်တောမြို့၏ ပညာရေးအခြေအနေ၊ ရှေ့ဆက်လုပ်ဆောင်သွားမည့် ပညာရေးမြှင့်တင်ဆောင်ရွက်မှု အခြေအနေများနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့သည်-

**နော်မြစေး (ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီ)**

အခုလို တွေ့ဆုံပွဲတွေပြုလုပ်ပေးခြင်းဟာ ဆရာ ဆရာမတွေအတွက် စိတ်ဓာတ်အားမြှင့်တင်ပေးတဲ့ သဘောပါ၊ ဒီတွေ့ဆုံပွဲမှာ ဆရာ ဆရာမတွေရဲ့ တင်ပြချက်တွေနဲ့ ပတ်သက်ပြီး ပြည်ထောင်စုအဆင့်တွေကိုလည်း ဆက်လက်တင်ပြမယ်၊ မောင်တောမြို့ ပညာရေးမြှင့်တင်မှုအတွက် လွှတ်တော်ပိုင်းအနေနဲ့ ညှိနှိုင်းပေးတဲ့ သဘောပါ၊ ဘယ်လိုဆောင်ရွက်ပေးမလဲ၊ ဘယ်လောက်ထိ လုပ်ပေးနိုင်မလဲဆိုတာတော့ ပညာရေးဝန်ကြီးဌာနနဲ့ ပြန်ညှိနှိုင်းပေးရမှာ ဖြစ်ပါတယ်။

**“ မောင်တောမြို့ရဲ့ ပညာရေးမြှင့်တင်မှု အပိုင်းအနေနဲ့ ကျောင်းသား၊ မိဘ၊ တာဝန်ရှိသူတွေပေါင်းပြီး လုပ်ကြရမယ်လို့ ထင်တယ်၊ ဒီလိုတွေ့ဆုံပွဲ လုပ်ပေးခြင်းအားဖြင့် မောင်တောမြို့ရဲ့ အခြေအနေကို အထက်က တာဝန်ရှိသူတွေလည်း သိသွားမယ်၊ ဒီလို သိသွားပြီး လိုအပ်တာတွေ ဖြည့်ဆည်းပေးနိုင်မယ်ဆိုရင် တိုးတက်လာမယ်လို့ ထင်ပါတယ် ”**

**ဒေါ်စိုးစိုး (အထက်တန်းပြ၊ အမှတ်-၁ အခြေခံပညာ အထက်တန်းကျောင်း)**

မောင်တောမြို့ရဲ့ ပညာရေးမြှင့်တင်မှု အပိုင်းအနေနဲ့ ကျောင်းသား၊ မိဘ၊ တာဝန်ရှိသူတွေပေါင်းပြီး လုပ်ကြရမယ်လို့ ထင်တယ်၊ ဒီလိုတွေ့ဆုံပွဲ လုပ်ပေးခြင်းအားဖြင့် မောင်တောမြို့ရဲ့ အခြေအနေကို အထက်ကတာဝန်ရှိသူတွေလည်း သိသွားမယ်၊ ဒီလိုသိသွားပြီး လိုအပ်တာတွေ ဖြည့်ဆည်းပေးနိုင်မယ်ဆိုရင် တိုးတက်လာမယ်လို့ ထင်ပါတယ်၊ နောက်ပြီး ဆရာ ဆရာမတွေအတွက် ကျောင်းကားတွေ ဆောင်ရွက်ပေးနိုင်မယ်ဆိုရင် သွားလာရေး အဆင်ပြေသွားမှာ ဖြစ်ပါတယ်၊ မဖွင့်နိုင်သေးတဲ့ ကျောင်းတွေတောင် သွားလာရေး အဆင်ပြေမယ်၊ လုံခြုံရေးအဆင်ပြေမယ်ဆိုရင် ကလေးတွေ ပညာသင်ဖို့ အဆင်ပြေလာမယ်လို့ မြင်ပါတယ်၊ လက်ရှိအခြေအနေကတော့ သွားလာရတာအဆင်မပြေဘူး၊ ဖြစ်စဉ်ပြီးတဲ့နောက်ပိုင်းမှာ ကားခတွေ ဈေးကြီးသွားတယ်၊ School Bus တွေ စီစဉ်ပေးမယ်ဆိုရင် ဆရာ ဆရာမတွေအတွက် သွားလာရေး အဆင်ပြေမယ်၊ လမ်းစရိတ်တွေလည်း အဆင်ပြေသွားမှာပါ။

**ဦးဝေစိန်အောင်(စစ်တွေမြို့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်)**

အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက လွှတ်တော်ပိတ်ရက်အတွင်းမှာ စစ်တွေ၊ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်ဒေသတွေမှာ ပညာရေးနဲ့ သက်ဆိုင်တဲ့ကိစ္စတွေ သွားရောက်ပြီးတော့ လုပ်ဆောင်ချင်ပါတယ်ဆိုပြီး ဥက္ကဋ္ဌဆီမှာ ခွင့်တောင်းတယ်၊ ခွင့်ပြုချက်ရတော့ ဇန်နဝါရီ ၆ ရက်မှာ နေပြည်တော်က စထွက်ပါတယ်၊ ၈ ရက်မှာ စစ်တွေမြို့ ပြည်နယ်၊ ခရိုင်ပညာရေးမှူးတွေ၊ ပညာရေးဝန်ထမ်းတွေနဲ့ တွေ့ဆုံခဲ့ပါတယ်၊ တွေ့ဆုံပွဲမှာ အပြန်အလှန် ဆွေးနွေးမှုတွေ လုပ်ခဲ့ပါတယ်၊ အဲဒီနေ့မှာပဲ စစ်တွေတက္ကသိုလ်က ပါမောက္ခချုပ်နဲ့ တာဝန်ရှိသူတွေကိုတွေ့ဆုံပြီး လိုအပ်တာတွေ ဆွေးနွေးပါတယ်၊ ဒါ့အပြင် စစ်တွေမြို့ပေါ်က နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်က ဆရာ ဆရာမတွေနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပြီး အင်္ဂလိပ်ခေတ်ကတည်းက အထင်ကရကျောင်းဖြစ်တဲ့ အထက-၂ ကို သွားရောက်လေ့လာခဲ့ပါတယ်။

ဇန်နဝါရီ ၉ ရက်မှာ ရသေ့တောင်၊ ဘူးသီးတောင်မြို့နယ်မှာရှိတဲ့ ပညာရေးဝန်ထမ်းတွေနဲ့ တွေ့ဆုံခဲ့ပါတယ်၊ ပညာရေးဝန်ထမ်းတွေက သူတို့မြို့နယ်မှာ ပဋိပက္ခဖြစ်စဉ်တွေကြောင့် ကျောင်းတွေ ပိတ်ထားရတာတွေ၊ ပြီးတော့ ဆရာ ဆရာမလစ်လပ်နေမှုကို ဖြည့်ဆည်းပေးဖို့ဆိုတဲ့ သူတို့ကြုံတွေ့နေရတဲ့ အခက်အခဲတွေ တင်ပြပါတယ်။

**ဦးရဲသီဟကျော်(ကျောင်းဆရာ၊ အမက-ခွဲ၊ ခူတိုင်)**

အခုလို အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက လာရောက်တွေ့ဆုံပေးတာ ကောင်းပါတယ်၊ မောင်တောမြို့နယ်မှာက ပဋိပက္ခဖြစ်စဉ်တွေကြောင့် ပညာရေးစနစ်ကို နိမ့်ကျစေပါတယ်၊ နောက်ပြီးတော့ ဆရာ ဆရာမအင်အားနဲ့ ကျောင်းသားအချိုးက မမျှတဘူးဖြစ်နေတယ်၊ အဲဒါကြောင့် လိုအပ်နေတဲ့ ဆရာ ဆရာမတွေ ဖြည့်ဆည်းပေးဖို့ တင်ပြခဲ့ပါတယ်၊ ကျေးရွာတွေဘက်မှာ စာသင်ပေးရတာက မြို့ပေါ်ကျောင်းတွေနဲ့ မတူဘူး၊ အခက်အခဲတွေရှိတယ်၊ မိဘတွေက သူတို့ သားသမီးတွေကို ပညာရေးဘက်မှာ အားပေးတာ မရှိသလောက် ရှားတယ်၊ ကျောင်းသား ကျောင်းသူတွေကလည်း ပညာရေးဘက်မှာ စိတ်ဝင်စားမှုနည်းပါတယ်၊ နောက်ပြီးတော့ ဆရာ ဆရာမ လိုအပ်ချက်တွေ ဖြည့်ဆည်းပေးဖို့ အလွန်အရေးကြီးပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ နယ်ဘက်က ကျေးရွာမှာရှိတဲ့ အထက်တန်း ကျောင်း(ခွဲ)မှာဆိုရင် စုစုပေါင်း ဆရာ ဆရာမ သုံးယောက်ပဲရှိတဲ့အတွက်ကြောင့် ကလေးတွေ စာတတ်မြောက်ဖို့ သင်ကြားရေးအပိုင်းမှာ လိုအပ်ချက်တွေ ရှိနေပါတယ်၊ အဲဒါကြောင့် ဒီနေ့ရောက်ရှိလာတဲ့ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှု ကော်မတီမှ တာဝန်ရှိသူတွေက တစ်ဆင့် နိုင်ငံတော်အစိုးရကို တင်ပြပြီး ဆရာ ဆရာမ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ မျှော်လင့်ထားပါတယ်။

**ဦးနေမျိုးနိုင်(ကျောင်းဆရာ၊ အမက-ခွဲ၊ ခူတိုင်)**

အခုလိုမျိုး အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီက တာဝန်ရှိသူတွေ လာရောက်တွေ့ဆုံတဲ့အတွက် ဆရာ ဆရာမတွေအနေနဲ့ ပညာရေးဘက်မှာ ပိုမိုအာရုံစိုက်ပြီး လုပ်ဆောင်လာမယ်လို့ မျှော်လင့်ပါတယ်၊ ပဋိပက္ခတွေ ဖြစ်နေတဲ့ အနေအထားမှာ ဆရာ ဆရာမတွေ၊ ကျောင်းသား ကျောင်းသူတွေ အားလုံးက စိုးရိမ်ထိတ်လန့်မှုကြောင့် သင်ကြားမှု သင်ယူမှုအပိုင်းမှာ အာရုံစိုက်လို့ မရသေးပါဘူး၊ လုံခြုံမှုမရှိဘူးဆိုတဲ့စိတ်တွေ၊ ကြောက်စိတ်တွေကြောင့် ဖြစ်ပါတယ်၊ အခုဖြစ်နေတဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေကို ကုစားဖို့ဆိုရင် အချိန်ပေးရမှာပါ၊ ဇန်နဝါရီ ၅ ရက်က ဖြစ်စဉ်ကြောင့် စိုးရိမ်ထိတ်လန့်မှုကို ပိုမိုဖြစ်စေပါတယ်၊ လုံခြုံမှုရှိတယ်ဆိုတဲ့ စိတ်ခံစားချက်ကို ရာနှုန်းပြည့် ယုံကြည်မှုရလာအောင် တာဝန်ရှိသူတွေအနေနဲ့ လုပ်ဆောင်ပေးရင် ပိုကောင်းမယ်လို့ ထင်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း-အောင်ရဲသွင်၊ ကိုမင်း၊
ဓာတ်ပုံ-အောင်မင်း**

# ရခိုင်ပြည်နယ်တွင် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော ၆၆ ကေဗွီ ဓာတ်အားလိုင်း တည်ဆောက်သွားမည်

နေပြည်တော် ဇန်နဝါရီ ၁၁

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန သတင်းထုတ်ပြန်ခြင်းအခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၌ ကျင်းပရာ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဌေးအောင်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းကြသည်။** (အောက်ပုံ)

အဆိုပါ အခမ်းအနားတွင် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်ရှိ ၂၃၀/ ၆၆/၁၁ ကေဗွီ၊ ၁၀၀ အမ်ဗွီအေ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံမှတစ်ဆင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တောမြို့နယ်များနှင့် ပတ်ဝန်းကျင်ကျေးရွာများသို့ နိုင်ငံတော်ဓာတ်အားစနစ်မှ ဓာတ်အားပေးနိုင်ရန် ဖြစ်ပါကြောင်း၊ ၆၆/၁၁ ကေဗွီ၊ ၂၀ အမ်ဗွီအေ ပုဏ္ဏားကျွန်းဓာတ်အားခွဲရုံတိုးချဲ့ခြင်း လုပ်ငန်းများကို ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၁ ရက်တွင် စတင် တည်ဆောက်ခဲ့ရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင် ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ပါသဖြင့် ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ဓာတ်အားပို့လွှတ်နိုင်ခဲ့ပါကြောင်း။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် စတင်တည်ဆောက်ခဲ့သည့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင် ဓာတ်အားလိုင်း ၂၂ ဒသမ ၆ မိုင် တည်ဆောက်ခြင်းလုပ်ငန်းများကို ၅၀ ဒသမ ၉၇ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ် အောက်တိုဘာ ၁ ရက်က စတင်တည်ဆောက်ခဲ့သည့် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၃၃ ဒသမ ၂၃ ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁ ရက်က စတင်တည်ဆောက်ခဲ့သည့် ၆၆ ကေဗွီ ရသေ့တောင်-ဘူးသီးတောင် ဓာတ်အားလိုင်း ၃၃ ဒသမ ၅ မိုင်တည်ဆောက်ခြင်းလုပ်ငန်းများကို ၈ ဒသမ ၉၇ ရာခိုင်နှုန်းနှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်က စတင်တည်ဆောက်ခဲ့သည့် ၆၆/ ၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဘူးသီးတောင်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၄ ဒသမ ၅၄ ရာခိုင်နှုန်းပြီးစီးပြီး ဖြစ်ပါကြောင်း။



၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်- ဘူးသီးတောင် - မောင်တော ဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်မှု အခြေအနေနှင့် စပ်လျဉ်း၍ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ရသေ့တောင်ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ် မတ်လကုန်တွင် လည်းကောင်း၊ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ဘူးသီးတောင် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဇွန်လကုန်တွင် လည်းကောင်း၊ ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မောင်တောဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလကုန်တွင် လည်းကောင်း ပြီးစီးအောင် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်- မောင်တော ဓာတ်အားလိုင်း တည်ဆောက်ခြင်း လုပ်ငန်းအတွက် နိုင်ငံတော်ဘတ်ဂျက် ခွင့်ပြုရရှိပြီး ငွေကျပ် ၄၀၅၀ ဒသမ ၀၀၀ သန်းဖြစ်ပြီး တည်ဆောက်ရေးစရိတ် ငွေကျပ် ၃၀၃၅၅ ဒသမ ၃၆ သန်း ကုန်ကျခံ တည်ဆောက်လျက်ရှိပါကြောင်း ရှင်းလင်းသည်။

ဆက်လက်၍ အပူစွမ်းအင်သုံး စက်ရုံများဌာန၊ ဓာတ်အားပေးစက်ရုံ စီမံကိန်းများအခြေအနေနှင့် စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် မတ် ၂၀ ရက်က ဝန်ကြီးဌာန လက်အောက်ရှိ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းနှင့် U-Energy Thaketa Power Company (UREC) (China) တို့ Power Purchase Agreement- PPA စာချုပ် ချုပ်ဆို၍ ဆောင်ရွက်နေသော စီမံကိန်း ဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ပထမ ရက်သတ္တပတ်တွင် စမ်းသပ်မောင်းနှင်ခြင်း ပြုလုပ်မည်ဖြစ်ပါကြောင်း၊ အဆိုပါ စီမံကိန်းပြီးစီးပါက ရန်ကုန်တိုင်းဒေသကြီးအတွင်း သဘာဝဓာတ်ငွေ့ဖြင့် ဓာတ်အားထုတ်လုပ်မှု တိုးမြင့်လာမည်ဖြစ်ပြီး ရေရှည်တည်ငြိမ်ဓာတ်အား ပမာဏကို နိုင်ငံတော်ဓာတ်အားစနစ်အတွင်းသို့ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း။

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့မဓာတ်အားခွဲရုံတွင် 33KV Indoor GCB အသစ်တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်မှုအခြေအနေနှင့် စပ်လျဉ်း၍ ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ရာတွင် ဓာတ်အားခွဲရုံမှ ဓာတ်အားပေးထားသော ဓာတ်အားလိုင်းများအား ဓာတ်အားပိတ်ခြင်း မရှိတော့သဖြင့် ဓာတ်အားပြတ်တောက်မှုများ၊ အချိန်ကြာမြင့်ခြင်းများ မဖြစ်ပေါ်တော့ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်ပါကြောင်း ရှင်းလင်းသည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အောင်ချမ်းသာပင်မဓာတ်အားခွဲရုံ ၆၆/၁၁ ကေဗွီ ၁၀ အမ်ဗွီအေ ထရန်စဖော်မာအား ၂၀ အမ်ဗွီအေ ထရန်စဖော်မာဖြင့် အင်အားတိုးမြှင့်တပ်ဆင်ခြင်း၊ ၁၁ ကေဗွီဓာတ်အားလိုင်း တည်ဆောက်ခြင်းနှင့် ဓာတ်အားလိုင်း ထိန်းသိမ်းပြုပြင်ခြင်းများ လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ရေနံဓာတ်ငွေ့ရည် လက်လီအရောင်းဆိုင်များအား လိုင်စင် (ဃ)နှင့် (င)ထုတ်ပေးမှုအခြေအနေ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ၆၆ ကေဗွီ GIS ဓာတ်အားခွဲရုံများ အဆင့်မြှင့်တင် တည်ဆောက်ခဲ့သဖြင့် အများပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ရရှိပြီး ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်မှုအခြေအနေနှင့် ရန်ကုန်တိုင်းဒေသကြီးမြောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာရုံးအတွင်းရှိ 66/ 11-6.6KV၊ 20MVA ဓာတ်အားခွဲရုံ၌ 66 KV CT အစားထိုးလဲလှယ်ပြီး တည်ငြိမ်ပြည့်ဝသော လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်မှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသည့် သတင်းမီဒီယာများ၏ မေးမြန်းချက်များအား တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဖြေကြားကြသည်။

**သတင်းစဉ်**

# အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု မွမ်းမံသင်တန်းဖွင့်

**စစ်တွေ ဇန်နဝါရီ ၁၁**

ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ကြောင်း သိရသည်။

ရှေးဦးစွာ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဒေါက်တာကြည်လွင်က အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှု မွမ်းမံသင်တန်းကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၇ မြို့နယ်မှ ဆရာဝန်ကြီးများနှင့် သူနာပြုဆရာ ဆရာမများကို အရေးပေါ်ကျန်းမာရေးနှင့် ပတ်သက်ပြီး အသိပညာမြှင့်တင်မှု မွမ်းမံသင်တန်းများ ပေးသွားမည်ဖြစ်ကြောင်း၊ အရေးပေါ်ဖြစ်ပေါ်လာသည့်အချိန်တွင် အလျင်အမြန် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို လုပ်ဆောင်ရန်လိုအပ်ကြောင်း ပြောကြားသည်။

**သုံးရက်သင်ကြားပို့ချ**

အဆိုပါ သင်တန်းကို ရန်ကုန်ဆေးရုံကြီးမှ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆရာဝန်ကြီးခြောက်ဦးက အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ သင်ခန်းစာများနှင့် ပတ်သက်၍ စာတွေ့လက်တွေ့ သင်ကြားမည်ဖြစ်ကြောင်း၊ သင်တန်းတွင် သင်တန်းသား သင်တန်းသူ ၄၂ ဦးကို သုံးရက်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# ရှေးဟောင်းစေတီအား ပြုပြင်ရန်တူးဖော်စဉ် ရှေးဟောင်းကြေးဆင်းတုတော်နှင့် ကျောက်ဆင်းတုတော်များ တူးဖော်ရရှိ

**မိုးကောင်း ဇန်နဝါရီ ၁၁**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် မြို့ဟောင်းကျေးရွာတွင် ဇန်နဝါရီ ၁၀ ရက် နံနက်ပိုင်းက ရှေးဟောင်းစေတီအား ပြန်လည်ပြုပြင်ရန်တူးဖော်စဉ် ရှေးဟောင်းကြေးဆင်းတုတော်၊ ရှေးဟောင်း ကြေးဟင်္သာရုပ်၊ ကြေးဖလားခွက်နှင့် ကျောက်ဆင်းတုတော်များ တူးဖော်ရရှိကြောင်း သိရသည်။

မိုးကောင်းမြို့ အနောက်ဘက် ခြောက်မိုင်ခန့် မန်ရွက်ကျေးရွာအုပ်စု မြို့ဟောင်းကျေးရွာတောင်ဘက် နှစ်ဖာလုံခန့်တွင်တည်ရှိသည့် ရှေးဟောင်းစေတီတစ်ဆူအား ပြုပြင်မွမ်းမံရန်အတွက် မန်ရွက်ကျေးရွာ ပရိယတ္တိဝိဟာရဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဉူးသုမေ္ဓ ဦးစီး၍ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ကျေးရွာသူ၊ ကျေးရွာသားများက တူးဖော်စဉ် စေတီဟောင်းအတွင်းမှ ခုနစ်လက်မခန့်ရှိ ရှေးဟောင်း ကျောက်ဆင်းတုတော်နှစ်ဆူ၊ ခြောက်လက်မခန့်၊ ငါးလက်မခန့် လေးလက်မခန့် သုံးလက်မခန့် ဆင်းတုတော်တစ်ဆူစီ၊ ကြေးဆင်းတုတော်၏ ဦးခေါင်းအသေးတစ်ခု၊ သုံးလက်မခန့် ကြေးဟင်္သာရုပ်သုံးရုပ်၊ ကြေးဖလားတစ်လုံးတို့အား တူးဖော်ရရှိခဲ့ကြောင်း သိရသည်။



မိုးကောင်းမြို့သည် သမိုင်းအစဉ်အလာရှိသောမြို့ဖြစ်ကာ မိုးကောင်းမြို့ကို စတင်တည်ထောင်သော ခုနှစ်မှာ "အိမ်အောက်မြစိမ်း မိုးကောင်းကိန်း" ဟူသော တဘောင်အရ သက္ကရာဇ် ၁၁၅၃ ခုနှစ်တွင် ရှမ်းစော်ဘွားကြီး ခွန်ကောင်းဆိုင်က ရှမ်းဘာသာစကားဖြင့် "မိန်းကောင်း" ဟု မှည့်တွင်စေခဲ့သည်။ "မိန်း" ဆိုသည်မှာ မြို့တော်၊ "ကောင်း" ဆိုသည်မှာ အိုးစည်ဖြစ်၍ အိုးစည်မြို့တော်ဟု ရှေးယခင်က ခေါ်ဆိုခဲ့ရာမှ မိုးကောင်းမြို့ဟု တွင်လာခဲ့ခြင်းဖြစ်ပြီး ယခုလက်ရှိတည်နေရာ မြို့သည် စတုတ္ထအကြိမ် တည်သောမြို့ဖြစ်ပြီး ဘုရားပုထိုးစေတီဟောင်းများရှိရာ မြို့ဟောင်းကျေးရွာမှာ တတိယတည်ထောင်သော မိုးကောင်းမြို့ဟောင်းဖြစ်ကြောင်း သိရသည်။ **ဝင်းနိုင် (ကချင်မြေ)**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ တန်ဖိုးနည်း ရွှေလင်ဗန်းအိမ်ရာအပိုင်း (၂)၊ (၃)နှင့် ကနောင်အိမ်ရာစီမံကိန်း တိုက်ခန်းသစ်များ မကြာမီရောင်းချပေးမည်

**ရန်ကုန် ဇန်နဝါရီ ၁၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(ဆိပ်ကမ်း)မြို့နယ် ၉၈ ရပ်ကွက် ကနောင်တန်ဖိုးနည်းအိမ်ရာများ ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံတိုက်ခန်းသစ်များကို မကြာမီ ရောင်းချပေးတော့မည်ဖြစ်ကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးနွေမှူးက ပြောကြားသည်။

မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၏ ဆောက်လုပ်ပြီးစီးသည့် စီမံကိန်းအဆောက်အအုံ တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းသစ်များ ဝယ်ယူပိုင်ဆိုင်နေထိုင်လိုသည့် အခြေခံလူတန်းစားပြည်သူများသည် ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးဘဏ် (C.H.D.B) ဘဏ်ထံ၌ လျှောက်လွှာတင်သွင်းပြီး၍ သတ်မှတ်ထားသည့် အချက်အလက်နှင့်ညီသော တိုက်ခန်းတစ်ခန်း၏ တန်ဖိုးငွေ ၂၀ ရာခိုင်နှုန်းကို ပေးသွင်းပြီးသည့် စာရင်းဝင်အသိအမှတ်ပြုသူများထံသို့ တိုက်ခန်းအသစ်များ ရောင်းချပေးမည့် အသိပေးအကြောင်းကြားစာများ ပေးပို့လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါ တန်ဖိုးနည်းအိမ်ရာစီမံကိန်းရှစ်ခန်းတွဲ လေးထပ်မြင့် အဆောက်အအုံတိုက်ခန်းတစ်ခန်း၏ အနည်းဆုံးတန်ဖိုးမှာ ငွေကျပ်သိန်း ၁၀၀ ဖြစ်ပြီး အများဆုံးမှာ ငွေကျပ် ၁၂၅ သိန်းနှင့် ခြောက်ခန်းတွဲလေးထပ်မြင့် တိုက်ခန်းတစ်ခန်း၏ အနည်းဆုံးတန်ဖိုးမှာ ငွေကျပ် ၉၈ သိန်းနှင့် အများဆုံးမှာ ငွေကျပ်သိန်း ၁၂၀ ဖြစ်ကြောင်း၊ အထပ်အနိမ့် အမြင့်ပေါ် မူတည်၍ တိုက်ခန်းဈေးနှုန်း ကွာခြားချက်ရှိကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်သီဂီက ပြောကြားသည်။

**ကျင်မောင်(ဆိပ်ကမ်း)**

# ဖားကန့်မြို့နယ်၌ ဇန်နဝါရီလအတွင်း စွန့်ပစ်မြေစာပုံပြိုကျ၍ သေဆုံးသူ ၁၅ ဦးအထိရှိ



**ဖားကန့် ဇန်နဝါရီ ၁၁**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ်အတွင်း ဇန်နဝါရီ ၁၀ရက် နံနက် ၁၀ နာရီခန့်က ဆိပ်မူကျေးရွာအုပ်စု နန့်မော်ကျေးရွာအနီးရှိ ရတနာစန်းရွှင် ကျောက်မျက်တူးဖော်ရေးကုမ္ပဏီ မြေစာပုံအဟောင်း ပြိုကျရာမှ ရေမဆေးကျောက်ရှာဖွေသူ နှစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောက်မျက်တူးဖော်ရေး ကုမ္ပဏီအဟောင်းမှ စွန့်ပစ်မြေစာပုံတွင် ရေမဆေးကျောက်ရှာဖွေသူများ ကျောက်ရှာဖွေနေစဉ် အကျယ်ပေ ၂၀၀ ခန့် အမြင့်ပေ ၂၀၀ ခန့်ရှိသော မြေစာပုံပြိုကျခဲ့ခြင်းကြောင့် နန့်မော်ကျေးရွာနေ မောင်နေလှိုင် (၁၆ နှစ်)၊ မောင်ခိုင်ဇော်ဦး (၂၀ နှစ်)တို့ နှစ်ဦးမှာ မြေစာပုံပိ၍ သေဆုံးခဲ့ပြီး ပြန်လည်တူးဖော်ရရှိကာ တာဝန်ရှိသူများမှ ကျန်ရှိသူများ(အရေအတွက်စိစစ်ဆဲ)အား ရတနာစန်းရွှင်ကုမ္ပဏီပိုင်ဘက်ဟိုးယာဉ် ငါးစီးဖြင့် ဆက်လက်တူးဖော် ရှာဖွေနေကြောင်း သိရသည်။ (ဝဲပုံ)

ယခုရက်ပိုင်းအတွင်း မြေစာပုံပြိုကျမှုများ မကြာခဏဖြစ်ပေါ်နေပြီး ဇန်နဝါရီ ၄ ရက်က မော်မောင်းဘွမ်ကျေးရွာ ဂျိတ်လင်းကျောက်မျက်တူးဖော်ရေးကုမ္ပဏီ မြေစာပုံတွင် သေဆုံးသူ ခြောက်ဦး၊ ဇန်နဝါရီ ၆ ရက်က ဆိပ်မူကျေးရွာအုပ်စု ဝေခါ ကျေးရွာ အဂ္ဂရတနာကုမ္ပဏီမြေစာပုံတွင် ငါးဦး၊ ဇန်နဝါရီ ၇ ရက်က ရတနာမြေစာပုံကျေးရွာ ရတနာကြွယ်ဝသော မြေကုမ္ပဏီမြေစာပုံတွင် နှစ်ဦးနှင့် ဇန်နဝါရီ ၁၀ ရက်တွင် နန့်မော်ကျေးရွာ ရတနာစန်းရွှင်ကုမ္ပဏီမြေစာပုံတွင် နှစ်ဦးတို့ ရှိခဲ့ပြီး စုစုပေါင်း မြေစာပုံပိ၍သေဆုံးသူ ဇန်နဝါရီလဝက်အတွင်း ၁၅ ဦး ရှိနေပြီဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**

# မြို့နယ်တရားသူကြီးအား တရားခွင်တွင် ဖိနပ်ဖြင့်ပစ်ပေါက်မှုဖြင့် အမှုရင်ဆိုင်နေရသော တရားလွှတ်တော်ရှေ့နေ ဦးဇော်ဝင်း အမှုအား တတိယအကြိမ်မြောက် ရုံးထုတ်စစ်ဆေး

**မိတ္ထီလာ ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် မြို့နယ်တရားရုံး၌ မြို့နယ်တရားသူကြီးအား တရားခွင်တွင် ဖိနပ်ဖြင့် ပစ်ပေါက်မှုဖြင့် အမှုရင်ဆိုင်နေရသော တရားလွှတ်တော်ရှေ့နေ ဦးဇော်ဝင်း အမှုအား တတိယအကြိမ်မြောက် ရုံးထုတ်စစ်ဆေးခြင်းကို ဇန်နဝါရီ ၁၁ ရက် နံနက် ၁၀ နာရီခန့်က ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

တရားလွှတ်တော်ရှေ့နေ ဦးဇော်ဝင်းမှ တရားရုံးပြောင်းလဲစစ်ဆေးရန် လျှောက်ထားမှုကြောင့် မိတ္ထီလာမြို့နယ် တရားရုံးသို့ ရောက်ရှိစစ်ဆေးလျက်ရှိရာ တတိယအကြိမ် ရုံးထုတ်စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း မိတ္ထီလာတရားရုံးမှ သိရသည်။ ယခုကဲ့သို့ တတိယအကြိမ် ရုံးထုတ်စစ်ဆေးရာတွင် ဦးဇော်ဝင်းဘက်မှ သက်သေများ လာရောက်ခြင်းမရှိသဖြင့် ဇန်နဝါရီ ၁၉ ရက်သို့ ထပ်မံချိန်းဆိုထားကြောင်း စုံစမ်းသိရှိရသည်။

မတ္တရာမြို့နယ် တရားရုံးမှ အာမခံရပ်သိမ်းသဖြင့် တရားခွင်အတွင်းရှိ တရားသူကြီး ဒေါ်ဝင်းဝင်းထိန်အား ဖိနပ်ဖြင့် ပစ်ပေါက်သည်အထိ ဖြစ်ပွားခဲ့ရပြီး ဆေးစာအတု ပြုလုပ်သည်ဟုဆိုကာ ပုဒ်မသုံးခုဖြင့် တရားလွှတ်တော်ရှေ့နေ ဦးဇော်ဝင်းအား စွဲဆိုထားသည့် အမှုများအတွက် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၄၂၀ ဖြင့် မတ္တရာတရားရုံးမှ ပြီးခဲ့သော ၂၀၁၇ ခုနှစ် ဇွန် ၉ ရက်က အလုပ်နှင့် ထောင်ဒဏ် တစ်နှစ်ခြောက်လ ချမှတ်ခဲ့ပြီး ဖြစ်ကြောင်း သိရသည်။

**ဘိုဘို(မလှိုင်)**

# လူခုနစ်ဦးအား ပြည်ပသို့ တရားမဝင်ပို့ဆောင်ရန် ခေါ်ဆောင်လာသူအား အရေးယူ

**မကွေး ဇန်နဝါရီ ၁၁**

မကွေးမြို့နယ် မြို့ဝင်မြောက်ဂိတ်တွင် ဇန်နဝါရီ ၉ ရက်က ခရီးသည်တင်ယာဉ်တစ်စီးအား ရပ်တန့်စစ်ဆေးခဲ့ရာမှ လူ ခုနစ်ဦးအား တရားမဝင် ထိုင်းနိုင်ငံသို့ ပို့ဆောင်ရန် ခေါ်ဆောင်လာသည့် အမျိုးသမီးတစ်ဦးအား ဖမ်းဆီး အရေးယူနိုင်ခဲ့ကြောင်း မကွေးနယ်မြေရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၉ ရက် ညနေ ၅ နာရီခွဲက အမှတ်-၂ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ရဲအုပ် ကျော်သူရနှင့်အဖွဲ့၊ မကွေးနယ်မြေရဲစခန်းမှ နယ်ထိန်း ခေါင်းဆောင် ဒုရဲအုပ် အာကာလွှမ်းမိုးနှင့် အဖွဲ့တို့ ပူးပေါင်း၍ တရားမဝင်အလုပ်သမားများ ခေါ်ဆောင်နေကြောင်း သတင်းအရ မကွေးမြို့နယ် ကံပြားကျေးရွာ မြို့ဝင်မြောက်ဂိတ်တွင် မကွေးမြို့ဘက်မှ ရန်ကုန်မြို့ဘက်သို့ ဦးမြတ်သန်းဇော် မောင်းနှင်လာသည့် 3C/---- အောင်ကမ္ဘာမှန်လုံယာဉ်အား ရပ်တန့်စစ်ဆေးခဲ့သည်။

အဆိုပါ ယာဉ်ပေါ်တွင်ပါလာသည့် မမာလာဝင်း (၃၆ နှစ်) မကျီးသုံးပင်ကျေးရွာ မင်းဘူးမြို့နယ်နေသူသည် ပြည်ပအလုပ်အကိုင်ရှာဖွေရေး လုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ တစ်ဦးလျှင် ငွေကျပ် ၄၃၀၀၀၀ နှုန်း ပေးအပ်ပါက ထိုင်းနိုင်ငံရှိ ကြက်သားစက်ရုံတွင် အလုပ်ရရှိမည်ဖြစ်ကြောင်း စည်းရုံးပြောဆိုပြီး မကျီးသုံးပင်ကျေးရွာနေသူများဖြစ်ကြသော မောင်ထက် ကိုကို(၂၆ နှစ်)၊ မောင်ရဲအောင်(၂၆နှစ်)၊ မမြင့်မြင့်ဌေး (၂၆နှစ်)၊ မဝါဝါခိုင် (၂၁ နှစ်)၊ မခင်ချိုဌေး(၂၄ နှစ်)၊ မစန်းစန်းမာ(၃၃ နှစ်) နှင့် မအေးအေးနှင်း(၃၈နှစ်)တို့ ခုနစ်ဦးအား ခေါ်ဆောင်လာကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ ပြည်ပအလုပ်အကိုင်ရှာဖွေရေး လုပ်ကိုင်ခွင့်လိုင်စင်မရှိဘဲ လူခုနစ်ဦးအား ပြည်ပသို့ ပို့ဆောင်ရန် ခေါ်ဆောင်လာသူ မမာလာဝင်းအား မကွေးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# တောင်ကြီးမြို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၀ ရက် ည ၇ နာရီတွင် တောင်ကြီးမြို့ ညောင်ဖြူစခန်းရပ်ကွက် နယ်မြေ(၉) သဇင်လမ်းနေ မောင်ပေ၏နေအိမ်ကို ရှာဖွေရာ ၎င်း၏အစ်မဖြစ်သူ မနန်းသိန်းနုတို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေး ၁၂၆၂၅ ပြားကို လည်းကောင်း၊ အလားတူ မူးယစ်ဆေးဝါးသတင်းအရ မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့ကန်ရှေ့ရပ်ကွက် သံလွင်လမ်း နယူးအာရှတည်းခိုခန်းအနီး၌ စိုင်းကွမ်ခမ်း မောင်းနှင်ပြီး စိုင်းအောင်ဆိုင်(ခ)စိုင်းအောင်၊ သူရိန်အောင်(ခ)ချစ်ချစ်နှင့် ဟာဖစ်(ခ)ကိုဦး တို့လိုက်ပါသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိုင်းအောင်ဆိုင်(ခ)စိုင်းအောင်၊ သူရိန်အောင်(ခ)ချစ်ချစ်နှင့် ဟာဖစ်(ခ)ကိုဦးတို့အား မော်တော်ယာဉ်နှင့်အတူ တွေ့ရှိပြီး ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၂၀၀၀၀ ကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲတွင် မူးယစ်တပ်ဖွဲ့စု ၂၇ လွိုင်လင်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်စန် မြို့နယ် မက်မွန်မုန်းကျေးရွာအုပ်စု မက်မွန်မုန်းကျေးရွာ ကားလမ်းဘေးရှိ မနန်းကြည်၏ နေအိမ်တဲကို ရှာဖွေရာ မနန်းကြည်(ခ)မအီရင်း၊ ကောင်းမာန်ပြည့်နိုင်(ခ)အန်းကူးနှင့် အောင်စိုးမိုး(ခ)စိုးမိုးတို့ကိုတွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေး ၁၉၁၂ ပြား ၊ ငွေကျပ် ၂၁၅၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ပေါင်းသတ်ဆေးနှင့် ရွက်ဖျန်းအားဆေးများဖမ်းမိ

**နေပြည်တော် ဇန်နဝါရီ ၁၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဇန်နဝါရီ ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၉၉၇ စီး ၊ သွင်းကုန် ၉၄၆ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၃ စီး ၊ သွင်းကုန် ၁၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။




တရားဝင်စာရွက်စာတမ်း တင်ပြနိုင်ခြင်းမရှိသည့် ပေါင်းသတ်ဆေးနှင့် ရွက်ဖျန်းအားဆေး။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၀ ရက်က ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု လေးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၃ ဒသမ ၆၄၅ သန်းခန့်၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှုသုံးမှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၀၄၄ သန်းခန့်၊ စုစုပေါင်း တားဆီးမှု ခုနစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၆၈၉ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇန်နဝါရီ ၁၀ ရက်က မန္တလေးသို့ သွားရောက်မည့် ယာဉ်ငယ်နှစ်စီးအား ရေပူအမြဲတမ်း စစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေး အဖွဲ့မှစစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် ပေါင်းသတ်ဆေး ဗာ ၂၀ (10)Kg နှင့် ရွက်ဖျန်းအားဆေး ၁၂ ဗာ (5)Kg စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ်သိန်း ၀ ဒသမ ၅၂၀ ခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟားခါးမြို့ ဈေးသစ်ရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**ဟားခါး ဇန်နဝါရီ ၁၁**

ဟားခါးမြို့ ဈေးသစ်ရပ်ကွက်ရှိ ဦးရာလ်မှုန်နေအိမ်၌ ဇန်နဝါရီ ၁၁ ရက် နံနက် ၅ နာရီ မိနစ် ၂၀ ခန့်တွင် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဈေးသစ်ရပ်ကွက်တွင် နေထိုင်သူ ဦးရာလ်မှုန်နေအိမ်၌လူမရှိဘဲ လျှပ်စစ်ထမင်းပေါင်းအိုး တည်ထားခဲ့ရာမှ အပူလွန်ကဲပြီး မီးလောင်မှု စတင်ဖြစ်ပွားခဲ့ကြောင်း၊ မီးလောင်မှုဖြစ်ပွားရာနေရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူးနှင့်အဖွဲ့၊ ဈေးသစ်ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ခရိုင်၊ မြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ် နှစ်စီး၊ မီးသတ်ရေသယ်ယာဉ် နှစ်စီး၊ မီးသတ်တပ်ဖွဲ့ဝင် ၂၆ ဦးနှင့် အနီးဝန်းကျင်ရှိ ပြည်သူလူထုတို့မှ ဝိုင်းဝန်းမီးငြှိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီ ၄၅ မိနစ်တွင် မီးငြှိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

ယင်းမီးလောင်မှုကြောင့် သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ တစ်ထပ်၏ မျက်နှာကြက်နှင့် အကာ အနည်းငယ်မီးလောင်ကျွမ်းခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူမရှိကြောင်းနှင့် အိမ်ရှင် ဦးရာလ်မှုန်အား ဟားခါးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက် )**

# ဆိုလာဝိုင်ယာရှော့ဖြစ်ရာမှ နေအိမ်တစ်လုံးမီးလောင်

**ဖားကန့် ဇန်နဝါရီ ၁၁**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာ ရပ်ကွက် (၂) မော်ရှန်ဘုန်းကြီးကျောင်းအနီး ယနေ့ ညနေ ၃ နာရီ မိနစ် ၂၀ တွင် အိမ်ခေါင်မိုးထက် ဆိုလာဝိုင်ယာရှော့ဖြစ်ရာမှ ခေါင်မိုးသို့ မီးကူးစက်ကာ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်း၊ ဝါးထရံရက်လုပ်သည့် နှစ်ထပ်အိမ်တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ သန္တေမီးသတ်နှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ရပ်ရွာပြည်သူများက မီးသတ်ကားသုံးစီး၊ ရေသယ်ယာဉ်သုံးစီးတို့ဖြင့် ဝိုင်းဝန်းငြှိမ်းသတ်နိုင်ခဲ့သဖြင့် ညနေ ၃ နာရီ မိနစ် ၅၀ တွင် မီးငြိမ်းသွားခဲ့ပြီး မီးပေါ့ဆသည့် အိမ်ရှင် ဦးမောင်ကျော် (၅၀ နှစ်)အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ ဖမ်းဆီးရမိ

**ကာမိုင်း ဇန်နဝါရီ ၁၁**

ကာမိုင်းမြို့ ကပ်မော်ဇွပ်ကျေးရွာအုပ်စု နန့်တိန်းစစ်ဆေးရေးဂိတ်တွင် ဇန်နဝါရီ ၁၀ ရက် ညနေ ၄ နာရီခွဲက နယ်မြေခံတပ်မတော်သားများသည် ဖားကန့်မှ မြစ်ကြီးနားသို့ သိုက်ထွန်း (၃၉ နှစ်) အောင်ပြည်သာရပ်ကွက် ဗန်းမော်မြို့နေသူ မောင်းနှင်လာသည့် ယာဉ်အမှတ် ၃က/---- တုန်ဖုန်း ယာဉ်အား ရပ်တန့်စစ်ဆေးရာ ၎င်းယာဉ်ပေါ်တွင် ပီနံအိတ်များဖြင့်ထည့်၍ သယ်ဆောင်လာသည့် ကျောက်စိမ်းအရိုင်းတုံး အရွယ်စုံ ၆၈၃ တုံး စုစုပေါင်း အလေးချိန် ၁၅၆၀ ကီလိုဂရမ်ခန့် အား ရှာဖွေတွေ့ရှိခဲ့သည်။

ဆက်လက်၍ တရားမဝင်ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်လာသော ပြစ်မှုကျူးလွန်သူ သိုက်ထွန်းအား ကာမိုင်းနယ်မြေရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**ကာမိုင်း(ပြန်/ဆက်)**

# အင်းတော်မြို့နယ်၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**အင်းတော် ဇန်နဝါရီ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ကြိမ်ချောင်းကျေးရွာနှင့် ကျောက်အိုးကျေးရွာသွား လမ်းဘေးတဲအတွင်း ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းက မူးယစ်ဆေးဝါး ငွေကျပ် သိန်း ၁၉၀ ကျော်ဖိုး ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၁ ရက် နံနက် ၇ နာရီခန့်တွင် မူးယစ်တပ်ဖွဲ့စု(၆) ကသာမှ ရဲအုပ်ကျော်စိုးလင်း ခေါင်းဆောင်သော မူးယစ်ရဲတပ်ဖွဲ့ဝင်များသည် ကြိမ်ချောင်းကျေးရွာနှင့် ကျောက်အိုးကျေးရွာသွား ကားလမ်းဘေးရှိ လယ်တဲတွင် မင်းဆက်နှင့်အတူ ထွန်းဝေအောင်ကို တို့နှစ်ဦးထံမှ ဘိန်းဖြူ ၂၉ ဂရမ်နှင့် စိတ်ကြွ ရူးသွပ်ဆေးပြား ၃၄၀၇ ပြား စုစုပေါင်း ကာလတန်ဖိုး ငွေကျပ် သိန်း ၁၉၀ ကျော် ဖမ်းဆီးရမိသဖြင့် မင်းဆက် နန်သဲကျေးရွာ အင်းတော်မြို့နယ်နေသူနှင့် ထွန်းဝေအောင်၊ ပိန်းသဟာကျေးရွာ ကသာမြို့နယ်နေသူတို့အား အင်းတော်မြို့မရဲစခန်းက ဥပဒေအရ အရေးယူထားကြောင်း ရဲအုပ်ကျော်စိုးလင်းထံမှ သိရသည်။

**လူအောင်(ကသာ)**

# တိုင်းဒေသကြီးနှင့် ပြည်နယ် အလွတ်တန်း ပြေးခုန်ပစ်ပြိုင်ပွဲတွင် မန္တလေးအသင်း ပြိုင်ပွဲသုံးခုစလုံး၌ ဗိုလ်စွဲ

**နေပြည်တော် ဇန်နဝါရီ ၁၁**

၂၀၁၈ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အလွတ်တန်းပြေးခုန်ပစ်ပြိုင်ပွဲ နောက်ဆုံးနေ့နှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ ဘောလုံးကွင်း၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအသင်းက တံခွန်စိုက်ဒိုင်းဆု သုံးခုစလုံး ဆွတ်ခူးခဲ့သည်။ **(ယာပုံ)**

ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် ဆုရရှိသည့် ကစားသမားများအား ဆုများ ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အမျိုးသမီးပြိုင်ပွဲ၊ အမျိုးသားပြိုင်ပွဲနှင့် စုပေါင်းပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် မန္တလေးတိုင်းဒေသကြီး အသင်းအား အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်နှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးစံထွန်းတို့က တံခွန်စိုက်ဒိုင်းဆုများ ပေးအပ်ချီးမြှင့်သည်။ ပြိုင်ပွဲအပြီးတွင် အမျိုးသမီးပြိုင်ပွဲ၌ မန္တလေးအသင်းက ၉၇ မှတ်ဖြင့် ပထမ၊ တနင်္သာရီအသင်းက ၇၃ မှတ်ဖြင့် ဒုတိယ၊ မကွေးအသင်းက ၅၀ မှတ်ဖြင့် တတိယ၊ အမျိုးသားပြိုင်ပွဲ၌ မန္တလေးအသင်းက ၉၅ မှတ်ဖြင့် ပထမ၊ မကွေးအသင်းက ၉၀ မှတ်ဖြင့် ဒုတိယ၊ ရန်ကုန်အသင်းက ၆၄ မှတ်ဖြင့် တတိယ၊ စုပေါင်းပြိုင်ပွဲ၌ မန္တလေးအသင်းက ၁၉၃ မှတ်ဖြင့် ပထမ၊ မကွေးအသင်းက ၁၄၀ မှတ်ဖြင့် ဒုတိယ၊ တနင်္သာရီအသင်းက ၁၀၄ မှတ်ဖြင့် တတိယတို့ရရှိသည်။



**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ-ရန်နိုင်**

# နိုင်ငံတကာဘောလုံးလောကသတင်းတိုများ

- ရီးရဲမက်ဒရစ်နှင့် ပီအက်စ်ဂျီအသင်းတို့က ဒဲလ်လီအလီကို ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိနေသော်လည်း တော့တင်ဟမ်အသင်းက ၎င်းတို့နှင့်သာ သက်တမ်းတိုးနိုင်လိမ့်မည်ဟု ယုံကြည်နေကြောင်း မေရာ၏ ဖော်ပြချက်အရ သိရသည်။
- မန်ယူအသင်းသည် အန်ဒါလက်ချ်အသင်းမှ ဘယ်လ်ဂျီယံ ကွင်းလယ် ကစားသမား လီအန်ဒါ ဒင်ဒွန်ကာ (၂၂နှစ်) ကို ခေါ်ယူရေးတွင် ပေါင် ၂၇ သန်းပေးချေရလိမ့်မည်ဖြစ်ကြောင်း သိရသည်။
- ခရစ္စတယ်ပဲလေ့စ်အသင်းသည် ဝက်စ်ဟမ်းအသင်းမှ ဆီနီဂေါ်တိုက်စစ်မှူး ဆာခို (၂၈နှစ်) ကို ယခုသီတင်းပတ်အကုန်တွင် အပြီးသတ်ခေါ်ယူနိုင်လိမ့်မည်ဟု ဒေးလီးမေရာ၏ ဖော်ပြချက်အရ သိရသည်။
- ဟက်ဒါဖီးလ်အသင်းသည် နော့ဝှစ်ချ် တောင်ပံကစားသမား အသက် (၂၄ နှစ်)အရွယ် ဗီရစ်ချတ်ကို ပေါင် ၁၄ သန်းဖြင့် ခေါ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်ကြောင်း ဒေးလီးမေး၏ ဖော်ပြချက်အရ သိရသည်။
- ဘာစီလိုနာကစားသမား ပီကေးသည် ၎င်း၏ အသင်းဖော် ဆမ်မြူရယ် အူတီတီသည် အသင်း၌ နှစ်များစွာ ရှိနေမည်ဖြစ်ကြောင်း မန်ယူအသင်းကို သတိပေးလိုက်ကြောင်း မက်ထရို၏ ဖော်ပြချက်အရ သိရသည်။ အူတီတီ၏ စာချုပ်ပါလျော်ကြေးသည် ပေါင် ၅၅ သန်းရှိကြောင်း သိရသည်။
- ဒေးဗစ်ဒီဂီယာသည် ပရီမီယာလိဂ်ပွဲစဉ် ၂၂ ပွဲကစားထားရာတွင် ၁၂ ပွဲ ဂိုးမပေးရအောင်စွမ်းဆောင်ပေးထားနိုင်ပြီး ထိပ်ဆုံးတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။ ဒုတိယနေရာတွင် ကော့စ်တို့က်စ်က ၁၁ ပွဲ ဂိုးမပေးရအောင် စွမ်းဆောင်ပေးထားနိုင်ပြီး တတိယနေရာတွင် အီဒါဆင်က ၁၀ ပွဲ ဂိုးမပေးရအောင် စွမ်းဆောင်ပေးထားကြောင်း သိရသည်။ **ဇော်ဇော်**

# မြန်မာဖူဆယ်အသင်း ထိုင်းနိုင်ငံ၌ နောက်ဆုံးခြေစမ်းပွဲ ယှဉ်ပြိုင်ကစား

**ဗန်ကောက် ဇန်နဝါရီ ၁၁**

၂၀၁၈ အာရှဖူဆယ် ချန်ပီယံရှစ်ပြိုင်ပွဲ အကြိုပြင်ဆင်မှုအဖြစ် ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်ခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ယနေ့ နံနက်ပိုင်းက ထိုင်း ယူ-၂၃ အသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

ထိုင်း ယူ-၂၃ အသင်းက ဦးဆောင်ဂိုး စတင်သွင်းယူခဲ့ပြီး ပထမပိုင်းမပြီးမီမှာပင် နိုင်ရဲကျော်က မြန်မာအသင်းအတွက် ချေပဂိုး ပြန်သွင်းခဲ့သည်။ မြန်မာအသင်းသည် ထိုင်းအသင်းကို အပြန်အလှန် ကစားနိုင်ခဲ့သော်လည်း ပွဲပြီးခါနီးတွင် နှစ်ဂိုး ဆက်ပေးလိုက်ရသောကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မြန်မာဖူဆယ်အသင်းသည် ဗန်ကောက်မြို့တွင် ဇန်နဝါရီ ၃ ရက်မှ ၁၁ ရက်အထိ လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲလေးပွဲ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲ ရှုံးနိမ့်ခဲ့သည်။ **ဖိုးသော်ဇင်**

# U-13 အမျိုးသမီး ဘောလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၁**

KBZ Bank U-13 Girls Tournament 2018 (States & Regions)ပြိုင်ပွဲ ဆဋ္ဌမနေ့ကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းက သုဝဏ္ဏ မြက်ခင်းတုကွင်း၌ ကျင်းပရာ ရှမ်း(တောင်)၊ မကွေး၊ ကယားနှင့် စစ်ကိုင်းအသင်းတို့ အနိုင်ရခဲ့သည်။

ယနေ့ကျင်းပသည့်ပွဲများတွင် ရှမ်း (တောင်) အသင်းက မန္တလေးအသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ မကွေးအသင်းက ပဲခူးအသင်းကို ငါးဂိုး-ဂိုးမရှိ၊ ကယားအသင်းက ချင်းအသင်းကို ခုနစ်ဂိုး-နှစ်ဂိုး၊ စစ်ကိုင်းအသင်းက နေပြည်တော်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

အုပ်စု (က) လက်ကျန်ပွဲများကို ဇန်နဝါရီ ၁၂ ရက် **(ယနေ့)** နံနက် ၈ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ရန်ကုန်အသင်းနှင့် ရှမ်း(မြောက်)အသင်း၊ ကရင်အသင်းနှင့် တနင်္သာရီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်**
**ဓာတ်ပုံ-စိုးညွန့်**



ကယားအသင်းနှင့် ချင်းအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

# အမျိုးသမီးလိဂ်ပြိုင်ပွဲ မြဝတီအသင်းအနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုး ကူညီမှုဖြင့် ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women's League ပြိုင်ပွဲ ပွဲစဉ်(၃) တတိယနေ့အဖြစ် အား/ကာသိပ္ပံအသင်းနှင့် လက်ရှိချန်ပီယံ မြဝတီအသင်းတို့ ယနေ့ ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ မြဝတီအသင်းက နှစ်ဂိုး-ဂိုး မရှိဖြင့် အနိုင်ရခဲ့သည်။ အား/ကာ သိပ္ပံ အသင်းသည် လက်ရှိချန်ပီယံ မြဝတီအသင်းကို ခပ်မာမာ တုံ့ပြန်ကစားခဲ့သောကြောင့် ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ပထမပိုင်းတွင် ဂိုးမရှိ သရေကျနေသည်။

ဒုတိယပိုင်းအစတွင် မြဝတီအသင်း ဂိုးစရခဲ့ပြီး ဝင်းသီဂီထွန်းက သွင်းယူပေးခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် မြဝတီအသင်း ဂိုးထပ်ရရန် ကြိုးပမ်းခဲ့သော်လည်း အား/ကာသိပ္ပံအသင်း ကစားပုံကြောင့် ခက်ခက်ခဲခဲ ကစားခဲ့ရပြီး မိနစ် ၈၀ မှ ဂိုးထပ်ရခဲ့သည်။ မြဝတီအသင်းအတွက် ဒုတိယဂိုးကို ဝင်းသီဂီထွန်းကပင် သွင်းယူခဲ့သည်။

ပွဲစဉ် (၃) နောက်ဆုံးနေ့ကို ဇန်နဝါရီ ၁၂ ရက် **(ယနေ့)** တွင် ဆက်လက် ကျင်းပမည်ဖြစ်ပြီး ဂန္ဓမာအသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်ရှိန်း**




Hot Fare is one way Economy Starter fare and comes with 7kg carry-on baggage only. Fares quoted include airport taxes and fees. Selected travel periods (not available on all flights, school holidays and weekends) and limited seat availability apply. Other conditions apply, including Jetstar's Conditions of Carriage. Jetstar Asia Airways Pte Ltd.

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးစောမြင့်မောင်မောင်၏ နိုင်ငံကူးလက်မှတ်(ပတ်စ်ပို့စာအုပ်)(MB-251924)၊ ပင်စင်စာအုပ်(M-655)နှင့်ပင်စင်ကတ်၊ စစ်မှုထမ်းဟောင်းကတ်နှင့် 2J.9418 ယာဉ်၏ ယာဉ်မှတ်ပုံတင်စာအုပ်နှင့် ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်များသည် ၁၆-၁၂-၂၀၁၇ရက်တွင် ယာဉ်အတွင်းထားရှိရာမှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ဆက်သွယ်ပေးအပ်နိုင်ပါရန်။

**စောမြင့်မောင်မောင်**
**၃/ဘအန(နိုင်)၀၇၇၄၂၀**
**ဖုန်း-၀၉-၂၅၂၈၁၂၁၃၂**

**ဖခင်အမည်မှန်**

ပြည်မြို့၊ အထက(ခွဲ)မူယာပင်၊ စတုတ္ထတန်း(B)မှ မယွန်းနန္ဒာမင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုကိုသက် ၇/ပမန(နိုင်)၁၉၀၂၇၉ဖြစ်ပါကြောင်း။ **ဦးအောင်ကိုကိုသက်**

**မိခင်အမည်မှန်**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၊ကြို့ပင်ကောက်မြို့နယ်၊ အထက(ခွဲ) သပြုပင် တက္ကသိုလ်ဝင်တန်း(က)မှ မသံသာထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်အိအိခိုင် ၇/ကပက(နိုင်)၀၆၇၉၆၇ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ရမည်းသင်းမြို့နယ်၊ အောင်မင်္ဂလာရပ်ကွက်၊ C.VLine ကျေးရွာနေ မအိအိငြိမ်း၏ ဖခင်အမည်မှန်မှာ ဦးအောင်အောင်ဖြစ်ပါကြောင်း။

**ဦးအောင်အောင်**

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ မြေကွက်အမှတ်-၉၀၈/က၊ မြေကွက်တည်နေရာ-အမှတ်-၉၀၈/က၊ ဒဂုံ(၁)လမ်း (၁၀)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဒေါ်လှလှအေး(K/RGN-၀၂၈၅၃၈)နှင့်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်လှလှအေး(ခန်း) ကွယ်လွန်သဖြင့် ဦးကျင်စုက် (၁၂/ဗဟန(နိုင်)၀၈၂၃၁၃) မှ ဂရန်မူရင်းပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာနှင့် ကိုယ်တိုင် ကတိဝန်ခံချက် တို့တင်ပြ၍ ၎င်းထံမှ အထွေထွေကိုယ်စားလှယ်စာအမှတ်-၁၁၉၉၈/၁၅(၁၉-၁၁-၁၅) ဖြင့် ရရှိသူ GP ဒေါ်သန္တာကြည်လင်း(၁၄/ဝမန(နိုင်)၁၀၁၅၈၉) မှ ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်း နှင့် ပါဝါမရုပ်သိမ်းကြောင်း ကျမ်းကျိန်လွှာ၊ ပိုင်ဆိုင်ကြောင်းကြော်ငြာ စာချုပ်အမှတ် - ၁၇၇၄/၁၆(၂၈-၄-၁၆)တို့ တင်ပြ၍ နှစ် (၆၀) မြေငှားစာချုပ် ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်မှုမရှိသဖြင့် ဂရန်မိတ္တူ ထုတ်ပေးသွားမည်ဖြစ်ပြီး အမှုတွဲအမှတ်-ရပအ/၀၁၁၃၉/၉၅ ဖြင့် ထုတ်ပေးခဲ့သော မူလဂရန်စာချုပ်အား ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**အမည်ပြောင်း**

အမ်းမြို့နယ်၊ (၃)ရပ်ကွက်နေ ဦးမောင်လှဝင်း၏သား ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးကောလိပ်(ပ)နှစ်ကျောင်းသား မွေးသက္ကရာဇ် ၂၆-၁-၂၀၀၁ မောင်သူရသန့်စင် ကျော် ၁၁/အမန(နိုင်)၀၇၈၃၉၀အား မောင်သူရသန့်စင်ဟုပြောင်းလဲခေါ်ပါရန်။

**စာပေမြင့်မှ လူမျိုးတင့်မည်**

**ဖိတ်ကြားလွှာ**

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(DWIR)မှ ကမ္ဘာ့ဘဏ်ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဧရာဝတီမြစ်ဝှမ်းဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း(AIRBM Project)၊ စီမံကိန်းလုပ်ငန်းခွဲ(၃)မှ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လုံခြုံချောမွေ့မှုရှိစေရေးအတွက် မြစ်ကြောင်းထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ မန္တလေးရေလမ်းဖွံ့ဖြိုးရေး၊ ဆောင်ရွက်မည့်တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ပတ်ဝန်းကျင်နှင့်လူမှုရေးရာ ထိခိုက်မှုလေ့လာဆန်းစစ်ခြင်းလုပ်ငန်း (Environmental and Social Impact Assessment)အား မြန်မာနိုင်ငံ၏ EIA procedures နှင့် ကမ္ဘာ့ဘဏ်၏ Safeguard Policies များကိုလိုက်နာ၍ ဆောင်ရွက်လျက်ရှိပါသည်။ EIA လုပ်ထုံးလုပ်နည်းများအရ စီမံကိန်းနှင့် ပတ်သက်၍လုပ်ငန်းဆိုင်ရာ အချက်အလက်များရှင်းလင်းတင်ပြခြင်းနှင့် စီမံကိန်းမှဆောင်ရွက်သွားမည့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုလုပ်ငန်းအစီအစဉ်များအား ပြည်သူသို့ အသိပေးခြင်းအဆင့် လူထုတွေ့ဆုံဆွေးနွေးပွဲ (Public Consultation) တစ်ခုအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူများအနေဖြင့် တက်ရောက် ဆွေးနွေးနိုင်ပါရန်ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ဇန်နဝါရီလ (၁၈) ရက်၊ ၂၀၁၈ (ကြာသာပတေးနေ့)
အချိန် - မနက် ၉း၀၀ မှ ၁၂း၀၀ အထိ
နေရာ - အောင်မြင်ခြင်းခန်းမ(Triumph Hotel)၊ ခြံအမှတ် (၁)၊ ၂၆ ဘီလမ်း၊ ၅၅ လမ်းနှင့် ၅၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့
ဆက်သွယ်ရန် : ဦးအောင်မျိုးခိုင် (အီးမေး - component3director@airbm.org) ဖုန်းနံပါတ်- ၀၉၅၁၅၀၂၁၃

# တရုတ်နိုင်ငံက နော်ဒစ်နှင့် ဘော်လ်တစ်ဒေသနိုင်ငံများနှင့် နက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေး

**ပေကျင်း ဇန်နဝါရီ ၁၁**

တရုတ်နိုင်ငံသမ္မတ ရှီကျင့်ဖျင်သည် ယမန်နေ့က နော်ဒစ်နှင့် ဘော်လ်တစ် ဒေသနိုင်ငံများမှ ပါလီမန်ခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ကြောင်း ဆင်ဟွာ သတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် နှစ်နိုင်ငံနက်ရှိုင်းစွာ ပူးပေါင်းဆောင်ရွက်မှုနှင့် အဆင့်မြင့် ကိုယ်စားလှယ်တို့ အပြန်အလှန်ဖလှယ်မှု တိုးမြှင့်ဆောင်ရွက်သွားရေး စသည်တို့ကို ဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲအတွင်း တရုတ်သမ္မတရှီက တရုတ်နိုင်ငံနှင့် နော်ဒစ်နှင့် ဘော်လ်တစ်နိုင်ငံတို့မှ အဆင့်မြင့်ကိုယ်စားလှယ်များ အပြန်အလှန်လည်ပတ်မှုခရီးစဉ်သည် ကိုယ်စားလှယ်များကြား သတင်းအချက်အလက်၊ ယဉ်ကျေးမှု၊ တခြားကဏ္ဍများ၌ ဖလှယ်မှုဆောင်ရွက်ရာတွင် အလွန်အရေးကြီးကြောင်း ပြောခဲ့သည်။

ယခုကဲ့သို့သော ခရီးစဉ်သည် နှစ်ဖက်အစိုးရများ နှစ်နိုင်ငံဆက်ဆံရေး စာမျက်နှာသစ် ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း၊ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် အပြန်အလှန်ဖလှယ်မှုများတိုးတက်စေရန်နှင့် နှစ်နိုင်ငံအပြန်အလှန်လေးစားမှုရှိရန်၊ နှစ်နိုင်ငံအကျိုးစီးပွားကို အပြန်အလှန်လေးစားမှုရှိရန် အစဉ်အမြဲဂရုပြုသင့်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

ခေတ်သစ်ပိုးလမ်းမကြီး ဖော်ဆောင်မှုနှင့်အတူ နှစ်နိုင်ငံလက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်သွားရန် တရုတ်သမ္မတရှီက အကြံပြုခဲ့ပြီး ဥရောပတိုက်နှင့် အာရှတိုက်တို့ ချိတ်ဆက်ခြင်းမှ အကျိုးအမြတ်များကို မျှဝေခံစားကြရန်လည်း ပြောကြားခဲ့သည်။

ကိုယ်စားလှယ်များက နော်ဒစ်နှင့် ဘော်လ်တစ်ဒေသနိုင်ငံများသည် တရုတ်နိုင်ငံနှင့် ဆက်ဆံရေးကိုတန်ဖိုးထားကြောင်း၊ အနာဂတ်ကာလပူးပေါင်းဆောင်ရွက်မှုအတွက် လုပ်ဆောင်ရန်အသင့်ရှိပါကြောင်း ပြောကြားခဲ့သည်။



အဆိုပါ ဆွေးနွေးပွဲသို့ ကိုယ်စားလှယ်များဖြစ်သော ဖင်လန်နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မာရီယာလိုဟီလာ၊ နော်ဝေနိုင်ငံမှ အိုလီမစ်သွန်မာဆန်၊ အိုက်စလန်နိုင်ငံမှ စတိန်ဂရီမာဂျေဆစ် ဖူဆန်၊ အက်စတိုးနီးယားနိုင်ငံမှ အီကီနက်စ်တာ၊ လတ်ဗီးယားနိုင်ငံမှ အီနာရာ မူရီဆီ၊ လစ်သူယေးနီးယားနိုင်ငံမှ ဗစ်တိုး ရက်စ်ပရန်ကီတက်နှင့် ဆွီဒင်နိုင်ငံလွှတ်တော်ဒုတိယဥက္ကဋ္ဌ အီဗာသာလန်ဖင်းတို့ တက်ရောက်ခဲ့သည်။

**ဆင်ဟွာ**

# ပါရီသဘောတူညီစာချုပ်သို့ အမေရိကန် ပြန်လည်ဝင်ရောက်ရန် စဉ်းစားနိုင်ကြောင်း ထရန့်ပြော

**ဝါရှင်တန် ဇန်နဝါရီ ၁၁**

ယခင်နှစ်က နုတ်ထွက်ကြောင်း ကြေညာခဲ့သည့် ကမ္ဘာလုံးဆိုင်ရာ ပါရီရာသီဥတုပြောင်းလဲမှု သဘောတူညီချက်သို့ အမေရိကန်နိုင်ငံအနေဖြင့် ပြန်လည်ဝင်ရောက်နိုင်ရန် စဉ်းစားနိုင်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ယမန်နေ့က ထုတ်ဖော်ပြောကြားခဲ့သည်။

နိုင်ငံတကာ အသိုင်းအဝိုင်းက ယခင်က သဘောတူလက်မှတ်ရေးထိုးခဲ့သော ပါရီသဘောတူညီချက်တွင် ကမ္ဘာ့အပူချိန်ကို ၂ ဒီဂရီ ဆဲလ်စီးယက်စ်လျှော့ချပြီး ရာသီဥတုပြောင်းလဲခြင်းကို ရင်ဆိုင်သွားရန် ရည်မှန်းချက်မှာ အမေရိကန်အတွက် လုံးဝမျှတမှုမရှိကြောင်းနှင့် ဆိုးရွားသော သဘောတူညီမှုဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

သို့သော်လည်း နော်ဝေနိုင်ငံ ဝန်ကြီးချုပ်အား နာဆိုးလ်ဘတ်ဂ်နှင့် အတူ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သမ္မတဒေါ်နယ်ထရန့်က မိမိတို့အနေဖြင့် ပြန်လည်ဝင်ရောက်ဖို့ စဉ်းစားနိုင်ကြောင်း ပြောခဲ့သည်။

ပါရီသဘောတူညီချက်သည် မိမိတို့၏ ပြိုင်ဆိုင်မှုကို အမှန်တကယ်အဝေးရောက်သွားစေနိုင်ကြောင်း၊ ထို့ကြောင့် ထိုကဲ့သို့ ကိစ္စကို အဖြစ်မခံနိုင်ကြောင်း ဒေါ်နယ်ထရန့်က ဆက်လက်ပြောကြားခဲ့သည်။




အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ လွန်ခဲ့သည့်နှစ် ဇွန်လက ချမှတ်ခဲ့သော ဆုံးဖြတ်ချက်သည် အမေရိကန်နိုင်ငံအား ပါရီရာသီဥတုဆိုင်ရာ ကမ္ဘာ့သဘောတူညီချက်မှ ထွက်သွားစေကာ တစ်နိုင်ငံတည်း လက်မှိုင်ချစေခဲ့ပြီး နိုင်ငံတကာအတွက် ပြက်ရယ်ပြုစရာတစ်ခု ဖြစ်ခဲ့သည်။

**ဆင်ဟွာ**

# ဂျပန်နှင့် ထိစပ်နေသည့်ဇုန်အတွင်းသို့ ပြည်ပမှ ရေငုပ်သင်္ဘောတစ်စင်း ဝင်ရောက်လာ

**တိုကျို ဇန်နဝါရီ ၁၁**

ဂျပန်နိုင်ငံ အိုကီနာဝါစီရင်စုရှိ ရေပိုင်နက်အပြင်ဘက်နှင့်ထိစပ်နေသည့် ဇုန်အတွင်းသို့ ဗုဒ္ဓဟူးနေ့နှင့်ကြာသပတေးနေ့တို့တွင် ပြည်ပမှ ရေငုပ်သင်္ဘောတစ်စင်း ဝင်ရောက်ခုတ်မောင်းခဲ့ကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနကပြောကြားခဲ့သည်။

ဝန်ကြီးဌာန အာဏာပိုင်များက ရေငုပ်သင်္ဘောသည် တရုတ်ရေတပ်မှ ပိုင်ဆိုင်သည့် ရေငုပ်သင်္ဘောဖြစ်ဖွယ်ရှိကြောင်း၊ အဘယ့်ကြောင့်ဆိုသော် တရုတ်စစ်သင်္ဘောတစ်စင်းကို အနီးအနားတွင်တွေ့ရှိခဲ့ရကြောင်း ပြောကြားခဲ့သည်။

ရေကြောင်း ကာကွယ်ရေးအင်အားစုရေယာဉ်တစ်စင်းသည် ဗုဒ္ဓဟူးနေ့ညနေခင်းတွင် တောင်ပိုင်းစီရင်စုအတွင်းရှိ မီယာကိုကျွန်း၏ရေအောက်၌ ခုတ်မောင်းနေသည့် ရေငုပ်သင်္ဘောတစ်စင်းကို စစ်ဆေးတွေ့ရှိခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ရေငုပ်သင်္ဘောသည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့ပြီး ရေမျက်နှာပြင်ပေါ်သို့ ပြန်လည်ပေါ်ထွက်လာခြင်းမရှိဘဲ ဂျပန်ရေပိုင်နက်နှင့်ထိစပ်နေသည့်ဇုန်မှ အရှေ့တရုတ်ပင်လယ်ဆီသို့ ထွက်ခွာသွားခဲ့ကြောင်း သိရသည်။

ထိုသို့ဖြစ်ပွားခဲ့ပြီးနောက် ကြာသပတေးနေ့နံနက်ခင်းတွင် ရေငုပ်သင်္ဘောသည် ဂျပန်နှင့် ထိစပ်နေသည့်ဇုန်အတွင်းသို့ ထပ်မံဝင်ရောက်လာခဲ့ကြောင်း ဆန်ကာကူကျွန်းစုရှိ တိုင်ရှိုကျွန်းတွင် ခုတ်မောင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတကာဥပဒေများက ရေငုပ်သင်္ဘောများသည် အခြားနိုင်ငံများ၏ ရေပိုင်နက်တွင် ရေကြောင်းသွားလာမှု ပြုလုပ်ချိန်တွင် ရေပေါ်ပေါ်ထွက်လာပြီး အလံကို လွှင့်ထူရမည်ဖြစ်ကြောင်း၊ သို့သော် နယ်နိမိတ်ထိစပ်ရာဇုန်တွင် ထိုသို့ ပြုလုပ်ရန်မလိုအပ်ကြောင်းသိရသည်။

ထို့အတူ တိုင်ရှိုကျွန်းတွင်လည်း တရုတ်ရေတပ်မှ တိုက်သင်္ဘောတစ်စင်းသည် ကြာသပတေးနေ့က ထိစပ်ဇုန်အတွင်းသို့ နှစ်ကြိမ်တိုင်တိုင် ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**




# မြောက်အမေရိကကုန်သွယ်ရေးစာချုပ်မှ အမေရိကန်နုတ်ထွက်လိမ့်မည်ဟု ကနေဒါ ယုံကြည်နေ

**လန်ဒန် ဇန်နဝါရီ ၁၁**

ကနေဒါနိုင်ငံသည် အမေရိကန်သမ္မတဒေါ်နယ်ထရန့်က မကြာမီတွင် မြောက်အမေရိကကုန်သွယ်ရေးစာချုပ် (NAFTA)မှ အမေရိကန်ပြည်ထောင်စုကိုဖယ်ထုတ်တော့မည့်အကြောင်းကြေညာလိမ့်မည်ဟု စွဲမြဲစွာယုံကြည်နေကြောင်း အစိုးရသတင်းရင်းမြစ်နှစ်ခုက ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။

ယင်းသို့မှတ်ချက်များပေါ်ထွက်လာမှုသည် သုံးနိုင်ငံသဘောတူစာချုပ်ဖြစ်သည့် မြောက်အမေရိက ကုန်သွယ်ရေးစာချုပ်ကို ခေတ်မီဆန်းသစ်ရန် ဆွေးနွေးပွဲများ ပြုလုပ်မည့်အလားအလာများနှင့်ပတ်သက်၍ နောက်ထပ်သံသယဖြစ်ဖွယ်ရာများ ပေါ်ပေါက်လာစေခဲ့သည်။ အဓိကကျသည့် ပြုပြင်ပြောင်းလဲမှုများမရှိပါက ယင်းစာချုပ်ကို စွန့်လွှတ်တော့မည်ဟု ထရန့်ကကြိမ်ဖန်များစွာ ခြိမ်းခြောက်ခဲ့သည်။

အဓိကကျသည့် ခြားနားမှုများကို ပေါင်းကူးပေးရန် အချိန်ကုန်ဆုံးလာနေပြီဖြစ်ရာ အာဏာပိုင်များသည် ဇန်နဝါရီ ၂၃ မှ ၂၈ အထိ မွန်ထရီရယ်၌ ကျင်းပမည့် ခြောက်ကြိမ်မြောက်ညှိနှိုင်းဆွေးနွေးမှုကို ကျင်းပသွားတော့မည်ဖြစ်သည်။

အမေရိကန်ပြည်ထောင်စုအနေဖြင့် မြောက်အမေရိက ကုန်သွယ်ရေးစာချုပ်မှ နုတ်ထွက်မည်ဟုတ်မဟုတ် သေချာခြင်းမရှိသေးသော်လည်း နုတ်ထွက်ရန် သတိပေးချက်သည် ကွန်ဂရက်လွှတ်တော်အတွင်း၌ ဆန့်ကျင်ကန့်ကွက်မှုများကို ပေါ်ထွက်လာစေနိုင်ကြောင်း သိရသည်။

**ရိုက်တာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အိန္ဒိယနိုင်ငံအရှေ့ပိုင်း၌ လူစီး မီးရထား မီးလောင်

**နယူးဒေလီ ဇန်နဝါရီ ၁၁**
အိန္ဒိယနိုင်ငံအရှေ့ပိုင်း ဘီဟာပြည်နယ်၌ ခရီးသည်တင် မီးရထားလေးတွဲ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း ရထားအရာရှိများက ဇန်နဝါရီ ၁၀ ရက်တွင် ပြောခဲ့သည်။

ဘီဟာပြည်နယ်မြို့တော် ပဲ့တ်နာရှိ မိုကာမ မီးရထားရုံရှိ မီးရထားတွဲလေးတွဲလုံး မီးလောင်ချိန်တွင် အဆိုပါရထားတွဲများပေါ်တွင် မည်သည့် ခရီးသည်မှ လိုက်ပါစီးနင်းလာခြင်း မရှိသည့် အချိန်ဖြစ်ကြောင်း သိရသည်။

မီးတောက်များသည် ရထားအောက်ပိုင်းတွင် လောင်ကျွမ်းခဲ့ရာမှ နောက်ပိုင်းတွင် နောက်ထပ်ရထားတွဲများကို ကူးစက်လောင်ကျွမ်းခဲ့ကြောင်း အရှေ့အလယ်ပိုင်းမီးရထားဌာန ပြောရေးဆိုခွင့်ရှိသူ ရာဂျဲ့ကူမားက ပြောခဲ့သည်။

မီးလောင်ရသည့် အကြောင်းရင်းကိုလည်း စုံစမ်းစစ်ဆေးလျက်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ**

### ဆီးရီးယားရှိ ရုရှားစစ်ဘက်ဆိုင်ရာ အဆောက်အအုံများကို မောင်းသူမဲ့လေယာဉ်များ တိုက်ခိုက်ရန်ကြိုးစား

**မော်စကို ဇန်နဝါရီ ၁၁**
ဆီးရီးယားရှိ ရုရှားစစ်ဘက်ဆိုင်ရာ အဆောက်အအုံနှစ်ခုကို တိုက်ခိုက်ရန် ကြိုးစားသည့် မောင်းသူမဲ့လေယာဉ်များမှာ အတိုက်အခံများဘက်မှ ပစ်လွှတ်ခြင်းဖြစ်နိုင်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးက ဇန်နဝါရီ ၁၀ ရက်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါမောင်းသူမဲ့ ဒရုန်းယာဉ်များမှာ အတိုက်အခံများကြီးစိုးရာ အီဒလစ်အနောက်တောင်ပိုင်း မှအော့ဇာဒေသဘက်မှဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုပြောကြားခဲ့သည်။ ဇန်နဝါရီလအစောပိုင်းက ရုရှားစစ်ဘက်က ဆီးရီးယားရှိ ရုရှားစစ်ဘက်ဆိုင်ရာ အဆောက်အအုံများကို မောင်းသူမဲ့လေယာဉ် ၁၃ စင်းဖြင့် တိုက်ခိုက်မှုများ ပြုလုပ်ခဲ့သေးကြောင်း၊ သို့သော်လည်း ရုရှားတို့က ဖျက်ဆီးခဲ့ကြောင်း ပြောခဲ့သည်။ **ဆင်ဟွာ**

### အမေရိကန်ဒုံးခွင်းဒုံးစနစ် ဂျပန်သို့ ရောင်းချမည်

**ဝါရှင်တန် ဇန်နဝါရီ ၁၁**
အမေရိကန်အစိုးရသည် ဒုံးခွင်းဒုံးစနစ်ကို ဂျပန်နိုင်ငံသို့ရောင်းချရေးနှင့်ပတ်သက်သည့် အဆိုပြုချက်အသစ်တစ်ခုကို ကွန်ဂရက်သို့ အသိပေးတင်ပြခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာနက မကြာသေးမီက ပြောခဲ့သည်။

ကိုရီးယားနှစ်နိုင်ငံဆွေးနွေးမှုနှင့် ပတ်သက်ပြီး ကိုရီးယားကျွန်းဆွယ်အရေးတင်းမာမှု အနည်းငယ် လျော့နည်းလာချိန်တွင် ယခုကဲ့သို့ လက်နက်ရောင်းချမှုနှင့် ပတ်သက်သည့် အဆိုပြုချက်ထွက်ပေါ်လာခြင်း ဖြစ်သည်။ အဆိုပါလက်နက်ရောင်းချမှုသည် အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၃၃ ဒသမ ၃ သန်းခန့်ရှိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင်ဖော်ပြခဲ့သည်။ **ဆင်ဟွာ**

# အီရန်အနာဂတ် ဆူးခင်းလမ်းလား၊ ပန်းခင်းလမ်းလား

**တင်လင်းအောင်**



သာမန်အီရန်တွေအတွက် ၂၀၁၅ နျူကလီးယားသဘောတူညီချက်ရဲ့ ကတိကဝတ်တွေဟာ စီးပွားရေးကို ပြန်လည်ဦးမော့လာစေမယ့်အကြောင်းတရားတွေပဲဖြစ်ပါတယ်။ အီရန်နိုင်ငံအပေါ် နိုင်ငံတကာက ပိတ်ဆို့အရေးယူမှုတွေကိုလည်း ဖယ်ရှားလိုက်ပါပြီ။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေလည်း အီရန်နိုင်ငံကို စီးဝင်လာပါပြီ။ အမေရိကန်ပြည်ထောင်စုနဲ့ သူ့ရဲ့ မဟာမိတ်တွေရဲ့နှစ်ပေါင်းများစွာကြာအောင် ဝိုင်းပယ်မှုကို ခံရတဲ့ အီရန်နိုင်ငံရဲ့လူနေထိုင်မှုအဆင့်အတန်းဟာ ပြန်လည်မြင့်တက်လာပြီဖြစ်ပါတယ်။ အရင်က မှေးမှိန်ခဲ့တဲ့ အီရန်နိုင်ငံဟာ ယခုတစ်ခါပြန်လည် စည်ပင်ဝပြောလာပြီဖြစ်ပါတယ်။ ဒါတွေဟာ အီရန်တွေ လိုလားတောင့်တနေတဲ့ အနာဂတ်တစ်ခုပုံစံပါပဲ။ သို့သော်လည်းပဲ လက်တွေ့ဘဝဟာ အိပ်မက်တွေနဲ့ အမှန်တကယ်ဝေးကွာလှပါတယ်။

**မျှော်လင့်တောင့်တ**

ရူဟာနီနဲ့ သူ့ရဲ့ နျူကလီးယားစာချုပ်ကိစ္စမှတစ်ဆင့် အီရန်ပြည်သူတွေ လိုချင်တဲ့ ရင်းနှီးမြှုပ်နှံမှု အသစ်တွေ၊ အလုပ်အကိုင်ကိစ္စတွေနဲ့ ခေတ်မီပြောင်းလဲတဲ့ ဘဝတွေရရှိလာမယ်လို့ အီရန်တွေက မျှော်လင့်ထားကြပါတယ်။ သို့သော်လည်းပဲ ဒါတွေဟာ ဖြစ်မလာခဲ့ပါဘူး။ ဒါတွေဟာ စိတ်ကူးယဉ်ဆန်ဆန် မျှော်လင့်တောင့်တမှုတွေ သက်သက်ပဲဖြစ်ပါတယ်။

ပြီးလမှာ နိုင်ငံရေးလွန်စွာအစွန်းမရောက်တဲ့ ဟက်ဆန် ရူဟာနီဟာ ပြန်လည်ရွေးကောက်ရေးလမ်းကြောင်းပေါ် ရောက်ရှိခဲ့ပါတယ်။ အဲဒီအချိန်မှာ မဲဆန္ဒရှင်တွေက စီးပွားရေးတိုးတက်ဖြစ်ထွန်းမှုကို လိုချင်ကြပါတယ်။ သူတို့ရဲ့ဝင်ငွေအဆင့်အတန်းကို လေ့လာကြည့်မယ်ဆိုရင် ၅၄ ရာခိုင်နှုန်းသော အီရန်ပြည်သူတွေဟာ ခက်ခက်ခဲခဲနေထိုင်ဖြတ်သန်းခဲ့ရတာ သို့မဟုတ် အဆင်ပြေဖို့ခက်ခဲတာကို တွေ့ရတယ်လို့ တိုရန်တိုအခြေစိုက် IranPoll ရဲ့ လေ့လာဆန်းစစ်မှုက ဖော်ပြပါတယ်။ လွန်ခဲ့သောနှစ် Gallup အစီရင်ခံစာအရ အီရတ်နဲ့ တောင်ဆူဒန်ပြီးရင် အီရန်ဟာ Negative Experience Index အညွှန်းကိန်းမှာ တတိယနေရာမှာရှိနေတာကို ဖော်ပြခဲ့ပါတယ်။

**ပြည်သူတွေ လမ်းပေါ်ထွက်**

လွန်ခဲ့တဲ့ ရက်သတ္တပတ်နှစ်ပတ်ကျော်လောက်က မြို့ပေါင်း ၈၀ ကျော်မှာရှိတဲ့ အီရန်ပြည်သူထောင်ပေါင်းများစွာဟာ လမ်းပေါ်ထွက်ပြီး အလုပ်လက်မဲ့မြင့်တက်လာမှု၊ ငွေကြေးဖောင်းပွလာမှု၊ အကျင့်ပျက်ခြစားမှု၊ နိုင်ငံခြားစစ်ပွဲတွေမှာ အစိုးရရဲ့ငွေကြေးသုံးစွဲမှု စတာတွေအပေါ် ဆန္ဒပြမှုတွေပြုလုပ်ခဲ့ကြပါတယ်။

အီရန်နိုင်ငံမှာ မတည်ငြိမ်မှုတွေဖြစ်ပေါ်လာတဲ့အပေါ် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က အိုဘားမားအစိုးရလက်ထက်က သဘောတူခဲ့တဲ့ ၂၀၁၅ ခုနှစ် အီရန်နျူကလီးယား သဘောတူညီချက်အပေါ် ပြစ်တင်ဝေဖန်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဘာဖြစ်လို့ပြစ်တင်ဝေဖန်မှုတွေ ပြုလုပ်သလဲဆိုရင် အဲဒီသဘောတူညီချက်ဟာ အမေရိကန်အနေနဲ့ ဒေါ်လာသန်းပေါင်းများစွာကို ဖိနှိပ်ခံအစိုးရလက်ထဲ ပြန်ရောက်စေလို့ပဲဖြစ်ပါတယ်။ အီရန်ပိုင်ငွေကြေးတွေဟာ ၁၉၇၉ အစ္စလာမ္မစ်တော်လှန်ရေးပြီးကတည်းက လည်ပတ်စီးဆင်းမှုမရှိခဲ့ရာမှ အကယ်၍ အီရန်ကသာ ၎င်းရဲ့နျူကလီးယားအစီအစဉ်ကို ဟန့်တားထိန်းချုပ်ခဲ့မယ်ဆိုပါက ၎င်းငွေကြေးတွေဟာ အီရန်နိုင်ငံကို ပြန်ရောက်ရှိမှာဖြစ်ပါတယ်။

**သည်းခံနိုင်မှုလျော့နည်း**

အဲလိုမျိုးသာဖြစ်မယ်ဆိုပါက အီရန်နိုင်ငံရဲ့အခြေအနေဟာ ပိုမိုကောင်းမွန်တဲ့ ဘဝတွေရောက်ရှိဖို့ မျှော်လင့်ချက်ရောင်ခြည်တွေ သမ်းလာနိုင်တဲ့ အလားအလာတွေရှိလာမှာဖြစ်ပါတယ်။ အီရန်နျူကလီးယား သဘောတူညီချက်ဟာ အီရန်တွေရဲ့အမြင်တွေကို ပိုမိုကျယ်ပြန့်စေတာမှန်သော်လည်း သည်းခံနိုင်မှုကိုတော့ လျော့နည်းစေပါတယ်။

အဲဒီ အီရန်နျူကလီးယား သဘောတူညီချက်ဟာ အကျိုးသက်ရောက်မှုတွေရှိစေပါတယ်။ အီရန်ရဲ့ စီးပွားရေးဟာ ၂၀၁၆ ခုနှစ်မှာ ခုနစ်ရာခိုင်နှုန်းလောက် တိုးတက်လာခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ အဲဒီထက် ပိုမိုတိုးတက်လာဖို့ မျှော်လင့်ရပါတယ်။ ရေနံထုတ်လုပ်မှုဟာလည်း အလားအလာကောင်းတဲ့ အနေအထားမှာ ရှိပါတယ်။ နိုင်ငံခြားကုမ္ပဏီတွေဟာ စွမ်းအင်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအသစ်တွေ ပြုလုပ်နေကြပါတယ်။ မည်သို့ပင်ဆိုစေ တိုးတက်ဖွံ့ဖြိုးလာမှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေဟာ အီရန်ရဲ့ တိုးတက်လာတဲ့ လူဦးရေနဲ့ မမျှတဘူးဖြစ်နေပါတယ်။ အီရန်ဟာ တိုးတက်ဖို့ ရှေ့ကိုလျှောက်လေလေ နောက်ပြန်ဆွဲတဲ့ အကြောင်းတရားတွေနဲ့ ရင်ဆိုင်ရလေလေလား မသိတော့ပါ။

ဘာလို့လဲဆိုတော့ အီရန်ရဲ့ရေနံဈေး လျော့နည်းမှုဟာလည်း အီရန်ကို အကောင်းဘက်ကို ရောက်ရှိဖို့ ကြိုးစားတဲ့နေရာမှာ နောက်ပြန်ဆွဲသလိုဖြစ်စေတဲ့ အရေးကြီးတဲ့ အကြောင်းရင်းပဲဖြစ်ပါတယ်။ ထို့အတူ အကျင့်ပျက်ခြစားမှု၊ စီမံခန့်ခွဲမှုမှားယွင်းမှု၊ ဘဏ်စနစ်အားနည်းမှု၊ ငွေမည်းခဝါချမှုတွေမှာ အကန့်အသတ် အထိန်းအချုပ်မရှိမှု၊ ချွတ်ယွင်းချက်များတဲ့ ဥပဒေတွေရှိမှု၊ အမေရိကန်-အီရန်စီးပွားရေးသမားတွေကို ဖမ်းဆီးမှုအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုဟာ အမြင့်ဆုံးဖြစ်နေမှု စတဲ့ အချက်တွေဟာလည်း နိုင်ငံခြားကုမ္ပဏီတွေကို အီရန်မှာ စီးပွားရေးလုပ်ဖို့ အင်တင်တင်ဖြစ်စေတဲ့ အချက်တွေပဲ ဖြစ်ပါတယ်။

**လှစ်ဟပြလိုက်သလို**

သဘောထားတင်းမာတဲ့ တော်လှန်ရေး အစောင့်တပ်တွေ လွှမ်းမိုးမှုကြောင့် အကျင့်ပျက်ခြစားမှုဖြစ်နေတဲ့ စီးပွားရေးစနစ်။ ဒါတွေဟာ မတည်ငြိမ်မှုတွေ၊ ဂယက်ရိုက်မှုတွေဖြစ်စေသလို ဘာသာရေး အင်စတီကျူးရှင်းအတော်များများကလည်း အီရန်နိုင်ငံရဲ့ စီးပွားရေးကို လက်ဝါးကြီးအုပ်ထားပါတယ်။ အဲဒီအချက်ဟာ ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ အဟန့်အတားတွေပဲ ဖြစ်ပါတယ်။ လတ်တလော အရှေ့အလယ်ပိုင်းမှာ ဖြစ်နေတဲ့ တော်လှန်ပြောင်းလဲရေး စွန့်စားမှုတွေကလည်း ပြည်တွင်းမှာ ဆုံးရှုံးနစ်နာမှုတွေ ဖြစ်ပေါ်ခဲ့တယ်ဆိုတာကို လှစ်ဟပြလိုက်သလိုပါပဲ။

အီရန်နိုင်ငံတစ်ဝန်း ကမ္ဘာကုန်ကျယ်သရွေ့ ဖြစ်နေတဲ့ ဆူပူအုံကြွမှုတွေကြောင့် လက်ရှိမှာ လူအတော်များများ သေဆုံးနေပြီး ဒဏ်ရာရရှိမှုကလည်း မနည်းမနောပါပဲ။ ဆူပူအုံကြွမှုတွေကြောင့် ၂၂ ဦးသေဆုံးခဲ့ပြီး လူပေါင်း ၁၀၀၀ ထက်မနည်း ဖမ်းဆီးထိန်းသိမ်းခဲ့ပါတယ်။ အခုဆိုရင် အစိုးရဆန့်ကျင် ဆန္ဒပြမှုတွေဟာ လိုချင်တာမရ ရတာမလိုဖြစ်ကာ အနည်းငယ်လက်လျှော့လာတဲ့ပုံ ပေါက်လာပါတယ်။ သို့သော်လည်း လုံးဝ အပြီးအပိုင် လက်လျှော့သွားခြင်းတော့ မဟုတ်သေးပါဘူး။

လွန်ခဲ့တဲ့ရက်ပိုင်းက မစ္စတာရူဟာနီဟာ ဆန့်ကျင်ဆန္ဒပြသူတွေကို ဟန့်တားနေတဲ့နေရာကို ရောက်ရှိခဲ့ပါတယ်။ သူတို့ဟာ စီးပွားရေးချည့်နဲ့လို့ ကန့်ကွက်ဆန္ဒပြရုံတင်မက အကျင့်ပျက်ခြစားမှုတွေ ကျယ်ပြန့်လာလို့ ကန့်ကွက် ဆန္ဒပြမှုတွေ လုပ်ခဲ့ပါတယ်။ ထို့အပြင် တစ်ဦးတစ်ယောက်ချင်းစီရဲ့ နေထိုင်ကျင့်ကြံမှုတွေအပေါ် အစိုးရရဲ့ တင်းကျပ်တဲ့ မူဝါဒတွေနဲ့ လွတ်လပ်မှုအတွက်လည်း ကန့်ကွက် ဆန္ဒပြမှုတွေ လုပ်ခဲ့ပါ တယ်။

အခုလိုမျိုး ဆူညံပွက်လောရိုက်မှုတွေဟာ ဘယ်သူတွေကမှ မျှော်လင့်ထားကြတဲ့ အရာတွေမဟုတ်ပါဘူး။ သူတို့ဟာ အစ္စလာမ္မစ်ပြည်ထောင်စုမှာ ဖြစ်ပွားခဲ့တာပါ။ ဒါတွေဟာ အီရန် အုပ်ချုပ်ရေးယန္တရားစနစ်နဲ့ လူတွေ စိတ်နှလုံးကွဲပြားမှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ ရလဒ်တွေပဲဖြစ်ပါတယ်။

လူတစ်ဦးတစ်ယောက်ရဲ့ နေထိုင်မှုနဲ့ လွတ်လပ်မှုအပေါ် တခြားသူတစ်ဦးတစ်ယောက်က ဖိအားပေးထိန်းချုပ်စေမှုတွေ၊ အနာဂတ်မျိုးဆက်သစ်တွေမှာ မရှိနိုင်တော့ပါလို့ ရူဟာနီက ပြောခဲ့ပါတယ်။

**ထင်တာထက် ပိုမိုရှုပ်ထွေး**

စိတ်ခွန်အားအပြည့်နဲ့ အီရန်အတွက်ဟဲ့လို့ဆိုကာ ကြိုးစားရုန်းကန်နေတဲ့ အခြေအနေတွေဟာ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် ထင်တာထက် ပိုမိုရှုပ်ထွေးပါတယ်။ သမ္မတဒေါ်နယ်ထရန့်ဟာ ဝရုန်းသုန်းကားဖြစ်နေတဲ့ အခြေအနေတွေကို အသုံးချပြီး နျူကလီးယားသဘောတူစာချုပ်နှင့် ပတ်သက်ပြီး ပြန်လည်လုပ်ဆောင်ချင်ပုံရပါတယ်။ အဲဒါက အီရန်ကို နျူကလီးယားလုပ်ဆောင်မှုတွေ ပြန်လည်စတင်ဖို့ လွတ်လပ်ခွင့်ပေးသလို ဖြစ်နိုင်ပါတယ်။ အချို့အမေရိကန်အရာရှိတွေနဲ့ လေ့လာဆန်းစစ်သူတွေကတော့ အီရန်အစိုးရကို ဖြုတ်ချချင်နေကြပါတယ်။

သို့သော်လည်း အီရန်အနာဂတ်ကို အီရန်တွေကသာ ဆုံးဖြတ်ချက်ချမှတ်ရမှာဖြစ်ပါတယ်။ အမေရိကန်ပြည်ထောင်စုအနေနဲ့ သူမသိတဲ့ အကြောင်းအရာတွေမှာ သဘောထားကြီးပေးဖို့ လိုအပ်ပြီး တခြားနိုင်ငံရေးမှာ တိုက်ရိုက်ပါဝင်မှုတွေကို သတိထားလုပ်ဆောင်ရမှာပဲ ဖြစ်ပါတယ်။ အမေရိကန်ဟာ အီရန်နှင့် သမိုင်းကြောင်းမကောင်းခဲ့တဲ့အချိန်တွေ ရှိခဲ့ပါတယ်။ အဲဒီမှာ ဘာတွေပါလဲဆိုရင် အစိုးရကို ဖြုတ်ချမှု၊ အီရတ်၊ အာဖဂန်နစ္စတန်၊ ဆီးရီးယားနဲ့ ဗီယက်နမ်စစ်ပွဲတွေဟာ အမေရိကန်ပြည်ထောင်စုကို အတိတ်တစ္ဆေက အရိပ်လို လိုက်နေခဲ့ပါတယ်။ အဲဒီတော့ အမေရိကန်နိုင်ငံအနေနဲ့ ပြည်ပမှာ နိုင်ငံရေး၊ လူမှုရေးနဲ့ ပတ်သက်ပြီး စည်းဝါးရိုက်တဲ့ နေရာမှာ လိပ်ပြာသန့်သန့်နဲ့ ဆောင်ရွက် ဖို့ဆိုတာ မလွယ်လောက်ပါဘူး။

**အကြမ်းဖက်လုပ်ရပ်တွေ ရှုတ်ချ**

ဒါဆိုရင် အကြမ်းဖက်မှုတွေ မလုပ်ဘဲ အီရန်ကို ညင်သာစွာ အသွင်ကူးပြောင်းဖို့ ဘယ်လိုလုပ်ဆောင်မလဲ။ အနောက်နိုင်ငံတွေနဲ့ မဟာမိတ်ဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုဟာ အီရန်အရေးကိစ္စမှာ ငြိမ်းချမ်းစွာ နိုင်ငံရေးအသွင်ကူးပြောင်းဖို့အတွက် အပြုသဘောဆောင်တဲ့ အားပေးကူညီမှုတွေ လုပ်ရမှာပဲဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဆန္ဒပြသူတွေကို ဖမ်းဆီးတာတွေကို ရှုတ်ချမှုတွေလုပ်ရပါမယ်။ ပြီးတော့ သူတို့ကို အကြမ်းဖက်လုပ်တာတွေကို ရှုတ်ချမှုလုပ်ရပါမယ်။ အီရန်ခေါင်းဆောင်တွေကို ဝါဒဖြန့်စည်းရုံးမှုတွေ မလုပ်နိုင်အောင် လူမှုရေးအက်ပ်တွေကို ပိတ်ရပါမယ်။ ဒါ့အပြင် အမေရိကန်ပြည်ထောင်စုအနေနဲ့ အီရန်ကို အမေရိကန်သို့ သွားလာခွင့် ပိတ်ဆို့ထားမှုကို ဖယ်ရှားပေးရမှာပဲဖြစ်ပါတယ်။ ဆိုခဲ့သလို အမေရိကန်ပြည်ထောင်စုဟာ အီရန်အရေးကိစ္စမှာ နိုင်ငံရေးအုံကြွမှုတွေ မရှိဘဲ ငြိမ်းချမ်းစွာ အသွင်ကူးပြောင်းဖို့အတွက် အပြုသဘောဆောင်တဲ့ အားပေးကူညီမှုတွေ လုပ်ရမှာပဲ ဖြစ်ပါကြောင်း။ ။

**ကိုးကား -**
**သည်နယူးယောက်တိုင်းမ်**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

(ခ) အစည်းအဝေးကို အချိန်၊ နေရာနှင့်ရည်ရွယ်ချက်တို့အား ဖော်ပြကြေညာ၍ ဆောင်ရွက်ရမည်ဖြစ်ပြီး ပုဒ်မ ၃၄၈ ပါနည်းလမ်းအရ အကြောင်းကြားစာတစ်စောင်အား ထုတ်ဝေခြင်းအတွက် သတ်မှတ်ပါရှိသည့် နည်းလမ်းများဖြင့် အစည်းအဝေးမကျင်းပမီ အနည်းဆုံး ၂၈ ရက် ကြိုတင်၍ ထုတ်ပြန်ရမည်။

(ဂ) အစည်းအဝေးကျင်းပပြီးနောက် ခုနစ်ရက်အတွင်း စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် စာရင်းမိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည့်အပြင် အစည်းအဝေးကျင်းပခြင်းနှင့် ကျင်းပသည့်နေ့ရက်တို့ကို ၎င်းထံသို့ ပြန်ကြားရမည်။ အစည်းအဝေး၌ အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့် လိုအပ်သည့် ဦးရေမပြည့်ဝခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အစည်းအဝေးကို တရားဝင်ဆင့်ခေါ်ခဲ့ကြောင်း၊ ထိုအစည်းအဝေးသို့ အစည်းအဝေးအထမြောက်ရန် တက်ရောက်ရမည့် လိုအပ်သည့်ဦးရေ အပြည့်အဝမတက်ရောက်ခဲ့ကြောင်း ဖော်ပြပါရှိသည့် ပြန်ကြားချက်တစ်စောင်ကို ပြုလုပ်ရမည်။ ထိုပြန်ကြားချက်အား ပြုလုပ်ပြီးသည့်အခါ ပြန်ကြားချက် ပြုလုပ်ခြင်းနှင့် သက်ဆိုင်သော ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်များအရ ပြန်ကြားချက်ကို အဆိုပါအတိုင်း လိုက်နာဆောင်ရွက်ပြီးဖြစ်သကဲ့သို့ မှတ်ယူရမည်။

(ဃ) မှတ်ပုံတင်အရာရှိသည် စာရင်း သို့မဟုတ် ပုဒ်မခွဲ (ဂ) တွင် ဖော်ပြပါရှိသော ပြန်ကြားချက်တစ်ရပ်ရပ်ကို လက်ခံရရှိသည့်အခါ ယင်းတို့အား မှတ်ပုံတင်ရေးသွင်း ဆောင်ရွက်ရမည်ဖြစ်ပြီး ပြန်ကြားချက်အား မှတ်ပုံတင်ပြီးသည့်အချိန်မှစ၍ သုံးလပြည့်မြောက် ပြီးသည့်အချိန်တွင် ကုမ္ပဏီအားဖျက်သိမ်းပြီးဖြစ်သည်ဟုမှတ်ယူရမည်။ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ အကျိုးခံစားခွင့်ရှိသူအဖြစ် တရားရုံးတွင်ရောက်ရှိသူ တစ်ဦးဦးကဖြစ်စေ လျှောက်ထားတင်ပြလာလျှင် တရားရုံးသည်သင့်သည်ဟုထင်မြင်သည့်အချိန်ကာလတွင် ကုမ္ပဏီဖျက်သိမ်းခြင်းအား အကျိုးသက်ရောက်စေမည်ဟု သတ်မှတ်သောနေ့ရက်သို့ ရွှေ့ဆိုင်းပေးနိုင်သည့် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။

၃၅၈။ ပုဒ်မ ၃၅၇၊ ပုဒ်မခွဲ(ဂ)နှင့်အညီ စာရင်းမိတ္တူပေးပို့ခြင်းနှင့် ပြန်ကြားချက် ပြုလုပ်ခြင်းတို့ကို မဆောင်ရွက်ခဲ့လျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဒဏ်ကြေးငွေကျပ်တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

၃၅၉။ ပုဒ်မ ၃၅၇၊ ပုဒ်မခွဲ (ဃ) အရ ပြုလုပ်သည့် တရားရုံး၏ အမိန့်တစ်ရပ်အပေါ် လျှောက်ထားသူသည် အဆိုပါအမိန့်အား ချမှတ်သည့်နေ့မှ ၂၁ ရက်အတွင်း အဆိုပါအမိန့်အား မှတ်ပုံတင်ရန်အတွက် အမိန့်၏မူရင်းမိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ရန်ပျက်ကွက်ပါက ထိုသူသည် ဒဏ်ကြေးငွေကျပ်တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

### မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်း

**မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

၃၆၀။ ပုဒ်မ ၃၆၁ မှ ၃၇၂ အထိပါ ပြဋ္ဌာန်းချက်များသည် မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ သက်ဆိုင်စေရမည်။

**မြီရှင်များ၏ အစည်းအဝေး**

၃၆၁။ (က) ကုမ္ပဏီသည်ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ရန် ရည်ရွယ်သည့်အစည်းအဝေးကို ကျင်းပရမည့် နေ့ရက် သို့မဟုတ် ထိုနေ့၏ နောက်တစ်နေ့တွင် ကုမ္ပဏီ၏မြီရှင်များ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပရမည်ဖြစ်ပြီး အဆိုပါမြီရှင်များ၏အစည်းအဝေးအတွက် အကြောင်းကြားစာများကို ကုမ္ပဏီ၏ ဖော်ပြပါ အစည်းအဝေးကျင်းပမည့် အကြောင်းကြားစာပေးပို့သည်နှင့်တစ်ပြိုင်နက် မြီရှင်များထံသို့ ပေးပို့ရမည်။

(ခ) ကုမ္ပဏီသည် မြီရှင်များ၏ အစည်းအဝေးအတွက် အကြောင်းကြားစာကို ပုဒ်မ ၃၄၈ ပါအကြောင်းကြားစာတစ်စောင်အား ထုတ်ဝေခြင်းအတွက် ယင်းပုဒ်မတွင် သတ်မှတ် ပါရှိသည့် နည်းလမ်းများဖြင့် ကြေညာပေးရမည်။

(ဂ) ကုမ္ပဏီ၏ ဒါရိုက်တာများသည် -

(၁) ကုမ္ပဏီကိစ္စရပ်များ၏ အခြေအနေများအား ကုမ္ပဏီ၏ မြီရှင်များ စာရင်းမတိုင်မီတင်ပြမည့် တောင်းဆိုမှုပမာဏ ခန့်မှန်းခြေစာရင်းတို့ကို ပူးတွဲပါရှိစေလျက် ပြည့်စုံသည့် ရေးသားဖော်ပြချက်တစ်စောင်ကို အထက်တွင် ဖော်ပြပါရှိသည့်အတိုင်း ကျင်းပမည့် မြီရှင်များ အစည်းအဝေးတွင် တင်ပြရမည်၊ ၎င်းအပြင်

(၂) အဆိုပါ အစည်းအဝေးတွင် သဘာပတိအဖြစ် ဆောင်ရွက်ရန်အတွက် ယင်းတို့အနက်မှ တစ်ဦးဦးကို ခန့်အပ်ရမည်။

(ဃ) မြီရှင်များ၏ အစည်းအဝေးတွင် သဘာပတိအဖြစ် ခန့်အပ်ခံရသော ဒါရိုက်တာသည် အစည်းအဝေးသို့ တက်ရောက်၍ သဘာပတိအဖြစ် ဆောင်ရွက်ရန် တာဝန်ရှိသည်။

(င) ကုမ္ပဏီအား ဆန္ဒအလျောက် ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ရန် ရည်ရွယ်သည့် ကုမ္ပဏီအစည်းအဝေးကိုရွှေ့ဆိုင်းခဲ့ပြီး ထိုသို့ရွှေ့ဆိုင်းခဲ့သည့် အစည်းအဝေး၌ ဆုံးဖြတ်ချက်အား ချမှတ်ခဲ့လျှင် ပုဒ်မခွဲ(က) အရ ကျင်းပသည့် မြီရှင်များ၏ အစည်းအဝေး၌ ချမှတ်သော ဆုံးဖြတ်ချက်တစ်ရပ်ရပ်သည် ကုမ္ပဏီဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် ချက်ချင်းချမှတ်သည့် ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် အကျိုးသက်ရောက်စေရမည်။

၃၆၂။ အကယ်၍ -

(က) ပုဒ်မ ၃၆၁၊ ပုဒ်မခွဲ (က) နှင့် (ခ) တို့ကို လိုက်နာဆောင်ရွက်ရာတွင် ကုမ္ပဏီက ပျက်ကွက်ခဲ့လျှင် သို့မဟုတ်

(ခ) ပုဒ်မ ၃၆၁၊ ပုဒ်မခွဲ (ဂ)ကို လိုက်နာဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ ဒါရိုက်တာများက ပျက်ကွက်ခဲ့လျှင် သို့မဟုတ်

(ဂ) ပုဒ်မ ၃၆၁၊ ပုဒ်မခွဲ (ဃ) ကို လိုက်နာဆောင်ရွက်ရာတွင် ကုမ္ပဏီ၏ ဒါရိုက်တာတစ်ဦးဦးက ပျက်ကွက်ခဲ့လျှင် ကုမ္ပဏီ၊ ဒါရိုက်တာများ သို့မဟုတ် ဒါရိုက်တာသည် ယင်းတို့ ပျက်ကွက်သည့်ကိစ္စရပ်အတွက် ဒဏ်ကြေးငွေကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်ဖြစ်ပြီး ကုမ္ပဏီက ပျက်ကွက်သည့်ကိစ္စရပ်တွင် ပျက်ကွက်မှု၌ပါဝင်သည့် ကုမ္ပဏီ၏ အရာရှိများအားလုံးသည် အလားတူပြစ်ဒဏ်ကို ထိုက်သင့်စေရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိအား ခန့်အပ်ခြင်း**

၃၆၃။ မြီရှင်များနှင့်ကုမ္ပဏီသည် ပုဒ်မ ၃၆၁ တွင် ဖော်ပြပါရှိသော ယင်းတို့၏ သက်ဆိုင်ရာ အစည်းအဝေးများ၌ ကုမ္ပဏီ၏ကိစ္စရပ်များကို စာရင်းရှင်းလင်းဖျက်သိမ်းရန်နှင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များကို ခွဲဝေရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အဆိုပြုတင်ပြနိုင်သည်။ မြီရှင်များနှင့် ကုမ္ပဏီသည် သီးခြားပုဂ္ဂိုလ်များကို အဆိုပြုတင်ပြခဲ့လျှင် မြီရှင်များက အဆိုပြုသည့် ပုဂ္ဂိုလ်သည်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိဖြစ်စေရမည်။ မြီရှင်များက အဆိုပြုတင်ပြသည့် ပုဂ္ဂိုလ်မရှိခဲ့လျှင် ကုမ္ပဏီက အဆိုပြု တင်ပြသည့် ပုဂ္ဂိုလ်သည် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိ ဖြစ်စေရမည်။ သို့ရာတွင် သီးခြားပုဂ္ဂိုလ်များကို အဆိုပြုတင်ပြလာသည့်ကိစ္စရပ်၌ မြီရှင်များက အဆိုပြုတင်ပြသည့် နေ့ရက်မှ ခုနစ်ရက်အတွင်း ကုမ္ပဏီ၏ ဒါရိုက်တာ၊ ကုမ္ပဏီတွင် ပါဝင်သူ သို့မဟုတ် မြီရှင်တစ်ဦးဦးသည် တရားရုံးသို့ တင်ပြ၍ မြီရှင်များက အဆိုပြုသည့် ပုဂ္ဂိုလ်အစား သို့မဟုတ် ယင်းပုဂ္ဂိုလ်နှင့်အတူ ကုမ္ပဏီကစာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် အဆိုပြုတင်ပြသည့် ပုဂ္ဂိုလ်ကို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် သတ်မှတ်ပေးရန် သို့မဟုတ် မြီရှင်များကခန့်အပ်သည့် ပုဂ္ဂိုလ်အစား အခြားသူတစ်ဦးဦးကို စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ပေးရန် အမိန့်တစ်ရပ်ရပ်ကို လျှောက်ထားနိုင်သည်။

**စစ်ဆေးရေးကော်မတီအား ခန့်အပ်ခြင်း**

၃၆၄။ (က) ပုဒ်မ ၃၆၁ အရ ကျင်းပသည့် အစည်းအဝေး၌ဖြစ်စေ၊ နောင်တွင်ပြုလုပ်သည့် အစည်းအဝေးတစ်ရပ်ရပ်၌ဖြစ်စေ မြီရှင်များသည် ၎င်းတို့သင့်သည်ဟု ထင်မြင်သည့်အတိုင်း ငါးဦးထက် မပိုသောသူများပါဝင်သည့် စစ်ဆေးရေးကော်မတီတစ်ရပ်ကို ခန့်အပ်နိုင်သည်။ အဆိုပါ ကော်မတီအား ခန့်အပ်ပြီးသည့်အခါ ကုမ္ပဏီအား ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက် ဆုံးဖြတ်ချက်ချမှတ်မည့် အစည်းအဝေး၌ ဖြစ်စေ၊ နောင်တွင် ကျင်းပမည့် အထွေထွေ အစည်းအဝေးတစ်ရပ်ရပ်၌ ဖြစ်စေ ကုမ္ပဏီသည် ငါးဦးထက် မပိုသော ကော်မတီ၏ အဖွဲ့ဝင်များအဖြစ် ဆောင်ရွက်ရန်သင့်သည်ထင်မြင်သည့် ပုဂ္ဂိုလ်များကို ခန့်အပ်နိုင်သည်။

(ခ) သို့ရာတွင် မြီရှင်များသည် ၎င်းတို့သင့်သည်ဟုထင်မြင်သည့်အတိုင်း ကုမ္ပဏီက ထိုသို့ ခန့်အပ်ထားသည့် ပုဂ္ဂိုလ်အားလုံးကိုဖြစ်စေ၊ တစ်ဦးဦးကိုဖြစ်စေ စစ်ဆေးရေးကော်မတီ၏အဖွဲ့ဝင်များ မဖြစ်သင့်ကြောင်း ဆုံးဖြတ်နိုင်သည်။ မြီရှင်များက ထိုသို့ ဆုံးဖြတ်ခဲ့လျှင် တရားရုံးက အခြားနည်းညွှန်ကြားခြင်း မရှိပါက ဆုံးဖြတ်ချက်တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များသည် ကော်မတီ၏ အဖွဲ့ဝင်များအဖြစ်ဆောင်ရွက်ရန် မပြုစေရ။ ဤပြဋ္ဌာန်းချက်အရ တရားရုံးသို့ တင်ပြလျှောက်ထားခဲ့လျှင် တရားရုံးသည်သင့်သည်ဟု ထင်မြင်သည့်အတိုင်း ဆုံးဖြတ်ချက်တွင် ဖော်ပြထားသော ပုဂ္ဂိုလ်အစား အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နိုင်မည့် အခြားသူတစ်ဦးဦးကို ခန့်အပ်နိုင်သည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများ၏ အခကြေးငွေကို သတ်မှတ်ခြင်းနှင့် ဒါရိုက်တာများ၏ လုပ်ပိုင်ခွင့်များကို ရပ်စဲခြင်း**

၃၆၅။ (က) စစ်ဆေးရေးကော်မတီ သို့မဟုတ် စစ်ဆေးရေးကော်မတီ မရှိခဲ့လျှင် မြီရှင်များသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများသို့ ပေးချေရမည့် အခကြေးငွေများကိုသတ်မှတ်နိုင်ပြီး အခကြေးငွေကို သတ်မှတ်ထားခြင်း မရှိခဲ့လျှင် ထိုအခကြေးငွေကို တရားရုံးက သတ်မှတ်ရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိတစ်ဦးအား ခန့်အပ်ခဲ့သည့်အခါ ဒါရိုက်တာများ၏လုပ်ပိုင်ခွင့်များအားလုံးသည် စစ်ဆေးရေးကော်မတီ သို့မဟုတ် စစ်ဆေးရေးကော်မတီမရှိခဲ့လျှင် မြီရှင်များက ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုခဲ့သည့်ကိစ္စရပ်မှအပ ရပ်စဲစေရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ လစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည့် အခွင့်အာဏာ**

၃၆၆။ တရားရုံးက သော်လည်းကောင်း၊ တရားရုံး၏ ညွှန်ကြားချက်ဖြင့်သော်လည်းကောင်း ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိမှအပ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိတစ်ဦးဦးသည် သေဆုံးခြင်း၊ နုတ်ထွက်ခြင်း သို့မဟုတ် အခြားအကြောင်းတစ်ရပ်ရပ်ကြောင့် ၎င်း၏နေရာ၌ လစ်လပ်သွားလျှင် မြီရှင်များသည် ထိုလစ်လပ်နေရာကို ဖြည့်စွက်ခန့်ထားနိုင်သည်။

**မြီရှင်များက ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းတွင် ပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်အား လိုက်နာရခြင်း**

၃၆၇။ ပုဒ်မ ၃၅၄ ပါ ပြဋ္ဌာန်းချက်များသည် မြီရှင်များကကုမ္ပဏီကို ဆန္ဒအလျောက် ဖျက်သိမ်းခြင်းတွင် ကုမ္ပဏီတွင်ပါဝင်သူများကကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းခြင်းကဲ့သို့ သက်ဆိုင်စေရမည်ဖြစ်ပြီး အဆိုပါပုဒ်မအရ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏လုပ်ပိုင်ခွင့်များကို တရားရုံးကဖြစ်စေ၊ စစ်ဆေးရေးကော်မတီကဖြစ်စေ ခွင့်ပြုချက်ပါရှိမှုအပ ကျင့်သုံးဆောင်ရွက်ခြင်း မပြုရ။

*(ဆက်လက်ဖော်ပြပါမည်)*

## ဆွာချောင်းဆည်ရေသောက်စနစ်ဖြင့် တောင်ငူမြို့နယ်၌ နွေစပါးဧက ပိုမိုစိုက်ပျိုးနိုင်မည်

**တောင်ငူ ဇန်နဝါရီ ၁၁**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းဆည်ရေသောက်စနစ်ဖြင့် နွေစပါးစိုက်ဧက နှစ်သောင်းကျော်အား ရေပေးဝေလျက်ရှိပြီး ကျေးလက်ဒေသနေ တောင်သူများအနေဖြင့် စပါးစိုက်ပျိုးရေး လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆွာဆည်ရေသောက် မြောင်းဖျားဖြစ်သော တောင်ငူမြို့နယ် မြောက်ရေကြည်ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံ တောင်သူများအတွက် DY-7 ရေပေးမြောင်းမှတစ်ဆင့်ရေပေးဝေနိုင်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိရာ ယခုနှစ်နွေစပါးစိုက်ပျိုးရာသီ၌ စိုက်ဧက ၄၀၀ ကျော်ကို ရေပေးဝေနိုင်မည်ဖြစ်ကြောင်း တောင်ငူမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးသောင်းတင်က ပြောကြားသည်။

"ဒီကျေးရွာအုပ်စုက ဆွာဆည် ရေသောက်မြောင်းဖျားမှာ ရှိနေတာ၊ တောင်သူတွေကလည်း နွေစပါးစိုက်ပျိုးချင်ကြတယ်၊ DY-7 ရေပေးမြောင်းကို အဆင့်မြှင့်တင်ပြုပြင်ပြီးတော့ ရေပေးဝေတဲ့ အခါမှာ မနှစ်က ဧက ၁၀၀ ကျော်စိုက်ပျိုးနိုင်တာတွေ့ရတယ်၊ ဒီနှစ်နွေစပါးစိုက်ပျိုးချိန်မှာ စိုက်ဧက ၄၀၀ ကျော်အထိ ရေပေးနိုင်မှာဖြစ်တဲ့အတွက် တောင်သူတွေ အများကြီးအဆင်ပြေကြတာ တွေ့ရတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။



ဇန်နဝါရီ ၁ ရက်မှ စတင်သည့် ရေပေးဝေရေးလုပ်ငန်းများနှင့် နွေစပါး စိုက်ပျိုးကြသည့် တောင်သူများအဆင်ပြေမှုရှိစေရန် တောင်ငူခရိုင် ဆည်မြောင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ရှိန်နှင့်တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ရေပေးမြောင်းများအလိုက် တာဝန်ကျသည့် ဝန်ထမ်းများအား ရေပေးဝေရေးကာလအတွင်း အောက်ရေရရှိသည်အထိ တောင်သူများအခက်အခဲမရှိစေရန် စီစဉ်ဆောင်ရွက်ထားကြောင်းသိရသည်။

**ကိုလွင်(ဆွာ)**

## လီဆူရိုးရာ (ခေါ့ရှီ) နှစ်သစ်ကူးပွဲတော် ပူတာအိုမြို့၌ ကျင်းပမည်

**ပူတာအို ဇန်နဝါရီ ၁၁**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် လီဆူရိုးရာ(ခေါ့ရှီ)နှစ်သစ်ကူးပွဲတော်နှင့် ပူတာအို လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီ နှစ်(၆၀)ပြည့်ပွဲတော်ကို ဇန်နဝါရီ ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ရာ ပြည်ထောင်စုအဆင့်၊ ပြည်နယ်အဆင့်နှင့် ပြည်ပမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များတက်ရောက်ချီးမြှင့်ပေးရန်မျှော်လင့်ကြောင်း လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်က ပြောကြားသည်။

"အရင်ကတစ်ခါမှ ဝင်မပြိုင်ဖူးပါဘူး၊ အခုက ပူတာအိုဒေသလီဆူလူမျိုးတွေရဲ့ ကိုယ်စားပါဝင်ယှဉ်ပြိုင်ရမှာဖြစ်လို့ အလွန်ဂုဏ်ယူပါတယ်၊ အကောင်းဆုံးယှဉ်ပြိုင်ဖို့အတွက် ကြိုတင်လေ့ကျင့်ဇာတ်တိုက်တာတွေတော့လုပ်ထားပါတယ်" ဟု ရိုးရာအက အဖွဲ့ဝင် မငွါးဆာဒူးက ပြောသည်။

ပွဲတော်အထိမ်းအမှတ်အနေဖြင့် ဘော်လီဘောပြိုင်ပွဲ၊ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ ရိုးရာဒူးလေးပစ်ပြိုင်ပွဲ၊ မြင်းစီးပြိုင်ပွဲနှင့်ဂေါက်ရိုက်ပြိုင်ပွဲများ ကျင်းပမည့်အပြင် ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများ၊ ခေတ်ပေါ်တေးဂီတဖျော်ဖြေမှုများနှင့် မြန်မာနိုင်ငံအနှံ့အပြားမှအလုမယ် ၁၈၀ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြခန်းများအနေဖြင့် ရိုးရာယဉ်ကျေးမှုပြခန်းများ၊ ရှေးယခင် တောင်ပေါ်ဒေသ တိုင်းရင်းသားတို့ မြစ်၊ ချောင်းများကိုဖြတ်ကူးရာတွင် ယမထာကြိမ်လုံးတစ်လုံးတည်းဖြင့် တစ်ယောက်ချင်း ဖြတ်ကူးခဲ့ပုံများ၊ ယမထာကြိမ်မရရှိသည့် အခြေအနေမျိုးတွင် ဝါးခြမ်းခွဲ၍ ဝါးလုံးနှစ်လုံးပူးချည်ကာ တံတားပြုလုပ်သွားလာခဲ့ပုံများ၊ တောင်ပေါ်ဒေသ သားကောင်ဖမ်းနည်းမျိုးစုံများကို ပြသသွားမည့်အပြင် ရိုးရာမီးပင်လယ် ကျော်ဖြတ်၍ ဓားတောင်တက်ပွဲအား ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း (၁၀၃)

# အိန္ဒိယ၊ မြန်မာ သတင်းမီဒီယာကဏ္ဍမှာ



ဦးဟန်ညွန့် (ဥပဒေ)

**အိန္ဒိယ၊ မြန်မာ**

အိန္ဒိယ၊ မြန်မာချစ်ကြည်ရေး အဓွန့်ရှည်တည်တံ့စေရေး စေတနာဖြင့် အိန္ဒိယသို့ သတင်းခရီးထွက်ခဲ့ရပါသည်။ ပြီးခဲ့သော အခန်းများတွင် အကြောင်းအရာစုံစုံလင်လင် ရေးသားခဲ့ပြီးဖြစ်သော်လည်း အိန္ဒိယသတင်းမီဒီယာကောင်စီ အကြောင်း၊ မိမိအား ဖိတ်ကြားသူအကြောင်း မရေးရသေး။ သို့ဖြစ်၍ ယခုအပိုင်းတွင် အိန္ဒိယနိုင်ငံသတင်းမီဒီယာကောင်စီ အကြောင်း လေးစား၊ ဂုဏ်ယူစွာ ဖော်ပြရေးသားပါရစေ။

(၂၀၁၇ နိုဝင်ဘာလ အိန္ဒိယခရီးကို အခြေခံပါသည်)

**သမိုင်းအကျဉ်း**

အိန္ဒိယနိုင်ငံ သတင်းမီဒီယာကောင်စီကို ၁၉၆၆ ခုနှစ်တွင် စတင်တည်ထောင်သည်။ သတင်းနှင့် စာနယ်ဇင်းကော်မရှင်၏ ကြီးကြပ်မှုဖြင့် ဖွဲ့စည်းခဲ့သည်။ သတင်းများကို လွတ်လပ်စွာ ဖော်ပြခြင်း၊ ထိန်းသိမ်းခြင်း၊ သတင်းမီဒီယာ အဆင့်အတန်း ပိုမိုကောင်းမွန်စေခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ခြင်းများကို အခြေခံသည်။ ရှုထောင့်စုံမှ သတင်းမီဒီယာကဏ္ဍကို မြှင့်တင်သော အဖွဲ့အစည်းလည်း ဖြစ်ပေသည်။

**တရားရုံး၏ လုပ်ပိုင်ခွင့်**

အိန္ဒိယနိုင်ငံ သတင်းမီဒီယာကောင်စီသည် တရားရုံး၏ လုပ်ပိုင်ခွင့် [တရားစီရင်ရေးတစ်ဝက်အာဏာပိုင်အဖွဲ့ဟု ခေါ်ဆိုနိုင်သော] အကြံပေးအဖွဲ့အစည်းကြီးတစ်ခု ဖြစ်ပေသည်။

“အကြံပေးအဖွဲ့” ဟု ခေါ်ဆိုရခြင်းမှာ-

ကောင်စီသည် သတင်းမီဒီယာနှင့် အာဏာပိုင်အဖွဲ့အစည်းများအား သတင်းမီဒီယာလွတ်လပ်ခွင့်နှင့် ထိန်းသိမ်းရေး ဆက်နွယ်နေမှုများအား လမ်းညွှန်ရသောကြောင့် ဖြစ်ပေသည်။

**တရားသူကြီးက ဦးဆောင်**

အိန္ဒိယနိုင်ငံ သတင်းမီဒီယာကောင်စီကို အငြိမ်းစား တရားသူကြီး (တရားရုံးချုပ်)က ဦးဆောင်ဖွဲ့စည်းသည်။ အခြားအဖွဲ့ဝင် ၂၈ ဦး ပါဝင်သည်။ အဖွဲ့ဝင် ၂၀ ဦးသည် သတင်းမီဒီယာကို ကိုယ်စားပြုသည်။ ငါးဦးသည် လွှတ်တော်နှစ်ရပ်မှ ဖြစ်သည်။ ကျန်သုံးဦးမှာ ယဉ်ကျေးမှု၊ စာပေနှင့် တရားရေးကို ကိုယ်စားပြုသည်။ ထိုသို့ကိုယ်စားပြုရန် ဆာယစ်ယာတက္ကသိုလ် (SAHIT YA ACADEMY) မှ တက္ကသိုလ်ထောက်ပံ့ကြေးဆိုင်ရာ ကော်မရှင်နှင့် အိန္ဒိယ ရှေ့နေဘားကောင်စီက ဆောင်ရွက်ပေးသည်။ သတင်းမီဒီယာနယ်ပယ်အတွက် သတင်းစာဆရာများ၊ အယ်ဒီတာများ၊ သတင်းစာတိုက်များ၊ သတင်းအေဂျင်စီများက အဆိုပြုခဲ့ခြင်း ဖြစ်သည်။

**ဖွဲ့စည်းခြင်း**

ကောင်စီဝင် ၂၀ ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ခန့်အပ်ဆောင်ရွက်သည်။ ရုစ်နေရာကို ဗဟိုအစိုးရက ဆောင်ရွက်သည်။ ဖွဲ့စည်းပုံလုပ်ထုံးအရ ဖြစ်သည်။

**ဘဏ္ဍာငွေ**

ဘဏ္ဍာငွေအသုံးစရိတ်ကို သတင်းစာတိုက်များက အခြေခံသည်။ မှတ်ပုံတင်ထုတ်ဝေခွင့်ပြုထားသော သတင်းစာတိုက်များက စောင်ရေအလိုက် ထောက်ခံသည့် အခွန်ငွေကြေးမှ ရယူသုံးစွဲလျက်ရှိသည်။ ကောင်စီသည် အသုံးစရိတ်အတွက် ဗဟိုအစိုးရအပေါ် အတိုင်းအတာတစ်ခု အထိ မှီခိုနေရသော်လည်း သတင်းလုပ်ပိုင်ခွင့်နှင့် စပ်လျဉ်း၍ (တရားစီရင်ရေး အာဏာပိုင်အဖွဲ့၏ တာဝန်များရရှိပြီးဖြစ်သောကြောင့်) အစိုးရ၏ လွှမ်းမိုးမှု ကင်းလွတ်သည်။

**တိုင်ကြားမှုများ**

တိုင်ကြားမှုများကမူ အမြဲရရှိဖြေရှင်းနေရသည်။ ကျင့်ဝတ်




ဖောက်ဖျက်မှု(သို့မဟုတ်) ခြိမ်းခြောက်မှုများ ပိုမိုမြင့်တက်လာသည်ကိုမူ ပြောစရာမလိုတော့ပေ။ တိုင်ကြားမှုကို နှစ်မျိုးနှစ်စား ခွဲခြားနိုင်မည်ဖြစ်သည်။

(၁) အာဏာပိုင်တစ်ဦးတစ်ယောက်က သတင်းမီဒီယာ လွတ်လပ်ခွင့်ကို ကြားဝင်စွက်ဖက်ခြင်း

(၂) သတင်းစာပညာ ကျင့်ဝတ်စည်းမျဉ်းချိုးဖောက်ကြောင်း တိုင်ကြားခြင်းတို့ ဖြစ်သည်။

- သတင်းမီဒီယာလွတ်လပ်ခွင့်ကို ကြားဝင်စွက်ဖက်၊ နှောင့်ယှက်ခံရခြင်း(သို့မဟုတ်)ထိခိုက်စေခြင်းကို တိုင်ကြားနိုင်ပါသည်။
- သတင်းမီဒီယာသမားတစ်ဦးဦးက ကျင့်ဝတ်ဖောက်ဖျက်လျှင်လည်း ကောင်စီသို့ တိုင်ကြားနိုင်ပေသည်။

**လုပ်ပိုင်ခွင့်**

အိန္ဒိယနိုင်ငံ သတင်းမီဒီယာကောင်စီသည် ဥပဒေကပေးသော လုပ်ငန်းတာဝန်ကို လုပ်ပိုင်ခွင့်အပြည့်အဝ ထမ်းဆောင်ခွင့်ရပေသည်။ အစိုးရအဖွဲ့အပါအဝင် အာဏာပိုင်များ၏ လုပ်ဆောင်မှုကို စုံစမ်းစစ်ဆေးခြင်းတာဝန်ကိုလည်း ထမ်းဆောင်ရပေသည်။

**သတင်းမီဒီယာသမားများ**

ကျင့်ဝတ်စံနှုန်းများ ချိုးဖောက်သော သတင်းထောက်၊ သတင်းစာ၊ သတင်းဌာန၊ အယ်ဒီတာ စသည်တို့အား သတိပေးခြင်း၊ ဆုံးမခြင်း၊ ဝေဖန်ပြစ်တင်ခြင်း၊ သဘောမတူ ကန့်ကွက်ခြင်းများကို သတင်းကောင်စီက ဆောင်ရွက်ခွင့်ရှိသည်။

သတင်းမီဒီယာကောင်စီသည် အမြင့်ဆုံးသော လူ့ကျင့်ဝတ်ဆိုင်ရာ အာဏာပိုင်အဖွဲ့အဖြစ် ဂုဏ်သိက္ခာမြင့်တက်လျက်ရှိပေသည်။ အိန္ဒိယသတင်းမီဒီယာကောင်စီ၏ ဆုံးဖြတ်ချက်များသည် အပြီးသတ်ဆုံးဖြတ်ချက်များပင်ဖြစ်ပြီး မည်သည့် တရားရုံးကမျှ ဆင့်ခေါ်မေးမြန်းခြင်း မပြုနိုင်တော့ပေ။ သတင်းကောင်စီ၏ ဆုံးဖြတ်ချက်များသည် ရိုးသားဖြောင့်မတ်ခြင်း၊ မှန်ကန်ခြင်း၊ အများလက်ခံနိုင်ခြင်းတို့ကြောင့် ဖြစ်ပေသည်။

**တိုင်စာများ**

၂၀၁၇ခုနှစ် အောက်တိုဘာလကုန်အထိ တိုင်ကြားစာစုစုပေါင်း ၂၉၁၁၄ စောင်ရရှိခဲ့သည်။ တိုင်ကြားစာ ၂၁၅၁၁ မှာ သတင်းမီဒီယာသမားများ၏ ကျင့်ဝတ်ချိုးဖောက်မှုဆိုင်ရာ တိုင်ကြားစာများဖြစ်ပါသည်။ ၇၆၀၃ စောင်မှာ အာဏာပိုင်က သတင်းမီဒီယာကို လွတ်လပ်မှုခြိမ်းခြောက်ကြောင်း တိုင်ကြားစာများ ဖြစ်ပေသည်။ ဥက္ကဋ္ဌအမိန့်အာဏာဖြင့် ဖယ်ရှားခွင့်ရှိသော တိုင်စာများလည်း ရှိပေသေးသည်။ သတင်းမီဒီယာသမိုင်းတွင် ထင်ရှားသော၊ ဂုဏ်သိက္ခာရှိသော၊ အများပြည်သူလက်ခံယုံကြည်သော သတင်းကောင်စီအဖြစ် ရပ်တည်နိုင်ခဲ့ပေသည်။ စံပြုလေ့လာသင့်ပေသည်။

**အမျိုးအစားများ**

တိုင်စာအမျိုးအစားများမှာ-

(၁) ၆၀ ရာခိုင်နှုန်းသည် အသရေဖျက်မှု

(၂) ၂၅ ရာခိုင်နှုန်းသည် ခိုးယူကူးချမှု

(၃) ၁၅ ရာခိုင်နှုန်းသည် ဘာသာရေး၊ အတန်းအစား ခွဲခြားမှုတို့ ဖြစ်ကြောင်းသိရသည်။

**ဖော်ပြခြင်းမပြုရန်**

ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ရုပ်အလောင်းများ၊ အကြမ်းဖက်မှုဆိုင်ရာ စက်ဆုပ်မှု (သို့မဟုတ်) လူထုဒေါသ ထွက်စေမှုဖြစ်စေသော ဓာတ်ပုံများကို သတင်းမီဒီယာများတွင် မဖော်ပြရန် ဆုံးဖြတ်လမ်းညွှန်ခဲ့သည်။

**အိန္ဒိယနှင့်ကမ္ဘာ**

အိန္ဒိယနိုင်ငံ သတင်းမီဒီယာကောင်စီသည် ပြည်တွင်းမှသာမက ပြည်ပကမ္ဘာနှင့်ပါ ချိတ်ဆက်ဆောင်ရွက်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးရှိ အသင်းအဖွဲ့များနှင့်ပါ တွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်ပါသည်။

ဥပမာအားဖြင့် အိန္ဒိယနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌသည် ကင်ညာနိုင်ငံ (KENYAN TV) က Can the Media Regulate Itself ဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ခဲ့ပြီး အိန္ဒိယသတင်းမီဒီယာကောင်စီ၏ စံပြုချက်များကို ညှိနှိုင်း၊ အတည်ပြုနိုင်ခဲ့သည်။ ၂၀၁၆တွင် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌ ဗြိတိသျှသတင်းမီဒီယာ တိုင်ကြားမှုကော်မရှင်နှင့်လည်း အပြန်အလှန် ညှိနှိုင်းကာ ထွန်းကားတိုးတက်စေသော ဆက်ဆံမှုများ ဆောင်ရွက်နိုင်ခဲ့သည်။

**တရားလွှတ်တော်တရားဝန်ကြီး**

တရားလွှတ်တော်သည် တရားဝန်ကြီးများ (တရားသူကြီးများ)သည် ဥက္ကဋ္ဌတာဝန်၊ အဖွဲ့အစည်းတာဝန်များကို အလျဉ်းသင့်သလို ဆောင်ရွက်ခဲ့ပြီး ဥပဒေတာဝန်နှင့် သတင်းမီဒီယာတာဝန်များကို တည့်တည့်မတ်မတ် သစ္စာရှိစွာ ထမ်းဆောင်ခဲ့ခြင်းများကိုလည်း ဂုဏ်ယူဖွယ်လေ့လာသိရှိရပေသည်။

အိမ်နီးချင်းနိုင်ငံများဖြစ်ကြသော အင်ဒိုနီးရှား၊ မလေးရှား၊ နီပေါ၊ မြန်မာ၊ ဘင်္ဂလားဒေ့ရှ် နိုင်ငံများနှင့်လည်း သတင်းမီဒီယာ ဆက်ဆံရေး၊ ညှိနှိုင်းလက်တွဲရေးများ ဆောင်ရွက်ခဲ့ပေသည်။

**သတင်းလွတ်လပ်ခွင့်**

"Freedom of Expression and Human Rights" ခေါင်းစဉ်ဖြင့် အိန္ဒိယနှင့် နိုင်ငံတကာဆွေးနွေးပွဲကြီးကိုလည်း နယူးဒေလီမြို့၌ ကျင်းပနိုင်ခဲ့သည်။ အခြားအခြားသော ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာ သင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပနိုင်ခဲ့သည်။ အသေး စိတ်ဖော်ပြခြင်း မပြုတော့ပါ။

**သတင်းဆုပေးပွဲများ**

နှစ်စဉ်နှစ်တိုင်း သတင်းလွတ်လပ်ခွင့်ဆု၊ ထူးချွန်သတင်းထောက်ဆု၊ ရုပ်မြင်သံကြား၊ ရေဒီယိုဆိုင်ရာထူးချွန်ဆု စသည်များ ချီးမြှင့်နိုင်ခဲ့ပြီး သတင်းမီဒီယာလောက တိုးတက်ရေးဆိုင်ရာများ ဆောင်ရွက်နိုင်ခဲ့ပေသည်။

ယခုအခါ အနှစ် ၅၀ တိုင် အိန္ဒိယနိုင်ငံသတင်းမီဒီယာကောင်စီ၏ရှည်ကြာသောခရီးမှာ တောက်ပသည့် မှတ်တိုင်တစ်တိုင်အဖြစ် ရပ်တည်နိုင်ခဲ့ပြီးဖြစ်ပေသည်။

အိန္ဒိယနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့သည် နှစ်ဦးနှစ်ဖက် ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန် အကူအညီပေးခြင်း၊ သတင်းမီဒီယာဆိုင်ရာများ တိုးတက်ဖြစ်ထွန်းစေခြင်းများပြုလျက် ကမ္ဘာ့သတင်းမီဒီယာကောင်စီများနှင့်ပါ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားနိုင်ကြမည်ဖြစ်ပေသည်။

**စေတနာ**

အိန္ဒိယနိုင်ငံသတင်းမီဒီယာကောင်စီ၏ အတွေ့အကြုံ၊ ဖွဲ့စည်းပုံ၊ စည်းမျဉ်း၊ ဥပဒေများကို လေ့လာပြီး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအတွက် အတုယူလေ့လာသင့်သည်များကို တွေးမိသော ကျွန်တော်၏စေတနာ ဥပဒေအတွေးမျှသာပါ...။ ။

**“အိန္ဒိယနိုင်ငံသတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီတို့သည် နှစ်ဦးနှစ်ဖက် ချစ်ကြည်ရင်းနှီးစွာ အပြန်အလှန် အကူအညီပေးခြင်း၊ သတင်းမီဒီယာဆိုင်ရာများ တိုးတက်ဖြစ်ထွန်းစေခြင်းများ ပြုလျက် ကမ္ဘာ့သတင်းမီဒီယာကောင်စီများနှင့်ပါ ပူးပေါင်းလက်တွဲ ဆောင်ရွက်သွားနိုင်ကြမည်ဖြစ်”**

# ကန့်ကြီးထောင့်မြို့တွင် အသေးစားအရင်းအနှီးချေးငွေပေးအပ်

**ကန့်ကြီးထောင့် ဇန်နဝါရီ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ် သမဝါယမဦးစီးဌာနမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ရည်ရွယ်ချက်များဖြင့် အခြေခံသမဝါယမအသင်းများသို့ ပြင်ပထက်အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသော အသေးစားအရင်းအနှီးချေးငွေပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီလပထမပတ်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရောသီရိသုခခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဒေါ်ခင်စောမူ၊ တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာဦး နှင့်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးအောင်တို့က အမှာစကား ပြောကြားသည်။

ထို့နောက် မြို့နယ်အတွင်းရှိ အခြေခံသမဝါယမအသင်း ၂၉ သင်းမှ အသင်းသား ၂၅၆၉ ဦး၏ စိုက်ပျိုးစရိတ်၊ မွေးမြူစရိတ်၊ လယ်ယာမြေပြုပြင်ခြင်းများနှင့် စိုက်ပျိုးရေးသွင်းအားစုတို့အတွက် ထုတ်ချေးငွေ ၃၆၀၄ ဒသမ ၈၅ သန်းကို တိုင်းဒေသကြီးသမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ပြီး အဋ္ဌမအကြိမ် Exim Bank ချေးငွေအစောဆုံးပေးဆပ်ခဲ့သော သမဝါယမအသင်းများကိုဂုဏ်ပြုမှတ်တမ်းများနှင့် အသင်းသားများ၏ စုဆောင်းငွေအပေါ်အတိုးငွေများကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း



**ပလက်ဝ ဇန်နဝါရီ ၁၁**

ချင်းပြည်နယ် ပလက်ဝမြို့နယ်အတွင်း ကုန်ပြင်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကီမိုခန်းမ၌ ဇန်နဝါရီ ၈ ရက်က ကျင်းပခဲ့သည်။

အလှူငွေပေးအပ်ပွဲတွင် အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် ဒေါက်တာ မေဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိန်အောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်အတွင်းမှ လူမှုကူညီရေး ပရဟိတအဖွဲ့များနှင့် ကုန်ပြင်တိုက်ပွဲရှောင်ပြည်သူများ တက်ရောက်ကြပြီး အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင်နှင့် အဖွဲ့ဝင်များက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများကို ကုန်ပြင်တိုက်ပွဲရှောင်ပြည်သူများ ထံသို့ ပေးအပ်လှူဒါန်းခဲ့ကြသည်။

**မောင်မောင်ကျော့ (ပလက်ဝ)**

# ဘာစီလိုနာကို ပိုမိုအရောင်တင်ပေးနိုင်မယ့် ကော်တင်ညို

— အောင်က —



ဘရာဇီးကွင်းလယ်တိုက်စစ်မှူး ကော်တင်ညိုဟာ လီဗာပူးအသင်းကနေ ဘာစီလိုနာအသင်းကို ပေါင် ၁၄၆ သန်းနဲ့ ပြောင်းရွှေ့သွားခဲ့တယ်။ ဒီပြောင်းရွှေ့မှုဟာ ဘောလုံးသမိုင်းမှာတော့ ဒုတိယမြောက်တန်ကြေးအကြီးဆုံး ပြောင်းရွှေ့မှုလည်း ဖြစ်ပါတယ်။ စာချုပ်ကတော့ ၄ါးနှစ်ခွဲစာချုပ်ချုပ်ဆိုထားတာဖြစ်ပြီး စာချုပ်ထဲမှာ ထည့်သွင်းချုပ်ဆိုထားတဲ့ပြောင်းရွှေ့ကြေးကတော့ ပေါင် ၃၅၅ သန်း ဖြစ်ပါတယ်။ သူဟာ စွယ်စုံရကစားသမားတစ်ဦးဖြစ်တာကြောင့်လည်း ဘာစီလိုနာအသင်းမှာတော့နေရာစုံမှာ ကစားရဖို့အလားအလာရှိနေတဲ့ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ဒါကြောင့် ကော်တင်ညိုအနေနဲ့ ဘာစီလိုနာအသင်းမှာတော့ ဘယ်လိုနေရာတွေမှာကစားရဖို့ရှိနေသလဲ။ ဘယ်လောက်အထိ အကျိုးပြုနိုင်မလဲဆိုတာကလည်း လူတိုင်းက သိချင်နေကြတဲ့အရာလို့ ပြောရမှာလည်း ဖြစ်ပါတယ်။

**အင်နီယေစတာ၏နေရာဆက်ခံသူ**

တကယ်တော့ကော်တင်ညိုဟာ အသက် (၃၃နှစ်)ရှိပြီဖြစ်တဲ့ အင်နီယေစတာရဲ့ နေရာမှာ အစားထိုးနိုင်ဖို့အတွက် ဘာစီလိုနာအသင်းက နှစ်ရှည်ရည်မှန်းချက်နဲ့ ခေါ်ယူထားခြင်းခံရတဲ့သူ ဖြစ်ပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး Skysports စပိန်ဘောလုံးရေးရာ ကျွမ်းကျင်သူဘယ်ဂူရီက "ကော်တင်ညိုဟာ အင်နီယေစတာရဲ့ နေရာမှာဆက်ခံဖို့အတွက် ခေါ်ယူခဲ့တယ်ဆိုတာကတော့ သိသာပါတယ်၊ အခုအချိန်မှာတော့သူ့ကို အင်နီယေစတာနဲ့တော့ နှိုင်းယှဉ်ဖို့ဆိုတာကတော့ မဖြစ်နိုင်ပါဘူး၊ အင်နီယေစတာဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားတစ်ဦး ဖြစ်ပါတယ်၊ ဒါပေမယ့် ဘာစီလိုနာက သူတို့နှစ်ဦးစလုံးကိုအဆင်ပြေသလို ထားသုံးသွားမှာပါ" လို့လည်း ပြောဆိုခဲ့ပါတယ်။

ကော်တင်ညိုဟာ ဒီနှစ်ရာသီမှာတော့ ဘာစီလိုနာအသင်းနဲ့အတူ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ပါဝင်ကစားဖို့က မဖြစ်နိုင်ပါဘူး။ ဒါကြောင့်လည်း နည်းပြ ဗယ်လ်ဗာဒီကတော့ ကော်တင်ညိုကို ပြည်တွင်းပြိုင်ပွဲတွေမှာ အဓိကထားအသုံးပြုသွားဖို့ရှိတယ်လို့ ပြောရမှာပါ။ ဒါကြောင့်လည်း ကော်တင်ညိုဟာ ပြည်တွင်းပြိုင်ပွဲတွေမှာတော့ ဘတ်စကွတ် သို့မဟုတ် ပေါ်လင်ညို၊ ရာကီတစ်တို့နဲ့ တွဲဖက်ကစားရဖို့ရှိ နေနိုင်ပါတယ်။ ဒါပေမယ့် ဘာစီလိုနာအသင်းအနေနဲ့သူ့ကို ကွင်းလယ်ကစားသမားတစ်ဦးအနေနဲ့ လက်ခံကစားခိုင်းဖို့ရှိနေတယ်လို့တော့ ကံသေကံမ ပြောလို့မရပါဘူး။ သူ့ရဲ့အရည်အချင်းနဲ့နည်းစနစ်ပိုင်း ကောင်းမွန်မှုတွေကတော့ ကွင်းလယ်ကစားသမားတစ်ဦးထက်သာတယ်လို့ ပြောရမှာပါ။

ကောင်တင်ညိုရဲ့ အရည်အချင်းတွေအရ ပြောရမယ်ဆိုရင် သူဟာ ဘာစီလိုနာအသင်းမှာ လအနည်းငယ်အတွင်းမှာပဲ အသားကျကစားနိုင်မှာ သေချာပါတယ်။ သူရောက်လာတဲ့အတွက် အင်နီယေစတာအနေနဲ့ နေရာပျောက်သွားစရာရှိလာနိုင်တယ်လို့ ခန့်မှန်းရပေမယ့် သူ့ရဲ့အရည်အချင်းကောင်းတွေက လက်ရှိအချိန်အထိ လက်ခံစရာရှိနေပါသေးတယ်။ ဒါပေမယ့် အင်နီယေစတာဟာ ဘာစီလိုနာအသင်းမှာတော့ ပွဲတိုင်းပါဝင်ကစားနိုင်ဖို့အတွက် မဖြစ်နိုင်တော့ဘူးဆိုတာကတော့ ငြင်းလို့မရတဲ့အခြေအနေတစ်ခု ဖြစ်ပါတယ်။ ဒါပေမယ့် အင်နီယေစတာဟာ ကော်တင်ညိုအနေနဲ့ ဘာစီလိုနာအသင်းမှာ အသားကျကစားနိုင်ဖို့အတွက် ကူညီပေးနိုင်တဲ့ အဓိကကစားသမားတစ်ဦးအဖြစ်လည်း ရှိလာနိုင်ပါတယ်။

**မက်ဆီကို ပံ့ပိုးပေးနိုင်သူ**

ဘာစီလိုနာ အသင်းနည်းပြ ဗယ်လ်ဗာဒီဟာ တစ်ခါတစ်ရံမှာ ရှေ့တန်းတိုက်စစ်ပိုင်းမှာ မက်ဆီနဲ့ ဆွာရက်ဇ်တို့ကိုထားသုံးပြီး သူတို့နှစ်ဦးနောက်မှာတော့ ကော်တင်ညိုကို ထားသုံးနိုင်ပါတယ်။ အဲဒီနေရာဟာ နံပါတ် ၁၀ Role နေရာလို့တော့ အတိအကျပြောလို့ မရသလို တဖြည်းဖြည်းနဲ့ အသုံးပြုသွားနိုင်တယ် လို့တော့ မပြောနိုင်ပါဘူး။ ဒါပေမယ့် အဲဒီလိုသာ ကစားခိုင်းခဲ့မယ်ဆိုရင် ကော်တင်ညိုဟာ တိုက်စစ်မှူး မက်ဆီဂိုးသွင်းယူနိုင်ဖို့အတွက် နီးကပ်စွာ ပိုမိုကူညီပေးနိုင်ဖို့ ရှိနိုင်ပါတယ်။

ဒါမှလည်း ကော်တင်ညို ရောက်ရှိလာခဲ့ခြင်းဟာ မက်ဆီအတွက်တော့ အကျိုး ကျေးဇူးများစွာရှိတယ်လို့ ပြောရမှာပါ။ ကော်တင်ညိုဟာ ဘာစီလိုနာ အသင်းမှာတော့ မက်ဆီဂိုးတွေ ပိုမိုသွင်းယူပေးနိုင်ဖို့အတွက် ကူညီပေးနိုင်သလို ပြိုင်ဘက်ကစားသမားတွေအတွက်တော့ ကြောက်စရာ အကောင်းဆုံးတိုက်စစ်မှူး အဖြစ် တွေ့မြင်ရဖို့ရှိနေတဲ့သူလို့လည်း ပြောရမှာပါ။

**ဘာစီလိုနာ၏ တိုက်စစ်ပိုင်းတွင်ပါဝင်နိုင်သူ**

ကော်တင်ညိုဟာ ဘာစီလိုနာအသင်းမှာတော့ လီဗာပူးအသင်းမှာ ကစားခဲ့စဉ်ကလို တောင်ပံတိုက်စစ်နေရာကနေ ကစားဖို့လည်းရှိလာနိုင်ပါတယ်။ လက်ရှိအချိန်မှာ ဒမ်ဘာလီဟာ ဒဏ်ရာကပြန်လည်ကောင်းမွန်နေပြီဆိုပေမယ့် အသင်းမှာ အပြည့်အဝ ပါဝင်ကစားနိုင်ဖို့ကတော့ မသေချာသေးတဲ့ကစားသမားလို့ ပြောရမှာပါ။ ကော်တင်ညိုကတော့ရှေ့တန်း သုံးယောက်အနေနဲ့သာမက ဒမ်ဘီလီပြန်ကစားနိုင်တဲ့အချိန်ဆိုရင်တောင် တိုက်စစ်ပိုင်းမှာ လေးဦးအနေနဲ့ ကစားနိုင်ဖို့လည်းရှိလာနိုင်ပါတယ်။ ဒါကြောင့် ဘာစီလိုနာအသင်းအနေနဲ့ လိုအပ်မယ်ဆိုရင်နေရာစုံမှာ ကစားနိုင်စွမ်းရှိတဲ့ ကော်တင်ညိုကတော့ ရှေ့တန်းတိုက်စစ်ပိုင်းမှာလည်း တွေ့မြင်ရဖို့ရှိနေပါတယ်။

**ကောက်ချက်ဆွဲခြင်း**

ဘယ်လိုနေရာမျိုးမှာကစားကစား ကော်တင်ညိုလို ကစားသမားအတွက်ကတော့ ဘယ်လိုအခြေအနေဖြစ်ဖြစ် အေးအေးဆေးဆေးလို့သာ ပြောရမှာပါ။ ကော်တင်ညိုကိုခေါ်ယူဖို့ဆိုရင်လည်း မက်ဆီ၊ ဆွာရက်ဇ်တို့ရဲ့တောင်းဆိုမှုဖိအားတွေကြောင့် ပိုမိုခေါ်ယူဖြစ်ခဲ့တယ်လို့လည်း ပြောရမှာပါ။ ပြီးခဲ့တဲ့ ဒီဇင်ဘာလကတည်းကလည်း သူတို့နှစ်ဦးစလုံးက အသင်းအနေနဲ့ ချန်ပီယံလိဂ်ကို စိန်ခေါ်နိုင်ဖို့ဆိုရင် အသင်းအနေနဲ့ ထိပ်တန်းစူပါစတားကစားသမားတစ်ဦးကိုခေါ်ယူဖို့အသင်းကို ပြောဆိုထားခဲ့တာလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ကော်တင်ညိုရဲ့ အရွေ့ဟာ မက်ဆီ၊ ဆွာရက်ဇ်တို့အတွက်သာမက ဘာစီလိုနာအသင်းအတွက်တော့ အကောင်းမွန်ဆုံး အားဖြည့်မှုတစ်ခုအဖြစ် တွေ့မြင်ရဖို့ရှိတယ်လို့သာ ပြောရမှာပါ။ ။



တနင်္ဂနွေနေ့ ၁၄-၁-၁၈ **ဆိုစီဒက်စ် - ဘာစီလိုနာ**
**နံနက် ၂း၁၅**

## ဝေါလ်ကော့သ်အား ခေါ်ယူရန် အဲဗာတန်နှင့် ဆောက်သမ်တန် အသင်းတို့ ကြိုးစားနေ



အဲဗာတန်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့သည် ဇန်နဝါရီဈေးကွက်ကာလအတွင်းတွင် အာဆင်နယ်အသင်း တောင်ပံတိုက်စစ်ကစားသမား သီယိုဝေါလ်ကော့သ်အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၂၀ ဖြင့် ခေါ်ယူနိုင်ရန် အပြိုင်ကြိုးစားလျက်ရှိကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

အသက်(၂၈နှစ်)အရွယ်ရှိအင်္ဂလန်ကစားသမား ဝေါလ်ကော့သည် အာဆင်နယ်အသင်းမန်နေဂျာ အာစင်ဝင်းဂါး၏ ပထမပွဲထွက်ကစားသမားစာရင်းတွင် ပါဝင်ခွင့် နည်းပါးနေသူဖြစ်ပြီး အသင်းတာဝန်ရှိသူများအနေဖြင့် ဇန်နဝါရီဈေးကွက်ကာလအတွင်း၌ ဝေါလ်ကော့သ်အား ရောင်းချသွားရန် စဉ်းစားဖွယ်ရှိနေသည်။ တောင်ပံကစားသမား ဝေါလ်ကော့သ်သည် ၂၀၀၆ ခုနှစ် ဇန်နဝါရီလ အတွင်းတွင် ဆောက်သမ်တန်အသင်းမှ အာဆင်နယ်သို့ ပြောင်းရွှေ့ကြေး ပေါင်ငါးသန်းဖြင့် ပြောင်းရွှေ့လာသူ ဖြစ်သည်။

အဲဗာတန်အသင်းအနေဖြင့် အာဆင်နယ်အသင်းက ဝေါလ်ကော့သ်အား ပေးချေနေသည့် တစ်ပတ်လုပ်ခငွေ ပေါင် ၁၁၀၀၀၀နှင့် အနီးစပ်ဆုံး ပမာဏကို ပေးချေနိုင်မည်ဖြစ်သော်လည်း ဆောက်သမ်တန်အသင်းမှာမူ အသင်း၏ ဘဏ္ဍာရေးဆိုင်ရာ ထိန်းချုပ်မှုများ ရှိနေသောကြောင့် ဝေါလ်ကော့သ်အနေဖြင့် အသင်းဟောင်း ဆောက်သမ်တန်သို့ ပြန်လာမည်ဆိုပါက သူ၏ လုပ်ခငွေ ပမာဏကို လျှော့ယူရမည့် အခြေအနေတွင် ရှိနေကြောင်း သတင်းများတွင် ဆက်လက် ရေးသားထားသည်။

သို့သော်လည်း ယခုဇန်နဝါရီ ဈေးကွက်ကာလအတွင်းတွင် ဝေါလ်ကော့သ်၏ အပြောင်းအရွှေ့ဖြစ်ပေါ်လာရေးမှာ အသင်းဖော် တိုက်စစ်ကစားသမား အလက်ဇီဆန်းချက်ဇ်၏ အနာဂတ်အပေါ် မူတည်နေကြောင်း သတင်းများလည်း ထွက်ပေါ်နေသည်။ မန်နေဂျာ အာစင်ဝင်းဂါးအနေဖြင့် ဝေါလ်ကော့သ်၊ ဆန်းချက်ဇ်တို့၏နေရာတွင် အစားထိုးရမည့် ကစားသမားများ ခေါ်ယူနိုင်ခြင်းမရှိဘဲ နှစ်ဦးစလုံးအား ဇန်နဝါရီဈေးကွက်ကာလအတွင်း ရောင်းချသွားရန် လိုလားမှုမရှိဟု ဆိုသည်။ **ထက်အောင်**

## ဂျူဗင်တပ်စ်တိုက်စစ်မှူး ဒိုင်ဘာလာ၏ ပြောင်းရွှေ့ကြေး မြင့်တက်လာဖွယ်ရှိ



ပရီမီယာလိဂ်ကလပ် လီဗာပူးအသင်းသည် တောင်ပံတိုက်စစ် ကစားသမား ကော်တင်ညိုအား ဘာစီလိုနာအသင်းသို့ ရောင်းချခဲ့ပြီးနောက် ဂျူဗင်တပ်စ်တိုက်စစ်မှူး ပါယူလို ဒိုင်ဘာလာ၏ ပြောင်းရွှေ့ကြေး ပမာဏမှာလည်း ပိုမိုမြင့်မားလာနိုင်ကြောင်း အီတလီသတင်းစာများတွင် ရေးသားဖော်ပြထားသည်။

လီဗာပူးအသင်းသည် ဘရာဇီးတောင်ပံတိုက်စစ်ကစားသမား ကော်တင်ညို (၂၅နှစ်) အား ပြီးခဲ့သည့် စနေနေ့တွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကြေး ပေါင် ၁၄၅ သန်းဖြင့် ရောင်းချခဲ့ခြင်းဖြစ်သည်။ ကော်တင်ညိုသည် ကမ္ဘာ့ဒုတိယမြောက် ပြောင်းရွှေ့ကြေး အမြင့်မားဆုံး ကစားသမားဖြစ်လာခဲ့သူ ဖြစ်သည်။

လီဗာပူးအသင်းက တောင်ပံကစားသမား ကော်တင်ညိုအား ပြောင်းရွှေ့ကြေး ပမာဏ အများအပြားဖြင့် ရောင်းချခဲ့ခြင်းကြောင့် ဂျူဗင်တပ်စ်အသင်း တာဝန်ရှိသူများကလည်း အသင်း၏ အဓိက ကစားသမားတစ်ဦးဖြစ်သူ အာဂျင်တီးနားတိုက်စစ်မှူး ဒိုင်ဘာလာ၏ ပြောင်းရွှေ့ကြေးအဖြစ် ပေါင်သန်း ၁၅၀ ကျော် သတ်မှတ်နိုင်ကြောင်း အီတလီသတင်းစာ Tutto Sport က ရေးသားဖော်ပြခဲ့ခြင်း ဖြစ်သည်။

အသက် (၂၄နှစ်)အရွယ်ရှိ တိုက်စစ်မှူး ဒိုင်ဘာလာအား ပရီမီယာလိဂ်ကလပ် မန်ယူအသင်းက ခေါ်ယူရန် ဆက်သွယ်ကြိုးပမ်းမှုများ ပြုလုပ်လျက်ရှိသည်။ သို့သော်လည်း ဂျူဗင်တပ်စ်အသင်း အားကစားဒါရိုက်တာ မာရော့တာက တိုက်စစ်မှူး ဒိုင်ဘာလာအား ရောင်းချသွားရန် မရှိကြောင်း အခိုင်အမာ ပြောဆိုထားသည်။

"ဇန်နဝါရီဈေးကွက်ကာလအတွင်းမှာ ကလပ်အသင်းတွေအနေနဲ့ အသင်းကို ပြင်ဆင်အားဖြည့်ခွင့်ရကြပါတယ်၊ ဂျူဗင်တပ်စ်အသင်းကတော့ ကံကောင်းစွာနဲ့ နေရာတိုင်းမှာ ပြီးပြည့်စုံပြီးသားဖြစ်နေတယ်၊ ဒိုင်ဘာလာနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ပြောင်းရွှေ့ကြေး သတ်မှတ်ထားခြင်းမရှိပါဘူး၊ သူ့ကို ဈေးကွက်တင်ရောင်းချဖို့လည်း ကျွန်တော်တို့ ရည်ရွယ်ချက်မရှိဘူး" ဟု မာရော့တာက ပြောဆိုခဲ့သည်။

တိုက်စစ်မှူး ဒိုင်ဘာလာသည် ၂၀၁၅ ခုနှစ် နွေရာသီဈေးကွက်ကာလ အတွင်းတွင် ပါလာမိုအသင်းမှ ဂျူဗင်တပ်စ်သို့ ပြောင်းရွှေ့ကြေး ယူရို ၃၂ သန်းဖြင့် ပြောင်းရွှေ့လာသူဖြစ်ပြီး ၂၀၁၇ ခုနှစ် ဧပြီလအတွင်းတွင် ဂျူဗင်တပ်စ်အသင်းနှင့် ၂၀၂၂ ခုနှစ်အထိ သက်တမ်းရှိ စာချုပ်သစ် ချုပ်ဆိုခဲ့သူဖြစ်သည်။

**ထက်အောင်**

## ပရီမီယာလိဂ်ပွဲစဉ် (၂၃)

| စနေနေ့ | | | ၁၃-၁-၁၈ |
|---|---|---|---|
| ချယ်လ်ဆီး | - | လက်စတာ | ည ၉း၃၀ |
| ပဲလေ့စ် | - | ဘန်လေ | ည ၉း၃၀ |
| ဟက်ဒါဖီးလ် | - | ဝက်စ်ဟမ်း | ည ၉း၃၀ |
| ကာဆယ် | - | ဆွမ်ဆီး | ည ၉း၃၀ |
| ဝက်ဖို့ဒ် | - | ဆောက်သမ်တန် | ည ၉း၃၀ |
| ဝက်စ်ဘရွန်း | - | ဆောက်သမ်တန် | ည ၉း၃၀ |
| စပါး | - | အဲဗာတန် | နံနက် ၀၀း၀၀ |
| **တနင်္ဂနွေနေ့** | | | **၁၄-၁-၁၈** |
| ဘုန်းမောက် | - | အာဆင်နယ် | ည ၈း၀၀ |
| လီဗာပူး | - | မန်စီးတီး | ည ၁၀း၃၀ |
| **တနင်္လာနေ့** | | | **၁၅-၁-၁၈** |
| မန်ယူ | - | စတုတ် | နံနက် ၂း၃၀ |

## စပိန်လီဂါပွဲစဉ် (၁၉)

| သောကြာနေ့ | | | ၁၂-၁-၁၈ |
|---|---|---|---|
| ဂီတာဖေး | - | မာလာဂါ | နံနက် ၂း၃၀ |
| **စနေနေ့** | | | **၁၃-၁-၁၈** |
| ဂျီရိုနာ | - | လက်ပဲလ်မက်စ် | ည ၆း၃၀ |
| ရီးရဲ | - | ဗီလာရီးရဲ | ည ၉း၄၅ |
| အီဘာ | - | အက်သလက် | နံနက် ၀၀း၀၀ |
| ဒီပို့တီဗို | - | ဗလင်စီယာ | နံနက် ၂း၄၅ |
| **တနင်္ဂနွေနေ့** | | | **၁၄-၁-၁၈** |
| လီဗန်တေး | - | ဆဲလ်တာဗီဂို | ည ၅း၃၀ |
| အလာဗက်စ် | - | ဆီဗီလာ | ည ၉း၄၅ |
| အက်စ်ပန်ညို | - | ဘီဘာအို | နံနက် ၀၀း၀၀ |
| ဆိုစီဒက်စ် | - | ဘာစီလိုနာ | နံနက် ၂း၄၅ |
| **တနင်္လာနေ့** | | | **၁၅-၁-၁၈** |
| ဘက်တစ် | - | လီဂါနက်စ် | နံနက် ၂း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၂၀)

| သောကြာနေ့ | | | ၁၂-၁-၁၈ |
|---|---|---|---|
| စထရက်ဘော့ချ် | - | ဂူအင်ဂမ့် | နံနက် ၂း၄၅ |
| **စနေနေ့** | | | **၁၃-၁-၁၈** |
| ရိန်းစ် | - | မာဆေး | ည ၁၀း၃၀ |
| ကိန်း | - | လေလီ | နံနက် ၁း၃၀ |
| ဒီဂျွန် | - | မက်ဇ် | နံနက် ၁း၃၀ |
| မောင့်ပယ်လီယာ | - | မိုနာကို | နံနက် ၁း၃၀ |
| နိုက်စ် | - | အာမီယန် | နံနက် ၁း၃၀ |
| ထရွိုင်းယတ်စ် | - | ဘော်ဒိုး | နံနက် ၁း၃၀ |
| **တနင်္ဂနွေနေ့** | | | **၁၄-၁-၁၈** |
| စိန့်အက်တီယန် | - | တူးလောက်စ် | ည ၈း၃၀ |
| လိုင်ယွန် | - | အန်ဂျာစ် | ည ၁၀း၃၀ |
| နန့်စ် | - | ပီအက်စ်ဂျီ | နံနက် ၂း၃၀ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၂၁)

| အင်္ဂါနေ့ | | | ၁၆-၁-၁၈ |
|---|---|---|---|
| ဘော်ဒိုး | - | ကိန်း | နံနက် ၀၀း၃၀ |
| မာဆေး | - | စထရက်ဘော့ချ် | နံနက် ၀၀း၃၀ |
| မိုနာကို | - | နိုက်စ် | နံနက် ၂း၃၀ |
| **ဗုဒ္ဓဟူးနေ့** | | | **၁၇-၁-၁၈** |
| အာမီယန် | - | မောင့်ပယ်လီယာ | နံနက် ၀၀း၃၀ |
| အန်ဂျာစ် | - | ထရွိုင်းယတ်စ် | နံနက် ၀၀း၃၀ |
| ဂူအင်ဂမ့် | - | လိုင်ယွန် | နံနက် ၀၀း၃၀ |
| လိုင်လီ | - | ရိန်းစ် | နံနက် ၀၀း၃၀ |
| မက်ဇ် | - | စိန့်အက်တီယန် | နံနက် ၀၀း၃၀ |
| တူးလောက်စ် | - | နန့်စ် | နံနက် ၀၀း၃၀ |
| ပီအက်စ်ဂျီ | - | ဒီဂျွန် | နံနက် ၂း၃၀ |

## အက်ဖ်အေဖလားပြန်ကန်ပွဲများ

| အင်္ဂါနေ့ | | | ၁၆-၁-၁၈ |
|---|---|---|---|
| လက်စတာ | - | ဖလိဒ်ဝုဖ် | နံနက် ၁း၄၅ |
| မန်ဖီးလ် | - | ကာဒစ်ဖ် | နံနက် ၁း၄၅ |
| ဝက်စ်ဟမ်း | - | ရှဝ်ဘရီ | နံနက် ၁း၄၅ |
| ဆွမ်ဆီး | - | ဝုဖ် | နံနက် ၁း၄၅ |
| ချဲလ်ဆီး | - | နော့ဝ့ချ် | နံနက် ၁း၄၅ |
| ရှက်ဖီးလ် | - | ကာလီစလေ | နံနက် ၁း၄၅ |
| ရက်ဒင်း | - | စတီဗင်နေ့ရှ် | နံနက် ၁း၃၀ |
| **ဗုဒ္ဓဟူးနေ့** | | | **၁၇-၁-၁၈** |
| ဝီဂန် | - | ဘုန်းမောက် | နံနက် ၂း၄၅ |

ပရီမီယာလိဂ်ပွဲစဉ် ၂၃ ကို ဇန်နဝါ ရီ ၁၃ ရက်၊ ၁၄ ရက်၊ ၁၆ ရက်တွေမှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ အသင်းကြီးနှစ်သင်းဖြစ်တဲ့ လီဗာပူးနဲ့ မန်စီးတီးတို့ ဆုံတွေ့နေတာကြောင့် စိတ်ဝင်စားဖို့ကောင်းနေသလို လီဗာပူးအနေနဲ့ ပထမအကျော့တုန်းက မန်စီးတီးကို ငါးဂိုးပြတ်နဲ့ အရေးနိမ့်ခဲ့ရမှုကို ပြန်လည်ချေဖျက်နိုင်ပါ့မလားဆိုတာ စောင့်ကြည့်ရမှာပါ။ ဒါ့အပြင် ချယ်လ်ဆီးနဲ့အာဆင်နယ်တို့လည်းနိုင်ပွဲ ပြန်လည်ရယူနိုင်မလား ဆိုတာ စိတ်ဝင်စားဖို့ကောင်းနေပါတယ်။



## လီဗာပူး VS မန်စီးတီး

| တနင်္ဂနွေနေ့ | | | | ၁၄-၁-၁၈ |
|---|---|---|---|---|
| ပကျော့ | မန်စီးတီး | ၅ | ၀ | လီဗာပူး |

ကော်တင်ညိုမရှိတော့ပေမယ့် ဆာလတ်၊ မန်နေးတို့ရှိနေတဲ့ လီဗာပူးတိုက်စစ်ကအားကျသွားဖွယ်မရှိပါဘူး။ ဗန်ဒစ်ရောက်ရှိလာတာကြောင့်လည်း ခံစစ်ပိုင်းပိုမိုတောင့်တင်းလာနိုင်ပါတယ်။ အိမ်ကွင်းလည်းဖြစ်နေပါတယ်။ မန်စီးတီးကတော့ ခြေစွမ်းကောင်းနေတာမှန်ပေမယ့်ကြားရက်မှာကစားခဲ့ရမယ့် လိဂ်ဖလားဆီမီးပွဲကြောင့် ပွဲပန်းလာနိုင်ပါတယ်။ လီဗာပူး သရေလောက်ကစားနိုင်မယ်။



## ချယ်လ်ဆီး vs လက်စတာ

| ပကျော့ | လက်စတာ | ၁ | ၂ | ချယ်လ်ဆီး |
|---|---|---|---|---|

ချယ်လ်ဆီးတို့ အာဆင်နယ်ကို အနိုင်မရခဲ့တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ချယ်လ်ဆီးတိုက်စစ်က ဂိုးသွင်းခြေမငြိမ်ဘူးဆိုပေမယ့်လည်း လက်စတာခြေက အဝေးကွင်းပွဲတွေမှာ အားနည်းတတ်သလိုခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုကျဆင်းတတ်လို့ ဒီပွဲစဉ်မှာလက်စတာအနေနဲ့ ချယ်လ်ဆီးကို ထိန်းချုပ်နိုင်ဖို့ခက်ပါတယ်။ ချယ်လ်ဆီးအနေနဲ့ လိဂ်ဖလားပွဲကစားခဲ့ရတာကြောင့် ပွဲပန်းမှုတွေရှိလာနိုင်လို့ ဂိုးပြတ်ဖို့ခက်ပေမယ့်လည်း နိုင်ပွဲတော့ရယူနိုင်မယ်။

## ပဲလေ့စ် vs ဘန်လေ

| ပကျော့ | ဘန်လေ | ၁ | ၀ | ပဲလေ့စ် |
|---|---|---|---|---|

အိမ်ကွင်းဖြစ်တဲ့အပြင် တန်းမဆင်းရဖို့ အားစိုက်နေတဲ့ ပဲလေ့စ်ခြေကလည်း ကောင်းမွန်မှု အပြည့်ရှိနေပါတယ်။ တိုက်စစ်က အိမ်ကွင်းပွဲတွေမှာဆိုရင် ဂိုးသွင်းအားပိုမိုကောင်းမွန်တတ်ပြီး မန်စီးတီးကိုတောင် အိမ်ကွင်းမှာ သရေခံကစားနိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း ဘန်လေရဲ့ ခြေကလည်း ကောင်းမွန်မှုရှိပြီး အဝေးကွင်းပွဲတွေမှာ အသင်းလိုက်ခြေစွမ်းပိုင်းရော တုံ့ပြန်ကစားပုံပါ ကောင်းမွန်မှုရှိတတ်တာကြောင့် ပဲလေ့စ်တို့ ဒီပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဘန်လေ သရေရမယ်။

## ဟက်ဒါဖီးလ် vs ဝက်စ်ဟမ်း

| ပကျော့ | ဝက်စ်ဟမ်း | ၂ | ၀ | ဟက်ဒါဖီးလ် |
|---|---|---|---|---|

ပထမအကျော့ကစားခဲ့တုန်းက ဝက်စ်ဟမ်းတို့ အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ခဲ့ပါတယ်။ ဒီပွဲမှာတော့ ဟက်ဒါဖီးလ်အနေနဲ့ အိမ်ကွင်းဖြစ်နေတဲ့အပြင် သုံးပွဲဆက်တိုက်အနိုင်မရခဲ့တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒါပေမယ့် ဝက်စ်ဟမ်းခြေကလည်း ကောင်းမွန်မှုရှိနေပြီး စပါးကိုတောင် သရေခံကစားနိုင်ခဲ့တာကို တွေ့ရပါတယ်။ ဝက်စ်ဟမ်းအဝေးကွင်းဖြစ်နေပေမယ့်လည်း အမှတ်လိုနေတာကြောင့် အားစိုက်ကစားလာမှာဖြစ်သလို သရေလောက်ရမယ်။

## ဝက်ဖို့ဒ် vs ဆောက်သမ်တန်

| ပကျော့ | ဆောက်သမ်တန် | ၀ | ၂ | ဝက်ဖို့ဒ် |
|---|---|---|---|---|

ဝက်ဖို့ဒ်တို့လက်ရှိအချိန်မှာ ခြေစွမ်းပိုင်း တည်ငြိမ်မှုအားနည်းနေပါတယ်။ အိမ်ကွင်းပွဲမှာတောင် ဆွမ်ဆီးကို ရှုံးနိမ့်ခဲ့ရပါတယ်။ ဒါပေမယ့် ရလဒ်တွေ ဆက်တိုက်ဆိုးရွားခဲ့တာကြောင့် ဝက်ဖို့ဒ်တို့ ဒီအိမ်ကွင်းပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ ဒါ့အပြင် ဆောက်သမ်တန်ခြေကလည်း လက်ရှိအချိန်မှာ အားနည်းမှုတွေရှိနေတာကြောင့် ဝက်ဖို့ဒ်တို့ အနိမ့်ဆုံးသရေလောက်ကစားနိုင်မယ်။

## ဝက်စ်ဘရွန်း vs ဘရိုက်တန်

| ပကျော့ | ဘရိုက်တန် | ၃ | ၁ | ဝက်စ်ဘရွန်း |
|---|---|---|---|---|

ဘရိုက်တန်က အဝေးကွင်းပွဲတွေမှာဆိုရင် တိုက်စစ်ပိုင်းကစားပုံအားနည်းမှုတွေရှိတတ်ပါတယ်။ ဝက်စ်ဘရွန်းက အခု အချိန်မှာ ခြေစွမ်းပိုင်း မတည်ငြိမ်ပေမယ့် အိမ်ကွင်းမှာ အာဆင်နယ်ကိုတောင် သရေကစားနိုင်ခဲ့တာကို သတိပြုရမှာပါ။ အမှတ်လိုနေတဲ့ ဝက်စ်ဘရွန်းအိမ်ကွင်း မှာ အားစိုက်ကစားမှာဖြစ်ပြီး ပထမအကျော့ ရှုံးကြွေးကိုလည်း ပြန်ဆပ်နိုင်ဖို့အားစိုက်မှာပါ။ ဝက်စ်ဘရွန်းကပ်နိုင်မယ်။

## ကာဆယ် vs ဆွမ်ဆီး

| ပကျော့ | ဆွမ်ဆီး | ၀ | ၁ | ကာဆယ် |
|---|---|---|---|---|

ဆွမ်ဆီးခြေက အားနည်းမှုတွေများနေဆဲ ဖြစ်ပါတယ်။ ကာဆယ်ကတော့ အိမ်ကွင်းဖြစ်တာကြောင့် အားစိုက်ကစားလာမှာဖြစ်တဲ့အပြင် အိမ်ကွင်းပွဲတွေမှာဆိုရင် ကစားပုံကောင်းမွန်တတ်ပါတယ်။ မန်စီးတီးကိုတောင် ကာဆယ်တို့ အိမ်ကွင်းမှာ အကောင်းဆုံးခံကစား နိုင်ခဲ့ပါတယ်။ ကာဆယ် ဂိုးသွင်းခြေ အားနည်းပေမယ့် ဒီပွဲမှာ နိုင်ပွဲကပ်ရသွားဖို့ ရှိပါတယ်။

## ဘုန်းမောက် vs အာဆင်နယ်

| ပကျော့ | အာဆင်နယ် | ၃ | ၀ | ဘုန်းမောက် |
|---|---|---|---|---|

နှစ်ပွဲဆက်တိုက်အနိုင်မရခဲ့တဲ့ အာဆင်နယ်အနေနဲ့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေတယ်။ ဒါပေမယ့်လည်း အာဆင်နယ်အနေနဲ့ လိဂ်ဖလားဆီမီးဖိုင်နယ်ပွဲအဖြစ် ချယ်လ်ဆီးနဲ့ကြားရက်မှာ ကစားခဲ့ရတာကြောင့် ပွဲပန်းမှုရှိနိုင်ပါတယ်။ ဘုန်းမောက်ကလည်း အမှတ်လိုနေတာကြောင့် အိမ်ကွင်းမှာ အားစိုက်ကစားလာမှာ ဖြစ်နေတာကို သတိပြုရမှာပါ။ အာဆင်နယ် ဂိုးပြတ်နိုင်ဖို့ခက်ပါတယ်။

## စပါး vs အဲဗာတန်

| ပကျော့ | အဲဗာတန် | ၀ | ၃ | စပါး |
|---|---|---|---|---|

သုံးပွဲဆက်တိုက် အနိုင်မရခဲ့လို့ဒီပွဲမှာ အဲဗာတန်တို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ အဲဗာတန်ရဲ့ ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိပါတယ်။ ဒါပေမယ့်လည်း စပါးခြေက ကောင်းမွန်နေကာ ဝက်စ်ဟမ်းကို အနိုင်မရခဲ့တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အိမ်ကွင်းမှာစပါးတို့ နိုင်ပွဲရယူနိုင်ဖို့ရှိနေပါတယ်။

## မန်ယူ vs စတုတ်

| ပကျော့ | စတုတ် | ၂ | ၂ | မန်ယူ |
|---|---|---|---|---|

စတုတ်က တန်းမဆင်းရဖို့အတွက် အားစိုက်ကစားနေပါတယ်။ ဒါပေမယ့် စတုတ်ရဲ့ ခြေစွမ်းကတော့ အဝေးကွင်းပွဲတွေမှာ အားနည်းတတ်ပါတယ်။ အထူးသဖြင့် စတုတ်ရဲ့ ခံစစ်ပိုင်းက အဝေးကွင်းပွဲတွေမှာ ပိုမိုအားနည်းတတ်တာကြောင့် ဒီပွဲစဉ်မှာလည်း မန်ယူရဲ့ဖိအားပေးမှုကို ခံရနိုင်ပါတယ်။ မန်ယူကတော့ လက်ရှိအချိန်မှာ တိုက်စစ်ပိုင်းက ဂိုးသွင်းခြေကျဆင်းနေပေမယ့် ဒီပွဲစဉ်မှာတော့ မန်ယူပဲ အနိုင်ရမယ်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ကချင်ပြည်နယ် ကုသရေးဦးစီးဌာန၊**
**မြစ်ကြီးနားမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

(၁) ကချင်ပြည်နယ် ကုသရေးဦးစီးဌာန လက်အောက်ရှိ ဆေးရုံများအတွက် လိုအပ်သောဆေးနှင့် ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

(၂) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၁-၂၀၁၈ရက်
**ပိတ်သိမ်းမည့်ရက်** - ၃၁-၁-၂၀၁၈ရက်
ညနေ ၁၆း၀၀ နာရီ

(၃) တင်ဒါစည်းမျဉ်းစည်းကမ်းနှင့်ဆေးဝါးစာရင်း အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကချင်ပြည်နယ် ကုသရေးဦးစီးဌာနများရုံးသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဖုန်းဖြင့် (၀၇၄-၂၅၂၂၃၄၂) သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

---

**ပြည်ထဲရေးဝန်ကြီးဌာန**
**အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး**

## ရိက္ခာဆန်ဝယ်ယူရေး(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အကျဉ်းဦးစီးဌာန၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး ကွပ်ကဲမှုအောက် အကျဉ်းထောင်/စခန်းများရှိ အကျဉ်းသားများအတွက် ၂၀၁၈ ခုနှစ်အတွင်း လိုအပ်သော ရိက္ခာဆန် ၅၆၉၈ အိတ်အား အကျဉ်းထောင်အရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းရန် ခေါ်ယူအပ်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်/နေရာ** - ၉-၁-၂၀၁၈ရက်မှ၃၁-၁-၂၀၁၈ရက်ထိ၊ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ အကျဉ်းဦးစီးဌာန
**တင်ဒါဖွင့်မည့်ရက်/အချိန်/နေရာ** - ၁၄-၂-၂၀၁၈ရက်(ဗုဒ္ဓဟူးနေ့) ၉း၀၀နာရီ၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊မကွေးမြို့

၂။ အိတ်ဖွင့်တင်ဒါ(၁)စုံလျှင် ၁၀၀၀၀ိ/-နှုန်းဖြင့် ရောင်းချသွားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို အောက်ပါဖုန်းနံပါတ်များသို့ စုံစမ်းနိုင်ပါသည်-

**ရုံးဖုန်း** - ၀၆၃-၂၀၂၈၃၈၆၊ ၀၆၃-၂၀၂၈၃၈၇၊ ၀၆၃-၂၀၂၈၃၈၈
(မကွေးတိုင်းဒေသကြီး၊ အကျဉ်းဦးစီးဌာန)

**တင်ဒါစိစစ်ရေးအဖွဲ့၊ မကွေးတိုင်းဒေသကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန**

---

**ရန်ကုန်ရွက်လှေအသင်း**
**နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားခြင်း**

ရန်ကုန်ရွက်လှေအသင်း အသင်းသားများအနေဖြင့် အောက်ဖော်ပြပါ နေ့ရက်၊ နေရာနှင့်အချိန်တို့တွင် နှစ်ပတ်လည်အစည်းအဝေး ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက်တက်ရောက်ကြပါရန်ဖိတ်ကြားအပ်ပါသည်-

နေ့ရက်၊ ၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၂၈)ရက်
နေရာ ၊ ရန်ကုန်ရွက်လှေအသင်း
အချိန် ၊ ၁၀း၃၀ နာရီ

**အတွင်းရေးမှူး**
**ရန်ကုန်ရွက်လှေအသင်း**

---

**ရန်ကုန်နည်းပညာတက္ကသိုလ်**
**(၄၉)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း**

၁။ ရန်ကုန်နည်းပညာတက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့ပြီး ၂၀၁၇ခုနှစ် မတ် ၁၈ ရက် နောက်ပိုင်းမှစ၍ ဘွဲ့ရအောင်စာရင်းထုတ်ပြန်ခဲ့သော ဘွဲ့လွန်ဒီပလိုမာသင်တန်းများ (အင်ဂျင်နီယာ/ဗိသုကာ/အင်ဂျင်နီယာဘူမိဗေဒ)၊ မဟာသိပ္ပံဘွဲ့သင်တန်းများ (အင်ဂျင်နီယာ/ဗိသုကာ)၊ အသုံးချသိပ္ပံမဟာဘွဲ့သင်တန်း (အင်ဂျင်နီယာဘူမိဗေဒ)၊ မဟာဘွဲ့(အင်ဂျင်နီယာ/ဗိသုကာ)သင်တန်းများနှင့် ပါရဂူဘွဲ့ (အင်ဂျင်နီယာ/ဗိသုကာ) သင်တန်းအသီးသီးမှ ဘွဲ့ရရှိခဲ့ကြသူများအတွက် ဘွဲ့နှင်းသဘင်ကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

**ကျင်းပမည့်ရက်** - ၁၀-၃-၂၀၁၈ရက် (စနေနေ့)
**ကျင်းပမည့်နေရာ** - ရန်ကုန်နည်းပညာတက္ကသိုလ်၊ စုဝေးခန်းမ
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ
**ဘွဲ့နှင်းသဘင်ကြေး** - ကျပ် ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်
**အဝေးရောက်ဘွဲ့ကြေး** - ကျပ် ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ) လျှောက်လွှာနှင့်အတူပေးသွင်းရန်
**အစမ်းလေ့ကျင့်ရက်** - ၉-၃-၂၀၁၈ရက် (သောကြာနေ့) နံနက် ၉း၀၀နာရီမှ မွန်းတည့် ၁၂း၀၀နာရီအထိ
**လျှောက်လွှာတင်သွင်းရမည့်ရက်** - ၁၅-၁-၂၀၁၈ရက်မှ ၉-၂-၂၀၁၈ရက်အထိ

၂။ ဘွဲ့လျှောက်လွှာတင်သွင်းလိုသူများသည် ရန်ကုန်နည်းပညာတက္ကသိုလ်တွင် သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် သုံးလအတွင်း ရိုက်ကူးထားသော နှစ်လက်မ×တစ်လက်မခွဲအရွယ် ရောင်စုံဓာတ်ပုံသုံးပုံပူးတွဲ၍ ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန်ဟု ထင်ရှားစွာဖော်ပြလျှောက်ထားရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု လျှောက်လွှာတင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို တစ်နှစ်အတွင်း ထုတ်ပေးမည်မဟုတ်ပါ။

၃။ ၂၀၁၇ ခုနှစ် မတ် ၁၈ ရက်မတိုင်မီ ဘွဲ့ရအောင်စာရင်းထုတ်ပြန်ခဲ့သော ဘွဲ့ရရှိခဲ့သူများသည် အဝေးရောက်ဘွဲ့သာ လျှောက်ထားရမည်။

၄။ ဘွဲ့လျှောက်လွှာနှင့်အတူ ဘွဲ့လျှောက်ထားမည့်သူနှင့် မိဘနှစ်ပါး၊ စုစုပေါင်း သုံးဦးတို့၏ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ မိတ္တူတင်ပြလျှောက်ထားရမည်။

**မှတ်ချက်။** ။ အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက ရန်ကုန်နည်းပညာတက္ကသိုလ် ကျောင်းသားရေးရာဌာန၊ ဖုန်း-၀၁-၃၆၄၂၄၁၃၊ ၀၁-၉၆၆၅၇၅၃ တို့တွင် စုံစမ်းနိုင်ပါသည်။

**အမိန့်အရ-**

**(ဒေါက်တာအေးအေးစန်း)**
**ဌာနမှူး(သင်တန်းရေးရာ)**
**ရန်ကုန်နည်းပညာတက္ကသိုလ်**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ကမ္ဘာ့ဘဏ်၏ချေးငွေဖြင့် ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ညွှန်ကြားရေးမှူး(ဝယ်ယူဖြန့်ဖြူးရေး)၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ရုံးအမှတ်(၄)၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန နေပြည်တော်သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၆-၁-၂၀၁၈ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃၀-၁-၂၀၁၈ ရက်၊ မွန်းလွဲ ၂း၀၀နာရီ
**ဆက်သွယ်ရန်ဖုန်းနံပါတ်** - ၀၆၇-၄၁၁၅၁၀၊ ၀၉-၄၄၉၈၄၀၄၀၈၂

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**စိတ်ကျန်းမာရေးဆေးရုံကြီး-မန္တလေးမြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးမြို့၊ စိတ်ကျန်းမာရေးဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများကုသပေးရန် လိုအပ်သောဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၁၅-၁-၂၀၁၈ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၉-၁-၂၀၁၈ရက် - ညနေ ၄း၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ပစ္စည်းစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ဆေးရုံအုပ်ကြီး၊ စိတ်ကျန်းမာရေးဆေးရုံကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၈၅-၄၀၂၈၄၊ ၀၈၅-၄၀၂၈၅၊ ၀၉-၉၆၂၀၅၈၄၄၃**

---

**ပဲခူးတိုင်းဒေသကြီးအစိုးရ**
**တောင်ငူမြို့**
**တောင်ငူမြို့ အဆင့်မြင့် Commercial Complex အဆောက်အအုံ ဆောက်လုပ်ရေးအတွက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၈-၂၀၁၉ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရမှ တောင်ငူမြို့ အဆင့်မြင့် Commercial Complex အဆောက်အအုံဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမျိုးအစားမှာ မြေဧက ၃ဒသမ၃၆တွင် တည်ဆောက်မည့်ဆိုင်ခန်းပေါင်း ၁၅၄၀ ခန်းပါဝင်သော အဆင့်မြင့်ဈေး-နှစ်ထပ် (Ground Floor to First Floor)၊ ရုံးခန်းနှင့် ဈေးဝယ်စင်တာ-နှစ်ထပ် (Second Floor to Third Floor)၊ ရေကူးကန်နှင့်အားကစားခန်းမ အပါအဝင် အိမ်ရာတိုက်ခန်း ၆၀-ခုနစ်ထပ် (Fourth Floor to Eleventh Floor) အထိ ပါဝင်သော တစ်ဆယ့်နှစ်ထပ်အဆောက်အအုံဖြစ်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များနှင့် အိတ်ဖွင့်တင်ဒါပုံစံများကို ကုမ္ပဏီမှတ်ပုံတင်မိတ္တူနှင့် ကုမ္ပဏီ Profile များတင်ပြ၍ ငွေကျပ်တစ်သိန်းပေးသွင်းပြီး သတင်းစာကြော်ငြာပါသည့်ရက်မှ တစ်လအတွင်း (ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ စည်ပင်သာယာရေးဌာနစိတ်၊ ပဲခူးမြို့)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက ဖုန်း-၀၅၂-၂၂၀၁၈၃၉၊ ၀၅၂-၂၂၀၁၈၄၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပဲခူးတိုင်းဒေသကြီးအစိုးရ၊ တောင်ငူအဆင့်မြင့်မြို့မဈေး**
**အဆောက်အအုံစီမံကိန်းကော်မတီ**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**
**၂၀၁၇ခုနှစ် တရားမကြီးမှုအမှတ်-၃၅၇**

HTAY ONE Services Agent Co.,Ltd **နှင့်** ၁။ ဒေါ်တင်ဌေး
(၎င်း၏မန်နေးဂျင်းဒါရိုက်တာ-ဦးသိန်းဌေး) ၂။ ဒေါ်မိုးမိုးဝင်း

**တရားလို** **တရားပြိုင်များ**

ရွာတော်(တောင်)ကျေးရွာ၊ ပန်းတွင်းကြီးကျေးရွာအုပ်စု၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင်နေထိုင်သူ အမှတ်(၁)တရားပြိုင်ဒေါ်တင်ဌေးနှင့် မောင်းတိုင်(၂)ရပ်ကွက်၊ တောင်တွင်းကြီးမြို့နယ်၊ မကွေးတိုင်းဒေသကြီးတွင်နေထိုင်သူ အမှတ်(၂)တရားပြိုင် ဒေါ်မိုးမိုးဝင်း (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ၈-၁၂-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူဝန်ခံချက်အရ လျော်ကြေးငွေကျပ် ၁၅၀၀၀၀၀ိ(ကျပ်သိန်းတစ်ရာ့ငါးဆယ်တိတိ)နှင့် ဝန်ဆောင်ခငွေကျပ် ၂၀၀၀၀၀ိ(ကျပ်သိန်းနှစ်ဆယ်တိတိ)ရလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းတို့ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၃၁ရက် (၁၃၇၉ ခုနှစ် တပို့တွဲလပြည့်နေ့)မွန်းမတည့်မီ ၁၀း၀၀နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းထွန်းဦး)**
**တွဲဖက်ခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

---

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅/ထန်းတပင်ရပ်)၊ မြရွှေဝါ(၁)လမ်းရှိ မြေကွက်အမှတ်(ဒ-၆၁၃၆)၊ ဧရိယာ ၀ ဒသမ ၀၅၅၈ဧက၊ ဒေါ်လေးမွန်(ခ) မွေးမွေး(ဘ)ဦးခင်ဝင်း ၉/ပမန(နိုင်)၀၀၇၄၆၅ အမည်ပေါက်ပါမစ်မြေကွက်အား ဦးပြည့်လင်းအောင်(ဘ)ဦးခင်လတ် ၁၃/တကန(နိုင်)၁၅၀၅၉၇ မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မှုရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---

**Philosophy, Policy and Practice: Myanmar Economic Experience**
**ဆွေးနွေးပွဲဖိတ်ကြားလွှာ**

မြန်မာ့ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရာတွင် လက်ရှိအခြေအနေနှင့် ဆီလျော်ပြီး ခိုင်မာသည့်မူဝါဒများ ချမှတ်နိုင်မှသာ ပြုပြင်ပြောင်းလဲရေးခရီးစဉ် ဖြောင့်ဖြူးမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များကို အချိန်မနှောင်းမီ လှမ်းကိုင်နိုင်မည်ဖြစ်ပါသည်။

ဒဿနအမြင်ကို အခြေခံ၍ မူဝါဒချမှတ်ခြင်းမှသည် အဆင့်ဆင့်အကောင်အထည်ဖော် လက်တွေ့ကျင့်သုံးသည်အထိ လုပ်ငန်းစဉ်တွင် နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍ (၃) ရပ် ချိတ်ဆက်နေဖို့ လိုအပ်သလို၊ ကဏ္ဍတစ်ရပ်စီတွင်လည်း ကဏ္ဍဆိုင်ရာ ဒဿနအမြင်၊ မူဝါဒနှင့်လက်တွေ့ကျင့်သုံးမှုတို့သည် အချင်းချင်းချိတ်ဆက်နေရန် လိုအပ်ပါသည်။

စီးပွားရေးပြုပြင်ပြောင်းလဲမှုတွင် မူဝါဒချမှတ်သူများ၊ ဖော်ဆောင်သူများ၊ မူဝါဒချမှတ်ခြင်းနှင့် ဖော်ဆောင်ခြင်းလုပ်ငန်းစဉ်တွင် သက်ဆိုင်ပါဝင်သူများအနေဖြင့် အထက်ပါလိုအပ်ချက်များအား စဉ်းစားဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကုန်သည်စက်မှုအသင်းချုပ်၏ ဇန်နဝါရီလ လစဉ်ပညာရှင်များ ဆွေးနွေးပွဲကို 'Philosophy, Policy and Practice: Myanmar Economic Experience' ခေါင်းစဉ်ဖြင့် အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။

**ဆွေးနွေးပွဲ** - Philosophy, Policy and Practice: Myanmar Economic Experience
မြန်မာ့စီးပွားရေးဖြတ်သန်းမှု-ဒဿနအမြင်၊ မူဝါဒနှင့်လက်တွေ့ကျင့်သုံးခြင်း
**ဆွေးနွေးမည့်ပုဂ္ဂိုလ်များ** - ဒေါက်တာထွန်းအောင် (ဒုတိယပါမောက္ခချုပ်-ရန်ကုန်စီးပွားရေးတက္ကသိုလ်)
ဦးအောင်နိုင်ဦး (ညွှန်ကြားရေးမှူးချုပ်-DICA)
ဦးသောင်းတင် (ဒုတိယဥက္ကဋ္ဌ-ကုန်သည်စက်မှုအသင်းချုပ်)
ဦးအောင်စိုးသာ (ဗဟိုအလုပ်အမှုဆောင်-ကုန်သည်စက်မှုအသင်းချုပ်)
Moderator -ဒေါ်ခိုင်ခိုင်နွယ် (တွဲဖက်အထွေထွေအတွင်းရေးမှူး-ကုန်သည်စက်မှုအသင်းချုပ်)
**နေ့ရက်** - ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်(စနေနေ့)
**အချိန်** - မွန်းလွဲ ၂း၀၀နာရီ
**နေရာ** - မင်္ဂလာခန်းမ၊ ကုန်သည်စက်မှုအသင်းချုပ် အမှတ် (၂၉)၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

သက်ဆိုင်ရာဌာနများမှ ပညာရှင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ သတင်းမီဒီယာများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။

**ကုန်သည်စက်မှုအသင်းချုပ်**

---

## CLAIMS DAY NOTICE

**M.V ARABIAN SEA VOY:NO (AS001S)**

Consignees of cargo carried by M.V ARABIAN SEA VOY:NO (AS001S) are here by notified that the vessel will arrive on about 14-1-18 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## CLAIMS DAY NOTICE

**M.V MORNING MIDAS**

Consignees of cargo carried by M.V MORNING MIDAS are here by notified that the vessel will arrive on about 16-1-18 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 04:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့်တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

---

## စက်သုံးဆီအရောင်းဆိုင်အားအရစ်ကျဖြင့်ရောင်းပါမည်

ရန်-မန်းလမ်းဟောင်းပေါ်ရှိ (၂၆၇)မိုင်တိုင်အနီးခန့်တွင်ရှိပြီး စက်ရုံဂရန်ရရှိပြီးသော စက်သုံးဆီအရောင်းဆိုင်အား မျက်မြင်အနေအထားအတိုင်း လက်လွှဲရောင်းချပါမည်။

**ဖုန်း-၀၉-၇၇၇၇၁၇၂၉၂၊ ၀၉-၇၇၇၇၁၅၈၀၈၊**
**၀၉-၅၄၁၇၇၁၊ ၀၉-၄၉၀၀၇၇၇၇**

---

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်သူ ၁၀/ကမရ(နိုင်)၁၁၂၄၄၅ ၏ (Passport-No) မမှတ်မိသည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၀၁၆၅၀၇၀**

---

## အကြောင်းပြရန်ပေးသည့်အကြောင်းကြားစာ

**ကျိုက်ထိုမြို့နယ်တရားရုံးတော်၌**
**၂၀၁၇ ခုနှစ် တရားမအထွေထွေမှုအမှတ်(၁)**

ဒေါ်ကြည်သန်း **နှင့်** ၁။ ဒေါ်အဘိရူပနန္ဒီ(ခ)ဒေါ်အေးအေးမွန်
၂။ ဒေါ်အေးအေးမြင့်

**လျှောက်ထားသူ** **လျှောက်ထားခံရသူများ**

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ဇေယျာမွန်ရပ်ကွက်(၄)လမ်းတွင် နေထိုင်ခဲ့သူ လျှောက်ထားခံရသူ အမှတ်(၂)ဒေါ်အေးအေးမြင့်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

အထက်အမည်ပါသူ ဒေါ်ကြည်သန်းမှ ဤရုံးသို့ တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၅၈အရ ပညတ်ဝရမ်းခွာပေးပါရန် လျှောက်ထားလာသည်ဖြစ်၍ သင်က ဤအလွှာအတိုင်း အမိန့်မချသင့်ကြောင်းနှင့် အကြောင်းပြရန် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၂ရက်(၁၃၇၉ ခုနှစ် တပို့တွဲလဆန်း၆ ရက်) နံနက် ၁၀း၃၀ နာရီတွင် သင်ကိုယ်တိုင်ဖြစ်စေ၊ နေရာတကျပြောကြားပြီး သင့်ရှေ့နေကဖြစ်စေ ဤရုံးသို့လာရောက်ရမည်။ မလာရောက်ရှိခဲ့လျှင် အဆိုပါလျှောက်ထားချက်ကို သင့်ကွယ်ရာတွင် တစ်ဖက်သတ်ပြုလုပ်၍ ကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၈ခုနှစ် ဇန်နဝါရီ ၈ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်စုထွေး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**ကျိုက်ထိုမြို့နယ်တရားရုံး**

---

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

